


သိန်းမင်းစာပေ
လုံးချင်းဝတ္ထုသစ်
စွဲမက်သျှင်
ပိတောက်မြိုင်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၇၇၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၆၉၆၀၆၀၇

❒

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်
အုပ်ရေ ၅၀၀

❒

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

❒

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❒

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❒

**တန်ဖိုး** ၁၀၀ ကျပ်

❒

**ကွန်ပျူတာ**
**Dream City**

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပိတောက်မြိုင်မှတ်တမ်း

## စွဲမက်သျှင်

# အပွင့်တစ်

မိုးရွာသလို သဲသဲမဲမဲ ကျနေသည့် ဆီးနှင်းများကြောင့် ကားအရှေ့ကို ငါးပေထက်ပို၍ မမြင်ရတော့ပေ။

လမ်းသည် ကျဉ်းမြောင်းလွန်းပြီး အကွေ့အကောက်များ၊ အတက်အဆင်းများကပါ များပြားလွန်းလှသည့်အပြင် ကားမောင်းလာသူရော ကားပေါ်တွင် စီးလာသူများပါ ဒီအရပ်ဒီဒေသနှင့် အစိမ်းသက်သက်များ ဖြစ်ကြတာမို့ ကားကလေးကို ရှေ့ဆက်မမောင်းနိုင်တော့ဘဲ ထိုးရပ်လိုက်ရတော့သည်။

တကယ်တော့ မိုးမချုပ်သေးပါ။ သို့သော် ရုတ်တရက်ဆိုးဝါးလာသည့် ရာသီဥတုကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မိုက်နေလေသည်။

အဖြူရောင်ဆလွန်းကားလေးကို မောင်းနှင်လာသူသည် အသက်ငါးဆယ်ကျော် ဦးလေးကြီးဖြစ်ပြီး ကားလေးပေါ်တွင် စီးနင်းလိုက်ပါလာသူများကတော့ မိန်းမသားချည်း လေးယောက်တိတိ ဖြစ်လေသည်။

မိန်းကလေးများသည် ရာသီဥတုကိုရော ပတ်ဝန်းကျင်ကိုကြောက်လန့်နေကြသည့်အတွက် တစ်ယောက်လက်ကိုတစ်ယောက် ခပ်တင်းတင်း ဆုပ်ကိုင်ထားကြရလေသည်။

"ဦးလေး ဘာ... ဘာဖြစ်လို့ ကားကို ရပ်ပစ်လိုက်ရတာလဲ"

"ဆက်မောင်းလို့ မရတော့ဘူး တူမကြီး လမ်းကိုလဲမမြှုမ်းကျင် ရာသီဥတုကဆိုးနေတာ ကားမီးထိုးထားတာတောင်မှ အရှေ့ကို မမြင်ရဘူးကွယ့် ဒီတော့ မမြင်မစမ်းနဲ့ ရမ်းသန်းမောင်းနေတာထက် အခုလို ရပ်ထားတာကမှ အန္တရာယ်ကင်းလိမ့်ဦးမယ်"

"ဟုတ်တယ် မော်၊ မမြင်မစမ်းနဲ့ မောင်းလို့ ချောက်တွေ ဘာတွေထဲ ချော်ကျသွားရင် ခက်လိမ့်မယ်"

"မဟုတ်သေးဘူး ဘေးရပ်ထားလို့ အန္တရာယ်တစ်ခုခု ရောက်လာခဲ့ရင် ဘယ်လိုလုပ်မလဲ"

ဆလွန်းကားအဖြူလေးသည် သူမတို့လေးယောက်ထဲမှာ တစ်ယောက်၏ကားဖြစ်ပြီး ဦးလေးကြီးကတော့ အခကြေးငွေယူပြီး ကားလိုက်မောင်းပို့ပေးသူပဲ ဖြစ်လေသည်။

"အန္တရာယ်ကို ဒီအတိုင်း ရပ်စောင့်နေတာမျိုးတော့ မဖြစ်ချင်ဘူးဟာ"

"အို ဒီအတိုင်းနေရင်အကောင်းသား ဆက်မောင်းသွားမှ ဒုက္ခနဲ့တွေ့နေရင်ကော ကဲ"

"ဟာ ရပ်နေတာကို ငါတော့ ကြောက်တယ်"

"ဆက်မောင်းလို့ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ သီဂီ၊ ဒါ နင့်ကားနော် နင်စဉ်းစား"

ကားပိုင်ရှင်ဖြစ်သည့် သီဂီဆိုသူကောင်မလေးက ငြိမ်သက်သွားသည့် အချိန်တွင် ဒရိုင်ဘာဦးလေးကြီးက မနေသာတော့ဘဲ ဝင်ပြောရတော့သည်။

"အချင်း မများကြပါနဲ့ တူမကြီးတို့ရယ် ကားက တကယ်ပဲ ဆက်မောင်းလို့ မရတာပါ၊ ဘာမှလဲ မမြင်ရလမ်းကိုလဲ မကျွမ်းကျင်ဘဲ ဦးလေးအနေနဲ့လဲ စွန့်စားပြီး မိုက်မိုက်ကန်းကန်း မမောင်းချင်ပါဘူး၊ ဒါကြောင့် ရာသီဥတု ပြန်ကောင်းလာတဲ့အထိ ခဏလောက် စောင့်ကြည့်ကြတာပေါ့

ဟုတ်လား”

ဦးလေးကြီး ဝင်ပြောတော့မှ မိန်းကလေးများက ငြိမ်သက်သွားကြတော့သည်။

ဘယ်လောက်မှ မကြာခင်မှာပင် မိန်းကလေးများ မျက်လုံးများမှိတ်၍ ငြိမ်သက်နေကြလေသည်။

ခရီးပန်းလာသလို ဆာလောင်နေကြသည့်အတွက် ကောင်မလေးတွေ ပင်ပမ်းနေကြမှာပဲဟု ကားမောင်းသည့် ဦးလေးကြီး တွေးမိသည်။

သူကိုယ်တိုင်လည်း ပင်ပန်း နွမ်းနယ်လွန်းလှပြီမို့ မျက်စိကို ခဏမှိတ်ထားမိဆဲ ဘယ်လိုမှ မထင်မှတ်ထားသည့် ကိစ္စတစ်ခုကို ကြုံတွေ့လိုက်ရတော့သည်။

* * *

## အဖွင့်နှစ်

စိုးရိမ်စိတ် မောပန်းဆာလောင်စိတ်များကို အသာမျိုသိပ်ပြီး "သီဂီ"က မျက်လုံးကို စုံမှိတ်ကာ ငြိမ်သက်နေမိသည်။

မိုးနှင်းများသည် ကားပေါ်သို့ တဖြောင်းဖြောင်း ကျရောက်လျက်ရှိပြီး ကားမှန်များတွင် နှင်းမှုန် နှင်းခဲများ လာကပ်နေသည့်အတွက် အပြင်ဘက်ကိုပင် လုံးဝ မမြင်ရတော့ပါ။

အကယ်၍ အနီးပတ်ဝန်းကျင်ကို မြင်တွေ့ရမည်ဆိုလျှင်လည်း စေ့စေ့ငုငု လိုက်လံကြည့်ရှုရဲလိမ့်မည် မထင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလမ်းပေါ်သို့ရောက်လာကတည်းက သူမ၏စိတ်တွေ မငြိမ်မသက်ဖြစ်နေမိပြီး ထိတ်လန့်ချောက်ချားနေလို့ပဲ ဖြစ်လေသည်။

သူမစိတ်တွေ ဘာဖြစ်လို့ ဘာကို ထိတ်လန့်နေမိမှန်း သူမကိုယ်တိုင်ပင် မသိပါ။ ထို့ကြောင့် ကားရပ်ထားရမှာကို သူမက မလိုလားတာဖြစ်သည်။

ထူးတော့ထူးဆန်းသည်။

ဒီနေရာ ဒေသကို သူမအနေဖြင့် လုံးဝရောက်ဖူးခြင်း မရှိခဲ့ပါပဲ ရင်ထဲ၌ အကျွမ်းတဝင်ရှိနေသလိုလို သိဖူးသလိုလို ဒါမှမဟုတ်လျှင်လည်း အန္တရာယ်တစ်ခုခုက သူမကို ချောင်း မြောင်းနေသလိုလို ခံစားရတာ အံ့ဩဖို့ကောင်းသည်။

ဆန်းပြားသည့် ခံစားချက်များကြောင့် စိတ်ရှုပ်ထွေး နောက်ကျိနေဆဲ ရာသီဥတုက ရုတ်တရက်ကြီး ပြင်းထန် ဆိုးရွားစွာ ဖောက်ပြန်သွားတော့ ပိုလို့ပင် တုန်လှုပ်မိသေး သည်။

အတွေးဖြင့် ငြိမ်သက်နေမိဆဲ သီဂီက ထူးခြားဆန်း ကြယ်သည့် စိတ်ခံစားမှုတစ်ခုကိုတောင် ခံစားရလေသည်။ အဲဒါကတော့ သူမ၏စိတ်အာရုံထဲ၌ ရုပ်ရှင်ပြကွက်တွေလိုမျိုး မြင်ကွင်းတစ်ခုကို ထင်ရှားပြတ်သားစွာ မြင်လာရတာဖြစ် သည်။

သူမတို့ကားရပ်ထားသည့်နေရာနှင့် ငါးကိုက်လောက်

သာ ကွာဝေးမည့်နေရာတွင် လမ်းခွဲလေးတစ်ခုကို တွေ့ရသည်။ ထိုလမ်းခွဲလေး၏ အဆုံးတွင် ခံ့ညားလှပသော ရှေးအိမ်ကြီးတစ်လုံးကိုပါ အထင်အရှားတွေ့ရလေသည်။

ပထမတော့ သူမက ထင်မိထင်ရာတွေကို လျှောက်မြင်နေတာပဲဟု တွေးလိုက်မိပြီး အာရုံထဲမှ ပုံရိပ်တွေကို အလန့်တကြား မောင်းထုတ်မိသေးသည်။ သို့သော် ဘယ်လိုပဲမောင်းထုတ်ပါစေ ထိုပုံရိပ်များက အာရုံထဲမှ ထွက်ခွာမသွားကြပါ။

မထွက်ခွာမပျောက်ကွယ်သည့်အပြင် ပို၍ပင် ထင်ရှားပြတ်သားလာလေသည်။

အိပ်မက်မက်နေတာပါဟု စွပ်စွဲရအောင်ကလည်း သူမ အိပ်ပျော်နေတာ မဟုတ်ပါ။ ဒါဆို ဘာလဲ။ ပို၍ ထူးဆန်းတာကတော့ ထိုရှေးအိမ်ကြီးရှိရာသို့ 'အရောက်သွားဖို့' စေ့ဆော်နေသည့် သူမ၏ စိတ်များပင် ဖြစ်လေသည်။

ဘယ်လိုမှ အောင့်အီးလို့လည်း မရ ထိန်းချုပ်လို့လည်း မရ ဘယ်ကဘယ်လို ဝင်ရောက်လာမှန်း မသိရသည့် စိတ်စွမ်းအားများက သူမ၏ အာရုံကြောများကို နိုးကြားစေပြီး သူမ၏ အပြုအမူ အပြောအဆိုများအား ချုပ်ကိုင်သွားလေတော့သည်။

"ဟာ တွေ့ပြီ ရှေ့နားမှာ လမ်းခွလေးရှိတယ်၊ အဲဒီ လမ်းခွဲလေးအတိုင်း ဝင်သွားရင် အိမ်တစ်အိမ်ရှိတယ်။ အခုပဲ အဲဒီအိမ်ကို သွားကြမယ်"

မျက်လုံးစုံမှိတ်ပြီး အော်ဟစ်ပြောနေသည့်အတွက် သူမ၏စကားကို အားလုံးက မယုံကြည်ကြပါ။

အကြောက်လွန်ပြီး စိတ်ထင်ရာတွေ လျှောက်ပြောနေသည်ဟုပဲ ထင်နေကြသည်လားမသိ။ အားလုံးက ဝိုင်းရယ်ကြလေသည်။

"မရယ်နဲ့ ငါတကယ်ပြောနေတာနော်၊ ရှေ့မှာ လမ်းခွဲကလေးရှိတယ်၊ အဲဒီလမ်းခွဲအတိုင်း ဝင်သွားရင် အိမ်ကြီးတစ်လုံးကို တွေ့ရလိမ့်မယ်၊ အဲဒီမှာသွားနေပြီး ရာသီဥတုပြန်ကောင်းအောင် စောင့်လိုက်မယ်လေ၊ ကဲ သွားကြမယ်"

"သီဂီ နင် နှောက်နေတာလား"

"ဟင့်အင်း ဒါ နှောက်စရာလား ဒီမှာ ဦးလေး ကျွန်မပြောတဲ့အတိုင်းမောင်းပါ"

"ဟာ မနှောက်ပါနဲ့ တူမကြီးရယ်၊ ဒီလောက်နှင်းတွေပိတ်နေတဲ့လမ်းမှာ ဘယ်လိုမောင်းရမှာလဲ၊ တူမကြီး ပြောတဲ့ အိမ်ဆိုတာလဲ မရှိနိုင်ပါဘူး"

"ဟုတ်တယ် သင်္ဂီ ဒီနေရာကို ငါတို့အားလုံး အခုမှ ရောက်ဖူးတာလေ၊ လမ်းခွဲရှိတယ်၊ အိမ်တစ်လုံးရှိတယ်လို့ နင်အခု ပြောတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

သူမက အတော့်ကို စိတ်တိုသွားပြီး လေသံပြတ်ပြတ်ဖြင့် ကားမောင်းခိုင်းလိုက်ပြန်သည်။

"စကားတွေ များမနေနဲ့ ဦးလေး၊ မောင်းမှာသာ မောင်းပါ။ ဦးလေး မမောင်းချင်ဘူးဆိုရင်လဲ ဖယ်ပေး ကျွန်မ ကိုယ်တိုင် မောင်းမယ်"

"ဟာ... မလုပ် မလုပ်ပါနဲ့ တူမကြီးရယ်"

"သိင်္ဂီ နင်ဘာတွေ ဖြစ်နေတာလဲ အားလုံး သေသွားမယ်လေ"

"သေမှာစိုးရင် ဆင်းနေခဲ့ ငါကတော့ အဲဒီအိမ်ကြီးဆီ ရောက်အောင်သွားရမှာပဲ၊ ဘယ်လိုလဲ ဦးလေး၊ မောင်းမှာလား ဖယ်မှာလား"

သူမ တကယ်ဆွဲဖယ်ပစ်တော့မည့်ဟန် ဖြစ်နေတော့မှ ဦးလေးကြီးက ကားမောင်းဖို့ သဘောတူသည်။

"မောင်းဆိုလဲ ဦးလေးပဲ မောင်းပါ့မယ် တူမကြီးရယ် တူမကြီးတော့ မမောင်းပါနဲ့"

"ကဲ... ဘယ်သူဆင်းနေခဲ့မှာလဲ"

ဘယ်သူမှ အသံထွက်ကြတော့။

အဲဒီနောက်မှာတော့ အဖြူရောင် ဆလွန်းကားလေးသည် နှင်းများထူထပ်သိပ်သည်းနေသည့် နှင်းတောထဲသို့ တွန့်ဆုတ်လေးကန်စွာ မောင်းနှင်ဝင်ရောက်လာလေတော့၏။

သေချာတာကတော့ (သူမမှလွဲ၍) ကျန်လူအားလုံးသည် လမ်းခွဲကလေးကိုလည်းကောင်း၊ လမ်းအဆုံးတွင်ရှိသည့် အိမ်ကြီးဆိုတာကိုလည်းကောင်း ရှိလိမ့်မည်၊ တွေ့လိမ့်မည်ဟု မျှော်လင့်ထားကြဟန်မတူခြင်းပဲ ဖြစ်လေသည်။

* * *

# အခန်း (၁)

နှင်းတောထဲသို့ စတိုးလိုက်သည်နှင့် ကားအင်ဂျင်မှ အသံများ ထွက်လာလေသည်။

အားလုံး၏မျက်နှာများသည် ပျက်ယွင်းနေကြပြီး သူမအပေါ် စိတ်ဆိုးမာန်ဆိုး ဖြစ်နေကြောင်းလည်း အထင်းသွားပေါ်လွင်နေလေသည်။

သူမကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်ဘဲ အာရုံထဲတွင် ထင်ဟပ်နေသည့် ပုံရိပ်များကိုသာ လိုက်ဖမ်းဆုပ်ရင်း ကားဆရာကြီးကို ညွှန်ကြားနေမိ၏။

"ဟုတ်ပြီ ဟုတ်ပြီ ဆက်မောင်း ဆက်မောင်း ဦးလေးတွေ့ရမယ့် နေရာရောက်ရင် ကျွန်မပြောမယ်"

"ဟုတ် ဟုတ်မှလဲ လုပ်ပါ၊ သီဂီရယ် နင်က မျက်စိစုံမှိတ်ပြီးပြောနေတာ တော်ကြာ လမ်းတွေချော်ကုန်မှ ခက်မယ်"

သူမတို့အုပ်စုထဲတွင် အကြောက်တတ်ဆုံးဖြစ်သည့် ချောချောက အသံတုန်တုန်လေးနှင့် ပြောတာကို သီဂီမသိချင်ယောင် ဆောင်နေလိုက်သည်။

မျက်စိမှိတ်ထားပေမဲ့ သူမကအာရုံတွင် ရုပ်နှင့်ကြည့်နေရသလို ပုံစံမျိုးဖြင့် လမ်းတွေ၊ သစ်ပင်တွေ ချိုင့်ခွက်တွေ၊ ရေမြောင်းတွေကို အထင်အရှား တွေ့မြင်နေရသည်။

သူမ ဘာတွေ ဖြစ်ကုန်တာလဲ။ သူမ၏ အသိအာရုံများသည်တိုးတက်မြင့်မားလာတာလား၊ ဒါမှမဟုတ် ချွတ်ချော်နိမ့်ပါးသွားတာလား။ လောလောဆယ်တွင် သူမအာရုံထဲမှ မြင်ကွင်းများအတိုင်း အပြင်ဘက်တွင် တကယ်ဟုတ်မဟုတ် ဆိုတာကို သီဂီက အသေအလဲ သိချင်နေမိသည်။

"အာ ဘာမှ မမြင်ရဘူး တူမကြီး ကား‌ရပ်လိုက်ရတော့မလား"

ကားဆရာကြီး၏ အသံသည်ပင် တုန်တုန်ယင်ယင် ဖြစ်နေလေသည်။

ယောကျ်ားကြီးတစ်ယောက်တောင် အခုလောက် ကြောက် လန့်နေမှတော့ တခြားမိန်းကလေးများအတွက် ဆိုဖွယ်ရာပင် ရှိမည်မထင်။ သူမတစ်ယောက်တည်းသာ ငြိမ်နေနိုင်တာ ဖြစ်၏။

"အို...မရပ်ပါနဲ့၊ ရပ်စရာမလိုဘူး၊ ရောက်တော့မယ့် လမ်းခွဲကို မြင်နေရပြီ၊ ဘယ်ဘက်မှာ ဘယ်ဘက်မှာ ဦးလေး လမ်းထိပ်မှာဆိုင်းဘုတ်ကလေးတောင် ရှိသေးတယ်၊ ကြောက် ပြားပေါ်မှာ ရေးထားတဲ့ဆိုင်းဘုတ် ပိတောက်မြိုင်သို့တဲ့"

သူမက မျက်စိစုံမှိတ်ပြီး တတွတ်တွတ်ပြောဆိုနေသော်လည်း အားလုံးကတော့ ငြိမ်သက်နေလေသည်။

"ကွေ့တော့ ဦးလေး ဘယ်ဘက်ကို ကွေ့တော့၊ လမ်းနဲ့ တည့်တည့်ကိုရောက်နေပြီ ရဲရဲသာကွေ့"

ကားကလေးက တုန့်ခနဲဖြစ်သွား မိသံနှင့် မော်က ဒေါသတကြီး ထအော်လေသည်။

"မကွေ့နဲ့ဦးလေး။ သူ အရူးထပြီး ခိုင်းတိုင်း မလုပ်နဲ့ မျက်စိဖွင့်ပြီး ကြည့်နေတဲ့သူတွေတောင် ဒီလောက် မှောင်မိုက်နေလို့ ဘာမှ မမြင်ရတဲ့ဥစ္စာ သူက မျက်စိမှိတ်ပြီး အားလုံးကို သေလမ်းပို့နေတာ"

"ဟုတ်တယ် ဦးလေး ကားကို အခုပဲ ရပ်လိုက်ပါတော့၊ သင်္ဂိ နှင် အရှူးထနေတာကိုလဲ ရပ်လိုက်ပါတော့ဟာ၊ ငါတို့ အားလုံး နန်းခမ်းဆီ မရောက်ရဘဲ သေကုန်လိမ့်မယ်"

မတတ်သာတော့သည့်အတွက် သူမက ရှင်းပြရသည်။

"မဟုတ်ဘူး၊ မျက်စိမှိတ်ထားပေမဲ့ ငါမြင့်နေရတယ်။ လမ်းတွေအားလုံးကို မြင်နေရတယ်။ မောင်းသာမောင်း ဦးလေး၊ ရဲရဲကွေ့လိုက် ဘာမှ မဖြစ်စေရဘူး"

အလေးအနက်ပြောလိုက်သည့် သူမ၏အသံက တစ်စုံတစ်ရာ သက်ရောက်သွားလို့ပဲ ဖြစ်မည်။ ကားဆရာ ဦးလေးကြီးသည် စောဒကတက်ခြင်းမရှိဘဲ ကားကို ကွေ့ချ လိုက်လေသည်၊

ကားလေးသည် သစ်ပင်တွေ ချုံနွယ်တွေနှင့် ဝင်တိုက်ခြင်းလည်းမရှိ၊ ချောင်းတွေမြောင်းတွေထဲသို့ ကျသွားခြင်း လည်းမရှိဘဲ လမ်းတစ်ခုပေါ်သို့ ရောက်သွားတော့မှ အားလုံး ထံမှ သက်ပြင်းချသံကို ကြားလိုက်ရလေသည်။

"မောင်း ဦးလေး ဆက်မောင်း ရာသီဥတုက ဒီထက် ပိုဆိုးဦးမှာ ကျွန်မတို့ အိမ်ကြီးထဲကို ရောက်အောင်သွားမှ ဖြစ်လိမ့်မယ် ဘယ်မှ ကွေ့စရာမလိုဘူး တည့်တည့်သာ မောင်း"

ဦးလေးကြီးက ဘာမှ ပြန်မပြောဘဲ ကားကိုသာအာရုံစိုက်၍ မောင်းနေလေသည်။ လမ်းချိုးထဲသို့ ဝင်လိုက်မှ လမ်းက ပိုမို ကောင်းမွန်သွားသလိုနှင့် နှင်းကျတာလည်း သက်သာသွားသည့်အတွက် ကားမီးရောင်ဖြင့် ကားရှေ့မြင်ကွင်းကို အနည်းငယ် မြင်တွေ့ရလေသည်။

"ဘုရားရေ တကယ်လမ်းမှ အစစ်ပါပဲလား"

ဟု ချောချောက တအံ့တသြ ရေရွတ်နေလေသည်။

"ဟုတ်ပါရဲ့ သီဂီ နင့်မျက်လုံး မှိတ်ထားရက်နဲ့ ဒါကို တကယ်မြင်ရတယ် ဟုတ်လား ထူးဆန်းလိုက်တာ"

"ဟုတ်ပါရဲ့ သီဂီ တူမကြီးရယ် ဦးလေးဖြင့် ကားကိုသာ မောင်းခိုင်းလို့ မောင်းနေရတယ်၊ ဘယ်အချိန် ချောက်ထဲ ပြုတ်ကျမလဲလို့ တွေးပြီး အသက်တောင် မရှူဝံ့ဘူး"

"သီဂီ နင် အခု ဘာတွေ ဖြစ်နေသေးလဲဟင်"

"အိမ်ကြီးတစ်လုံး ရှေးအိမ်ကြီးတစ်လုံး ခြံစည်းရိုးတွေက အခိုင်အခံ့ပဲ အိမ်ခြံတံခါးဝမှာ ဆိုင်းဘုတ်ကြီးရှိတယ်၊ ပိတောက်မြိုင်ဂေဟာလို့ ရေးထားတဲ့ ဆိုင်းဘုတ်ပဲ"

သီဂီက မျက်စိစုံမှိတ်ပြီး ကရားရေလွှတ်ပြောဆိုနေသည့် အချိန်မှာပင် ကားထဲရှိ လူအားလုံး၏ တအံ့တသြ ရေရွတ်သံ

ကြားလိုက်ရလေတော့သည်။

"ဟာ အိမ်ကြီးပဲ"

"ခြံစည်းရိုးကြီးကလဲ အခိုင်အခံ့ပါပဲလား"

"ဟဝ် ခြံစည်းရိုးမှာ ဆိုင်းဘုတ်တစ်ခု"

ထိုအသံများကို ကြားရတော့မှ ရင်တဒိတ်ဒိတ် ခုန်ရင်း သူမလည်း မှိတ်ထားသော မျက်လုံးများကို ဖွင့်ကြည့်လိုက်မိသည်။

ကားလေးသည် ရှေ့မီးကြီးနှစ်လုံးကို ဖွင့်လျက် ခြံတံခါးဝနှင့် အနီးဆုံး နေရာအထိရောက်အောင် တိုးကပ်သွားနေတာကို တွေ့ရလေသည်။

ကားမီးရောင်အောက်တွင် ဆီးနှင်းများဖြင့် မှုန်ဝါးဝါးဖြစ်နေတာက ရှေးသော့ခလောက်ကြီး အခိုင်အမာ ခတ်ထားသည့် ခိုင်ခံ့သော တံခါးကြီးတစ်ချပ်ပဲဖြစ်သည်။

ထိုတံခါးကြီး၏နောက်မှာတော့ အိမ်ကြီးတစ်ဆောင်၏ ခပ်မည်းမည်းသဏ္ဌာန်ကို တွေ့ရလေသည်။ ထိုအချိန်တွင် ရာသီဥတုသည် စောစောကလောက် မဆိုးဝါးတော့ဘဲ လေတိုက်နှုန်းက သိသာစွာ လျော့ကျသွားလေသည်။

ဆီးနှင်းများကတော့ ကျမြဲကျနေပြီး အမှောင်အမိုက်က

လည်း လျော့ကျသွားခြင်း မရှိပါ။

ထူးခြားတာကတော့ သူမ၏ စိတ်အာရုံများ ထူးဆန်းစွာ ထက်မြက်နေခြင်းပဲ ဖြစ်ပါလိမ့်မည်။

ခြံတံခါးတွင် ခတ်ထားသည့် သော့ခလောက်ကြီးကို ကြည့်လိုက်ရုံဖြင့် သော့ရှိသည့် နေရာကို သူမ စိတ်ထဲက အလိုလို သိလာလေသည်။

"ခြံတံခါးကတော့ ခတ်ထားတာပဲ အိမ်ကြီးဘက်ကလဲ မီးရောင်မတွေ့ရဘူး၊ လူတွေ မနေဘူး ထင်ပါရဲ့"

"အမလေး နိုင်ငံခြား သရဲကားတွေထဲကလိုပဲ ကြောက်စရာကြီး"

"လူရှိမရှိ သိရအောင် ကားဟွန်းတီးကြည့်ပါလား ဦးလေး"

"ဟဲ့ ဒီလောက် ရာသီဥတုဆိုးနေတာ ကားဟွန်းတီးလို့ ရော ဘယ်သူ ကြားနိုင်မှာတဲ့လဲ လူခေါ်ခေါင်းလောင်း ရှာကြည့်ပါလား"

တစ်ယောက် တစ်ခွန်းပြောဆိုနေကြသည့်အချိန်မှာပင် သင်္ဂီက သူမ စိတ်အာရုံထဲတွင် ထင်ဟပ်လာသည့်အတိုင်း ဝင်ပြော လိုက်မိသည်။

"ခြံစည်းရိုးတိုင်မှာ အံဝှက်ကလေးရှိတယ်။ အဲဒီအံဝှက်ထဲမှာ သော့ရှိတယ်"

"ဟင်"

"ဘယ်လို"

အားလုံးက မယုံတဝက် ယုံတစ်ဝက် ပုံစံမျိုးဖြင့် သူမကို ဝိုင်းကြည့်ကြသည့်အချိန်၌ သူမကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကို မယုံနိုင်သေးဘဲ ဖြစ်နေရသည်။

ဒါပေမဲ့ စွန့်စားကြည့်ဖို့ ဝန်မလေးတတ်သည့် သီဂီက ချက်ချင်းပဲ ကားပေါ်မှ ဆင်းဖို့ ပြင်လိုက်မိတော့၏။

"ပြောနေ ကြာပါတယ်၊ ခြံစည်းရိုးတိုင်မှာ အံဝှက်ရှိမရှိ ဆင်းကြည့်လိုက်မယ်၊ ဦးလေး ကားမီး ထိုးပေးထားနော်"

"ဟာ ငါ့တူမကြီး တစ်ယောက်တည်း မဆင်းပါနဲ့"

ဒီတော့မှ မော်က သူမနှင့် အဖော်လိုက်ခဲ့မည် ဖြစ်ကြောင်း ပြောသည်။

"နင် တစ်ယောက်တည်း မသွားပါနဲ့ ငါလိုက်ခဲ့မယ် သီဂီ"

ချောချောနှင့် မိမိထံမှ မည်သည့်စကားသံမှ ထွက်မလာပါ။

"လာ... မော် ဒါဆိုလဲ သွားကြည့်တာပေါ့ဟာ"

ကားတံခါးကို ဖွင့်လိုက်တာနှင့် သူမတို့နှစ်ယောက်က စိုက်စိုက်သွားသည်။

အေးစက်သည့် နှင်းမှုန်နှင်းစက်များ မျက်နှာကို ခပ်ကြမ်းကြမ်း လာထိလိုက်သည့်အတွက် သူမနှင့်အဖော်လိုက်လာသည့် မော်ကတော့ ဘယ်လိုခံစားရသည်မသိ။ သူမတော့ အာရုံတွေ ပို၍ လန်းဆန်းသွားသလို ခံစားလိုက်ရသည်။

ခြံတံခါးကို လက်နှင့် ထိကိုင်လိုက်မိတာနှင့် နောက်ထပ် ခံစားချက်အသစ်တစ်ခုကို သူမက ရရှိလိုက်ပြန်သည်။

အဲဒါကတော့ ထိုတံခါးကြီးကို သူမအနေဖြင့် ရင်းနှီးစွာ အကြိမ်ကြိမ် ထိကိုင်ဖွင့်ပိတ်ဖူးသည်ဆိုသော ခံစားမှုပဲဖြစ်လေသည်။

ထို့နောက် သူမ၏လက်ချောင်းများက တွေဝေတွန့်ဆုတ်ခြင်းမရှိဘဲ ထိုတံခါးတိုင်ကြီးပေါ်ရှိ အံဝှက်ကို အလွယ်တကူ ဖွင့်လိုက်နိုင်သလို အံဝှက်ထဲမှာ ကြေးသော့တံတစ်ချောင်းကိုပါ ထုတ်ယူရရှိလိုက်လေသည်။

အဲ... နောက်မှာတော့ အံ့ဩစရာကောင်းလောက်အောင် သွက်လက်နေသည့် သူမသည် တံခါးကြီးတွင် ခတ်ထားသည့်

သော့ခလောက်ကြီးအား သူမလက်ထဲမှ သော့တံကြီးနှင့် ထိုးဖွင့်မိသွားလေသည်။

ကြာကြာမဖွင့်လိုက်ရဘဲ တံခါးကြီးက အလွယ်တကူ ပွင့်သွားသည့်အခါမှာတော့ သူမကိုယ်တိုင်ပင် အံ့အားသင့်လွန်းလို့ ကြက်သေသေသွားရလေတော့၏။

* * *

# အခန်း (၂)

"ကဲ မောင်းသာဝင်တော့ဦးလေးရေ အိမ်ထဲမှာ လူမရှိရင်လဲ ဝင်နားကြတာပေါ့"

ဟု သူမကပြောတော့ ကားဆရာဦးလေးကြီးက တုံ့ဆိုင်းဆိုင်းနှင့် ပြန်ပြောသည်။

"ဖြစ်ပါ့မလား တူမကြီးရယ်၊ ပိုင်ရှင်မသိအောင် သူများအိမ်ထဲဝင်လို့ တော်ကြာ ပိုင်နက်ကျူးလွန်မှု ဖြစ်နေဦးမယ်"

ဦးလေးကြီး ပြောသည့်စကားကို စိတ်ပျက်စွာ ခံစားလိုက်ရပြီး သူမက စိတ်ကူး တွေးတောထားခြင်း မရှိသည့်စကားစုကို လွှတ်ခနဲ ပြောလိုက်မိလေသည်။

"အို ဖြစ်တယ် ဦးလေး ဒါ ကျွန်မ အိမ်ပဲ"

ပြောလိုက်မိသည့် စကားအတွက် သူကိုယ်တိုင် အံ့အားသင့်ရသလို အားလုံးကိုလည်း တအံ့တသြဖြင့် သူမကို ဝိုင်းကြည့်ကြတော့သည်။

ပြီးတော့ သူမကို မေးခွန်းပေါင်းစုံ ဝိုင်းမေးကြလေတော့သည်။

"နင့်အိမ် ဟုတ်လား သီဂီ"

"ကြည့်စမ်း နင်က ဒါကြောင့် လမ်းတွေ၊ ခြံတံခါးသော့ထားတဲ့နေတာတွေကို သိနေတာပေါ့ ဟုတ်လား"

"နင်တို့ ဘယ်တုန်းက ဝယ်ထားတဲ့ အိမ်လဲ သီဂီ ဒါဆို ဒီနေရာကို နင် အရင်က ရောက်ဖူးတာပေါ့၊ မိန်းမ ဘာမှ ကြိုမပြောဘူး"

ရုတ်တရက် သူမက ဘာပြန်ပြောရမည်မှန်း မွသိအောင် ဖြစ်သွားမိလေသည်။

စောစောက စကားကို ဘယ်လိုကြောင့် ပြောမိသွားသည်ဆိုတာ သူမ ဘာသာ သူမပင် မသိတော့။

"မဟုတ်ဘူး၊ နင်တို့ထင်တာတွေ မဟုတ်ဘူး၊ ငါလဲ နင်တို့လိုပဲ ဒီနေရာကို အခုမှ ရောက်ဖူးတာလေ၊ ဒီနေရာမှာ

ဒီခြံနဲ့အိမ်ကြီး ရှိတယ်ဆိုတာကို အရင်က လုံးဝမသိခဲ့ပါဘူး၊ ဟာ အခုမှ ငါ့အာရုံထဲမှာ အလိုလိုနေရင်း ပေါ်လာတာက အရမ်းထူးဆန်းတာပဲ၊ စောစောက စကားကိုလဲ ငါ့ ပါးစပ်က လွှတ်ခနဲ ပြောထွက်သွားတာ"

"ဘုရားရေ ဘာတွေဖြစ်နေတာလဲ သီဂီ"

"နင် ပြောနေတာတွေကို ယုံရမှာ ခပ်ခက်ခက်ပါပဲ လား"

"ကဲ ယုံတာမယုံတာ နောက်မှ ပြောကြတာပေါ့ဟာ၊ လောလောဆယ် အိမ်ကြီးဆီကို ရောက်အောင်သွားကြရအောင်၊ ငါ့စိတ်ထဲမှာ အရမ်းကို သွားချင်နေတယ်"

ကြောက်တတ်သည့် ချောချောက အသံတုန်ကလေး ဖြင့် ဝင်ပြောသည်။

"ဖြစ် ဖြစ်ပါ့မလားဟယ်၊ ငါ ကြောက်တယ်"

မော်ကတော့ သွားဖို့အတွက် အပြည့်အဝ ထောက်ခံ သည်။

"အို...သွားကိုသွားရမှာပေါ့၊ အနည်းဆုံး ဒီရာသီဥတုမှာ အမိုးအကာအောက်ထဲ ဝင်နေရရင် နည်းသလား ပြီးတော့ ထူးထူးဆန်းဆန်းတွေကို ငါက စိတ်ဝင်စားတယ်"

မိသံကတော့ ဘာမှ မပြောဘဲ ကြားနေလုပ်နေသည်။

"ကဲပါ ဦးလေးရယ် ဘာမှ တွေးပူမနေပါနဲ့ မောင်းမှာသာ မောင်းပါ၊ ပြဿနာဖြစ်ရင် ဦးလေး ရှင်းစရာမလိုဘူး ကျွန်မ ဖြေရှင်းမယ်"

ဒီတော့မှပဲ ဦးလေးကြီးက ကားကို ခြံဝင်းအတွင်းသို့ မောင်းဝင်လေသည်။

ခြံတံခါးပေါက်မှ ခြံအတွင်းသို့ ရောက်သွားတာနှင့် သူမ၏စိတ်များက မှိုင်းမှုန်သွားပြီး ငိုချင်သည့် ဝေဒနာကို ခံစားရသည်။

ကားပေါ်ရှိလူအားလုံးသည် အထူးတလည် တိတ်ဆိတ်ငြိမ်သက်နေကြပြီး တစ်စုံတစ်ခုကို ငံ့လင့်နေသည့် ပုံစံမျိုးနှင့် ရှိနေကြ၏။

သူမကိုယ်တိုင်ကလည်း အော်ဟစ်မငိုမိအောင် ထိန်းချုပ်နေရသည့်အတွက် မည်သို့ကိုမှ စကားမပြောနိုင်ဘဲ ဖြစ်နေသည်။

ကားမီးရောင်အောက်တွင် နှင်းမှုန်နှင်းစက်များကို ထိုးဖောက်၍ အိမ်ကြီးကို တဖြည်းဖြည်း နီးကပ်စွာမြင်ရသည့် အချိန်မှာတော့ သူမ၏ရင်ခုန်သံများက မြန်ဆန်လာခဲ့ပြီး

စိတ်လှုပ်ရှားမှုကြောင့် အာခေါင်များ ခြောက်သွေ့လာလေသည်။

အိမ်ရှေ့တံခါးမကြီးကို ကားမီးရောင်ခြင့် တွေ့မြင်လိုက်ရသည့်အချိန်တွင် ထိုနေရာကို ရင်းနှီးကျွမ်းဝင်သည့် ခံစားမှုများ သူမရင်ထဲသို့ တအိအိ ဝင်ရောက်လာပြီး သူမ၏ ခန္ဓာကိုယ်က တစ်စုံတစ်ရာ ပူးကပ်သလို တဆတ်ဆတ် တုန်ယင်လာတော့သည်။

သူမ၏သက်တမ်းတစ်လျှောက် အခုလို ခံစားမှုမျိုးကို ဘယ်တုန်းကမှ မခံစားခဲ့ရဖူးတာ သေချာသည်။ သူမအတွေးများထက် သူ စိတ်ကူးယဉ်တတ်သူ လုံးဝမဟုတ်သလို အစွဲအလမ်းကြီးသူလည်း မဟုတ်ပါ။

အခု ခံစားနေရတာကတော့ ကိုယ့်ဘာသာကိုယ်ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်နေတာ သေချာသည်။

"အိမ် အိမ်ထဲမှာ လူတစ်ယောက်မှ မရှိဘူး ထင်တယ်၊ တံခါးကြီးကို သော့ပိတ်ထားတယ်၊ လှည့်ပြန်ကြပါစို့ သီဂီရယ်၊ ငါ့စိတ်ထဲမှာ အရမ်းကြောက်မိတာပဲ"

ချောချောက တုန်တုန်ခိုက်ခိုက် အသံနှင့် ပြောသည်။

"နေစမ်းပါဟာ ဘာကြောက်စရာရှိလဲ နင့်တစ်ယောက်

ကို အဲဒီအိမ်ထဲမှာ လွတ်မှာမှ မဟုတ်ဘဲ အားလုံး ငါးယောက် တိတိရှိတယ်၊ ချောချော ကြောက်မနေနဲ့"

ဟု မော်က ချောချောကို ပြန်ပြောသည်။

မိသံကလည်း

"အပြင်မှာ အရမ်းအေးနေပြီ၊ ချောချောရဲ့ မကြောက်ပါနဲ့ဟာ / လူတွေအများကြီးပဲ ဥစ္စာ"

ဟု ဝင်ကူပြောပေးနေသည်။

သူမကတော့ သူတို့တွေ ပြောဆိုနေကြတာကို အရေးမစိုက်နိုင်ဘဲ မျက်စိရှေ့တွင် ရှိနေသည့် ခုံညားခိုင်ခန့်သည့် ကျွန်းတံခါးကြီးကိုသာ စူးစိုက်ကြည့်နေမိ၏။

ကြည့်နေရင်းမှာပင် တံခါးကြီး၏ ညာဘက်အခြမ်း၌ ချောင်းကြည့်ပေါက်တစ်ပေါက်ရှိတာ ပိတ်ထားသော တံခါးချပ်ကြီး၏ နောက်ဘက်တွင် ကျယ်ဝန်းသော ဧည့်ခန်းဆောင်ကြီးရှိနေတာ ဧည့်ခန်းကြီး၏ ထောင့်တွင် ကျွန်းလှေကားကြီးတစ်ခု ရှိနေတာ စသည်များကို ရုပ်ရှင်ကြည့်နေရသလိုမျိုး တွေ့မြင်ရလေသည်။

ထို့နောက် တံခါးမကြီးကို ခတ်ထားသည့် ရှေးဟောင်းသော့ကြီး၏ သော့တံသည် လှေကားခုံအောက်ဘက်၌ အံဝှက်

ကလေးနှင့်ရှိခြင်းအား သူမက အလိုလို သိလာပြန်သည်။

"သော့ သော့ထားတဲ့နေရာ"

ဟု စိတ်လှုပ်ရှားစွာဖြင့် ဗလုံးဗထွေး ပြောရင်း သူမက ကားပေါ်မှ အလျှင်စလို ဆင်းလိုက်တော့ အားလုံးကပါ လိုက်ဆင်းကြလေသည်။

ကားထဲမှ အပြင်သို့ ရောက်တာနှင့် အေးစက်နေသည့် ရာသီဥတုက ပွေ့ဖက်လိုက်တာမို့ သူမတို့၏ ခါးများက အလိုလိုကုန်းသွားလေတော့သည်။

"ဦးလေး ကားမီးဆက်ထိုးပေးထားပါ"

ဟု ပြောပြီး လေ့ကားအောက်ဘက်ကို နှိုက်လိုက်တော့ သူမ၏ စိတ်အာရုံထဲတွင် ထင်ဟပ်ထားသည့်အတိုင်းပင် အံ့ဖုက်ကလေးကို စမ်းမိသည်။

စိတ်လှုပ်ရှားစွာ အံဖုက်ကလေးကို ဖွင့်လိုက်တော့ သော့တစ်ချောင်းကို အမှန်တကယ်ပဲ စမ်းမိလေသည်။

"တွေ့ပြီ သော့တွေ့ပြီ"

ပြောပြောဆိုဆိုပင် သူမက သော့ချောင်းကိုယူပြီး ခတ်ထားသည့် သော့ခလောက်ကြီးအား ဖွင့်လိုက်သည့်အခါ မှာတော့ တံခါးကြီးသည် အသံတစ်စုံတရာပင် မြည်ခြင်း

မရှိဘဲ အလွယ်တကူ ပွင့်သွားလေတော့သည်။

တံခါးပွင့်သွားတာနှင့် သူမတို့ နှာခေါင်းထဲသို့ တိုးဝင်လာတာက ထုံအီမွှေးပျံ့သော ပိဋကတ်ပန်ရန့်များပင် ဖြစ်လေ၏။

* * *

# အခန်း (၃)

ပိတောက်ပန်း ရနံ့ကြောင့် အားလုံး ကြက်သေသေ သွားသည်။

သည်ဒေသသည် တောင်ပေါ်ဒေသမို့ ပိတောက်ပန်း မရှိနိုင်ပါ။

ရှိသည်ပဲထားဦး ဒီဇင်ဘာသည် ပိတောက်ပွင့်တတ်သည့်အချိန်အခါမျိုး မဟုတ်ကြောင်း လူတိုင်း နားလည်ထားကြလေသည်။

ထို့ကြောင့် ပိတောက်ပန်းရနံ့သည် သူမတို့အားလုံးကို ကြက်သီးမွေးညင်း ထသွားစေပြီး အိမ်ကြီးထဲသို့ဝင်ရန် တွန့်ဆုတ်သွားရလေသည်။

"ပိတောက်ပန်းနံ့တွေ မွှေးကြိုင်နေတာပဲ"

"ဒီနေရာမှာ ပိတောက်ပွင့်လို့လား"

"ဒီအချိန်က ပိတောက်ပွင့်တဲ့အချိန်လဲ မဟုတ်ဘူး""

"ငါ ငါတို့အထဲဝင်လို့ ဖြစ်ပါ့မလား၊ ငါ ငါ မဝင်ရဲဘူး"

"တူမကြီးတို့ လူတွေ ဘာတွေ ရှိနေမလား၊ အသံလေး ဘာလေး ပြုကြပါဦး"

တစ်ယောက်တစ်ခွန်းပြောနေကြသည့် အချိန်မှာပင် သီဂီက မှောင်မည်းနေသော အိမ်ကြီးအတွင်းသို့ အိပ်မက် မက်ပြီး ယောင်ယမ်းလမ်းလျှောက်နေသူ တစ်ယောက်၏ ခြေလှမ်းမျိုးဖြင့် လှမ်းဝင်သွားမိလေတော့သည်။

အခြားသူက ကြောက်လန့် စိုးရိမ်နေကြသော်လည်း သူမကတော့ ဘယ်လိုအမည်ပေးရမည်မှန်း မသိသည့် ဝေဒနာ တစ်ခုကိုသာ ခံစားနေပြီး ကြောက်လန့်မှုတော့ ရှိမနေပြန် ပါ။

အိမ်ကြီးထဲသို့ ရောက်သွားတာနှင့် အမှောင်ထဲမှာပင် သူမ၏ ခြေလှမ်းများက အလိုအလျောက် ရွေ့လျားသွားကြပြီး ထူးဆန်းစွာပင် အမှောင်ထဲ၌ မည်သည့်ပစ္စည်းကိုမျှ ဝင်တိုက်

မိခြင်း မရှိပါ။

ရွှေ့နေသော ခြေထောက်များ ရပ်တန့်သွားတာနှင့် သူမ၏ ခြေလှမ်းများက အလိုအလျောက် ရွှေ့လျားသွားကြပြီး ထူးဆန်းစွာပင် အမှောင်ထဲ၌ မည်သည့်ပစ္စည်းကိုမျှ ဝင်တိုက်မိခြင်း မရှိပါ။

ရွှေ့နေသော ခြေထောက်များ ရပ်တန့်သွားတာနှင့် သူမ၏လက်များက ရှေ့သို့ အလိုအလျောက်ပင်ပင် လှမ်းကိုင်မိသည်။

သူမကိုင်လိုက်မိတာက ကြီးမားတုတ်ခိုင်သည့်ဖယောင်းတိုင်ကြီးတစ်တိုင် ဖြစ်နေ၏။

"ဦးလေး မီးခြစ်ပါလား"

ဟု လှမ်းသည့်အချိန်မှာပင် သူမ၏လက်များက ဖယောင်းတိုင်ရှိနေသည့် ခုံပေါ်တွင် တင်ထားသည့် မီးခြစ်ကို ဖမ်းမိလေသည်။

"မီး မီးခြစ်တော့ ရှိတယ် တူမကြီး၊ ဒါပေမဲ့ ခြစ်လို့မရဘူးကွယ့်"

ဦးလေးကြီးက သူမရှိရာသို့ ဝင်လိုက်လာခြင်း မရှိဘဲ အိမ်ကြီးအဝမှာပင် မီးခြစ်ကို ကြိုးစားခြစ်နေလေသည်။

"ရပြီ ရပြီ မီးခြစ်တွေ့ပြီ"

ပြောပြောဆိုဆို ဓာတ်ဆီထည့် ခြစ်ရသည့် ကြေးမီးခြစ် အဝိုင်းကြီးကို ခြစ်လိုက်ပြီး ဖယောင်းတိုင်ကြီးအား မီးထွန်းညှိလိုက်သည့်အတွက် တစ်ခန်းလုံး အလင်းရောင်များ ဖြန့်ကြက်သွားသည်။

မီးလင်းသွားတော့မှ ထည်ဝါတောက်ပြောင်သည့် အိမ်ကြီး၏အိမ်ခန်းကို တအံ့တသြတွေ့လိုက်ရပြီး အိမ်ပေါက်ဝတွင်သာ ရပ်၍နေသည့် ချောချောတို့ကလည်း ဧည့်ခန်းကြီး အတွင်းသို့ ဝင်လာကြလေ၏။

သူမကတော့ နောက်ထပ်တစ်နေရာတွင် ရှိနေသည့် ဖယောင်းတိုင်ကြီးတစ်တိုင်ကို မီးထပ်ထွန်းညှိလိုက်သည်။

ကြီးမားသည့် ဖယောင်းတိုင်ကြီးနှစ်တိုင်၏အလင်းရောင်ကြောင့် ကျယ်ဝန်းသော ဧည့်ခန်းကြီးသို့ ထင်ရှားစွာ တွေ့မြင်ရသည်။

ဧည့်ခန်းကြီးထဲ၌ ရှေးပုံစံကနုတ်ပန်းများ ခြူးပန်းခြူးနွယ်များနှင့် လှပစွာပြုလုပ်ထားသည့် ကျွန်းကုလားထိုင်ကြီးများကို စနစ်တကျ ချထားပြီး ကုလားထိုင်များပေါ်တွင် ကတ္တီပါ ခေါင်းအုံးကြီးများကိုလည်း တင်ထားလေသည်။

ခရီးပန်းလာသည့်အတွက် မဟန်နိုင်တော့သည့် သူမတို့ အားလုံးသည် ကုလားထိုင်များတွင် ခြေပစ်လက်ပစ်ထိုင်ချမိကြပြီး တစ်ယောက်တစ်မျိုး ဝေဖန်ကြပြန်သည်။

"ကြည့်စမ်း အခန်းကြီးက သားနားလိုက်တာဟယ်၊ ဒီနေရာမှာ ဒီလောက် အဖိုးတန် ခမ်းနားတဲ့ အိမ်ကြီးတစ်ဆောင်ရှိနေတာ မယုံနိုင်စရာပဲဟာ ကိုယ်တွေ့မဟုတ်ဘဲ သူများ ပြောတာကိုသာ နားထောင်ရရင် ငါကတော့ ယုံမှာကို မဟုတ်ဘူး"

ဟု မိသံက အခန်းကြီးကို ဝေ့ဝဲကြည့်ရင်း အားရပါးရ ပြောလေသည်။

"ဟဲ့ အခန်းထဲမှာ အမှိုက်တစ်စ ဖုန်တစ်မှုန့်မျှကို မရှိဘူးနော်၊ သန့်ရှင်းနေတာပဲ၊ ဒါကိုကြည့်ရုံနဲ့ လက်ရှိလူနေနေတယ်ဆိုတာ သိသာတယ်၊ ငါတို့ အခုလို ဝင်လာတာကို အိမ်ရှင်တွေ သိရင် စိတ်ဆိုးမလားပဲနော် သီဂီ"

ဟု မော်က ပြောသည်။

သူမက ဘာမှ ပြန်မပြောနိုင်ဘဲ ထူးခြားဆန်းကြယ်သည့် စိတ်အာရုံများ၏ ဖြစ်ပျက်ပြောင်းလဲမှုများကို နားလည်ရခက်ခဲစွာ လိုက်လံ ဖမ်းဆုပ်နေရသည်။

သူမထံမှ စကားပြန်မရတော့ မော်က မိသံတို့နှင့်ပဲ ဆက်ပြောနေသည်။

"စိတ်ဆိုးတော့လဲ တောင်းပန်ရမှာပေါ့ဟာ၊ ကြည့်စမ်း ညရှစ်နာရီရှိနေပြီ အပြင်မှာ နှင်းတွေလဲ အရမ်းကျ၊ လေတွေလဲ အရမ်းတိုက်နေတာပဲ ရာသီဥတုက ပိုပြီးတော့ကို ဆိုးလာတာ ငါတို့သာ ဒီအိမ်ထဲကို ရောက်မနေရင် အေးလွန်းလို့ သေွးခဲသွားနိုင်တယ်"

"ဟဲ့ လေကားကြီးကို ကြည့်စမ်း၊ သားနားပြောင် လက်နေတာပဲ၊ အပေါ်တက်ကြည့်ရရင် ကောင်းမယ်နော်"

ထိုစကားကို သတ္တိကောင်းသလောက် နေရာတကာ စပ်စုတတ်သည့် မော်က ပြောခြင်းဖြစ်သည်။

"မလုပ်ပါနဲ့ တူမကြီးတို့ရယ် သူများအိမ်ထဲကို အိမ်ရှင် တွေ မသိအောင် ဝင်လာတာကိုက အပြစ်ဖြစ်နေပါပြီ။ ဒါကြောင့် ဧည့်ခန်းထဲမှာပဲ နေကြပါ။ တခြားနေရာတွေကို လျှောက်မသွားကြပါနဲ့ မကောင်းပါဘူး"

"ဦးလေးကလေ အသက်ကြီးလို့လားမသိဘူး သိပ် ကြောက်တတ်တာပဲ၊ တခြားနေရာတွေကို လျှောက်ကြည့်မယ် ဆိုရင်လဲ ကျွန်မတို့က ကြည့်ရုံပဲကြည့်ကြမယ့်သူတွေပါရှင်

လက်ဆော့ခြေဆော့နဲ့ အလစ်သုတ်တတ်တဲ့သူ တစ်ယောက်မှ မပါပါဘူး”

“မိသံကအတည်ကြီးနှင့်ပြောတော့ ကားဆရာဦးလေးကြီးက ပျာပျာသလဲ တောင်းပန်လေသည်။

“မဟုတ်ပါဘူး၊ ဦးလေးပြောတာ အဲဒီသဘောမျိုး မဟုတ်ပါဘူး၊ တော်ကြာအိမ်ရှင်တွေ စိတ်ကွက်မှာစိုးလို့ပါ တူမကြီးတို့ကို စော်ကားတဲ့သဘောမဟုတ်ပါဘူး၊ ဦးလေး အပြောမတတ်တာကို တောင်းပန်ပါတယ်”

“အလကားပြောတာပါဦးလေးရယ်၊ တောင်းပန်စရာ မလိုပါဘူး”

“အမလေး အမိုးအကာအောက်ကို ရောက်တော့လဲ ဗိုက်ဆာတဲ့ ဝေဒနာက ဒုက္ခပေးပြန်ပါရောလား” “

“ဟဲ့ ...နေကြစမ်းပါဦး သီဂီတစ်ယောက် စာအားငြိမ်နေပါလား”

သူငယ်ချင်းတွေ ပြောနေကြသည့် စကားကို ကြားနေရသော်လည်း သူမ၏စိတ်အာရုံထဲမှာတော့ ထူးဆန်းသည့် ပုံရိပ်တွေ ထင်ရှားစွာ ပေါ်လွင်နေလေသည်။

သူမ၏စိတ်ဖြင့် မြင်နေတာက အိမ်ကြီး၏အခန်းခန်း

အဆောင်ဆောင်ကိုဖြစ်ပြီး အခန်းတိုင်း၊ အဆောင်တိုင်းတွင် သွားလာလှုပ်ရှားနေကြသည့် ယောကျ်ား၊ မိန်းမများရယ်ကိုပါ တွေ့မြင်နေရ၏။

ယောကျ်ားများနှင့် မိန်းမများ၏ ဝတ်စားဆင်ယင်မှုသည် ယခုခေတ်ဝတ်စားဆင်ယင်မှုမျိုး မဟုတ်ဘဲ ဗိုလ်အောင်ဒင်ရုပ်ရှင်ဇာတ်ကားထဲမှ မင်းသားနှင့်မင်းသမီး၏ ဝတ်စားဆင်ယင်မှုမျိုးဖြစ်လေသည်။

မိန်းမများသည် ဆံထုံးမြင့်မြင့်ကြီးများကို ထုံးထားကြပြီး ပါးလွှာသည့် အင်္ကျီများကို ဝတ်ဆင်ထားကြလေသည်။

ထိုအင်္ကျီပါးများ၏အပေါ်ကမှ ကတ္တီပါစများနှင့် ချုပ်ထားသည့် ခြုံထည်များကို ထပ်မံခြုံထားကြ၏။

ထိုလူများသည် စားသောက်လိုက်ကြ ကခုန်လိုက်ကြ ရယ်မောလိုက်ကြနှင့် ပျော်ရွှင်နေပုံရသည်။

ထူးဆန်းတာကတော့ သူမသည် ထိုမြင်ကွင်းကို အသံတိတ်ရုပ်ရှင်ကားအား ကြည့်နေရသလိုမျိုး မည်သည့် အသံကိုမှ မကြားရပါဘဲ အရုပ်တွေချည်းဖြစ်နေတာ ဖြစ်သည်။

သူမ၏အကြားအာရုံသည် လောလောဆယ် သူမ

သူငယ်ချင်းတွေ ပြောဆိုနေကြသည့် စကားများအား ပီပြင်ပြတ်သားစွာ ကြားနေရပြီး အမြင်အာရုံကတော့ ဘယ်တုန်းကမှ ဘယ်သူတွေမှန်း မသိသည့် ယောကျာ်း မိန်းမတစ်စုအား မြင်တွေ့နေရခြင်းဖြစ်၏။

ထိုဖြစ်ရပ်သည် အံ့သြထိတ်လန့်စရာကောင်းလွန်းလှပြီး ဘပဉ်လိုချွတ်ချော်တိမ်းစောင်းမှုကြောင့် အခုလို ဖြစ်နေရတာလဲဆိုတာ သူမဘာသာပင် မဝေခွဲတတ်တော့ပါ။

လူငါးယောက် အုပ်စုထဲတွင် သူမတစ်ယောက်ကသာ အခုလို ခံစားနေရတာဆိုတော့ သူမပဲ ရူးသွပ်နေတာလား ဒါမှမဟုတ် မမြင်ရသည့်အရာ တစ်ခုခုက သူမကိုပဲ ရွေးချယ်ခြောက်လှန့်နေတာလား အဲဒီလိုမှ မဟုတ်လျှင်လည်း ဟောဒီအိမ်ကြီးနှင့် သူမသည် တစ်စုံတစ်ရာ ဆက်စပ်ပတ်သက်မှု ရှိနေပါသလား။

ထိုအတွေးသည် တွေးကြည့်ရုံဖြင့်ပင် စိတ်ရှုပ်ထွေးလာပြီး ရူးချင်သလို ဖြစ်လာစေသည့်အတွေးပင် ဖြစ်တော့သည်။

သူမသည် အသံတိတ်မြင်ကွင်းကို မမှိတ်မသုန်ကြည့်နေရင်း သူငယ်ချင်းတွေပြောဆိုနေကြသည့် စကားများကိုလည်း ပီသစွာကြားနေရလေသည်။

"သိင်္ဂီ သိင်္ဂီ"

"ဟဲ့ လုပ်ကြပါဦး သိင်္ဂီကို ကြည့်စမ်း မျက်လုံးဖွင့်လျက်နဲ့ အိပ်ပျော်နေတဲ့ ပုံစံမျိုးကြီး"

"မဟုတ်ဘူး သူ့ သူ့မျက်လုံးတွေက တစ်ခုခုကို ကြည့်နေတဲ့ ပုံစံမျိုးဟ"

"ဦးလေး လုပ်ပါဦး သူ သူ ဘာတွေ ဖြစ်နေတာလဲ"

သိင်္ဂီက သူမသာ တစ်ခုခုပြန်ပြောလိုက်လျှင် မြင်တွေ့နေရသည့် မြင်ကွင်း ပျောက်ကွယ်သွားမှာကို စိုးရိမ်သဖြင့်သာ စကားမှ ပြန်မပြောဘဲ ငြိမ်သက်နေမိ၏။

ထိုအချိန်မှာပင် မြင်တွေ့နေရသည့် မြင်ကွင်းထဲ၌ သိင်္ဂီက သူမကိုယ်သူမ ထိတ်လန့်တကြား မြင်တွေ့လိုက်ရလေသည်။ စားသောက်ကခုန်နေကြသည့် လူများကြားထဲသို့ သူမကလှပစွာ လမ်းလျှောက်ဝင်လာသည်။

သူမသည် လက်ရှိ ဝတ်စားဆင်ယင်ပုံမျိုးနှင့် မဟုတ်ဘဲ, တွေ့နေရသည့် အမျိုးသမီးတွေလိုမျိုး အနက်ရောင်အင်္ကျီပါးပါး လက်အဖျားကားကားနှင့် အနက်ရောင်ပေါ်တွင် အနီရဲရဲ နှင်းဆီပန်းပွင့်ကြီးများပါသည့်ပိုးထဘီကိုအချိုးအစားကျနစွာ ဝတ်ဆင်ထားလေသည်။

သူမတစ်ကိုယ်လုံးတွင်စိန်ထည်များကို အများအပြား ဝတ်ဆင်ထားပြီး စိန်ထည်လက်ဝတ်လက်စားများ၏ အရောင်က မျက်စိကျိန်းလောက်အောင် တဖျပ်ဖျပ် ခါနေတော့သည်။

သူမ၏ ဆံထုံးပေါ်တွင် ကြီးမားသော စိန်ဆံထိုး တစ်ခုကို ထိုးစိုက်ထားသည့်အပြင် စိန်ဘီးတစ်ချောင်းကိုပါ စိုက်ထားလိုက်သေးသည်။ ကြီးမားသော စိန်နားကပ်သည် သူမလှုပ်ရှားလိုက်တိုင်း တဖျပ်ဖျပ်ခါနေလေသည်။

အင်္ကျီအနက်ရောင်ကြောင့် စိန်အဖြူများသည် ပိုမိုထင်ရှားစွာ ပေါ်လွင်နေပြီး စိန်လည်ဆွဲကြီး၏အရောင်များက သူမ၏မျက်နှာပြင်ကို ရောင်ပြန်ဟပ်ကာ တောက်ပဝင့်ကြွား နေလေ၏။

အခန်းကြီးထဲသို့ ယောကျ်ားမိန်းမအားလုံးသည် သူမကို ငေးကြည့်နေကြပြီး ခေတ္တခဏ ငြိမ်သက်သွားကြလေသည်။ ထို့နောက် မိန်းမများက သူမထံသို့ အလုအယက် အပြေးအလွှား ရောက်လာကြပြီး ဝိုင်းဝန်းနှုတ်ဆက်ကြသည်။

ယောကျ်ားများသည် သူမ၏လှုပ်ရှားသွားလာမှုကို ငေးမော ကြည့်နေကြသည့်အတွက် သူတို့နှင့်အတူ ပါလာသည့် မိန်းမများ၏ မျက်စောင်းဒဏ် ဗိုက်ခေါက်ဆွဲလိမ်သည့်

ဒဏ်ကို ခံနေကြရလေသည်။

သီဂိက အသက်မရှုနိုင်ဘဲ သူမနောက်တစ်ကိုယ်၏ လှပတင့်တယ်မှုကို ငေးမောကြည့်နေဆဲ သူမနောက်တစ်ကိုယ် လုံးထံသို့ ကပြားပုံစံနှင့် ချောမောခန့်ညားသည့် လူရွယ်တစ် ယောက် လမ်းလျှောက်သွားတာကို တွေ့ရသည်။

ထိုလူရွယ်သည် အသက်သုံးဆယ်လောက်ရှိနိုင်ပြီး အရပ်က သာမန်ယောကျ်ားတွေထက် ပိုရှည်သည်။ အသား ဖြူဖြူ မျက်လုံးမျက်ဖန် ကောင်းကောင်း နှုတ်ခမ်းပါးပါး နှာတံပေါ်ပေါ်မို့ မြန်မာစစ်စစ်ပုံစံမဟုတ်ဘဲ ဘိုကပြားဟန် ပေါက်နေသေည်။

သူမ၏ရှေ့သို့ရောက်သည်နှင့် ထိုလူရယ်က ခါးကို ကိုင်းညွတ်၍ ဘိုဆံဆံနှုတ်ဆက်သည်။

အနောက်တိုင်း ဝတ်စုံကို အကျအနဝတ်ဆင်ထားသည့် ထိုလူရွယ်၏ကိုယ်နေဟန်ထားနှင့် လှုပ်ရှားမှုများသည် ကြည့် လို့အလွန်ကောင်းနေပြီး ထိုလူရွယ်ကို ပြန်ကြည့်နေသည်။ သူမ၏ မျက်ဝန်းများက သူမကိုယ်ပေါ်တွင် ဝတ်ဆင်ထား သည့် စိန်ပွင့်များနှင့် အပြိုင်တဖျပ်ဖျပ်တောက်ပနေတော့ သည်။

ထိုလူရွယ်ထံသို့ သူမက ဖြူနုသောလက်တစ်ဖက်ကို ကမ်းပေးလိုက်ပြီး ထိုလူရွယ်က သူမ၏လက်ဖမိုးကို ဖိကပ်ပြီး ဘိုဆန်ဆန် နှုတ်ဆက်နေပြန်သည်။

သူမနှင့် ထိုလူရွယ်သည် ရိုးရိုးသားသား အသိမိတ်ဆွေများ ဟုတ်ဟန်မတူဘဲ ချစ်သူရည်းစားများ ဖြစ်နေဟန်ပေါ်လွင်နေ၏။ လူရွယ်သည် သူမအနားတွင် ပူးကပ်ထိုင်၍ စကားတွေ ပြောနေတာကို တွေ့ရသည်။

သူမကလည်း လူရွယ်ပြောသမျှ စကားများကို ကျေနပ်စွာ နားထောင်နေပြီး၊ နှုတ်ခမ်းစူပြလိုက် ရှင်ပျစွာ ရယ်မောလိုက် လူရွယ်၏ရင်အုပ်ကျယ်ကျယ်ကို လက်သီးဆုပ် ကလေးဖြင့်လှမ်းထုလိုက် စသည်ဖြင့် ပြုမူနေတာကို တွေ့ရလေသည်။

ခဏကြာတော့ လူရွယ်သည် သူမအနားမှ ထွက်ခွာသွားပြီး အဖျော်ယမကာများထားသည့် နေရာကို ထွက်ခွာသွားတာ တွေ့ရသည်။

သီဂီက သူမ၏ကိုယ်ခွဲကိုကြည့်နေရာမှ လူရွယ်သွားရာနောက်သို့ လိုက်ကြည့်မိသည်။ လူရွယ်သည် ဖန်ခွက်နှစ်လုံးထဲသို့ အရက်ဖြစ်ပုံရသည့် အရက်သို့ဝါပါများကို ထည့်လေသည်။

ထို့နောက် ဖန်ခွက်တစ်လုံးထဲသို့ အဖြူရောင်အမှုန့် အနည်းငယ်ကို ဘယ်သူမှ မမြင်အောင် သူ့ခန္ဓာကိုယ်ကြီးနှင့်ကွယ်၍ အလျင်စလို ထည့်လိုက်တာကို တွေ့ရသည်။

ထို့နောက် လိမ္မော်ရည်ဖြစ်ပုံရသည့် အရည်များကို အဖြူမှုန့်ထည့်ထားသည့် ဖန်ခွက်ထဲသို့ လောင်းထည့်တာကို တွေ့ရသည်။

နောက်ထပ် ဖန်ခွက်ထဲသို့ ဆိုဒါဖြစ်ပုံရသည့် အရည်ဖြူဖြူများကိုထည့်ပြီး လူရွယ်က ဖန်ခွက်နှစ်ခွက်နှင့်အတူ သူမရှိရာသို့ ပြန်လျှောက်လာတာကို တွေ့ရသည်။

အဖြူမှုန့်ထည့်ထားသည့် ဖန်ခွက်ကို လူရွယ်က သူမလက်ထဲသို့ တကယုတယ ဟန်ဖြင့် ထည့်ပေးတာကို တွေ့ရလေသည်။

ထိုမြင်ကွင်းကိုကြည့်နေရင်း သီဂီက ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ ထိုဖန်ခွက်ထဲတွင် တစ်စုံတရာထည့်ထားသည် ဆိုသည့်အသိကြောင့် သီဂီ့ခန္ဓာကိုယ်က တဆတ်ဆတ် တုန်ယင် လာပြီး သူမနောက်တစ်ကိုယ်သည် ဖန်ခွက်ထဲမှ အရည် များအား သောက်ချပစ်လိုက်မှာ စိုးရိမ်သည့် စိတ်တွေ ရင်ဘတ်ထဲသို့ ဝင်လာကြလေတော့သည်။

"မသောက်နဲ့ မသောက်နဲ့"

"ဟု စိတ်ထဲကနေအော်ဟစ် တားမြစ်နေဆဲမှာပင် သူမရှေ့တွင် မြင်နေရသည့် သူမ၏ကိုယ်ခွဲသည် လူရွယ်၏ အရက်ခွက်နှင့် ဖန်ခွက်ချင်း ထိလိုက်ပြီး တစ်ချက်တည်း မော့သောက်ချလိုက်တာကို တွေ့ရလေသည်။

"ဘုရားရေ သောက်ချလိုက်ပြီ ဘာဖြစ်တော့မလဲ၊ ဘာတွေ ဖြစ်ကုန်မလဲ"

ဟု စိုးရိမ်ပူပန်စွာ ကြည့်နေသော်လည်း ဘာမှမဖြစ်ဘဲ သူမတစ်ကိုယ်တည်း ရွှင်မြူးစွာ ရယ်မောနေတာကိုပဲ တွေ့ရသည့်အတွက် အနည်းငယ် စိတ်သက်သာရာ ရမိလေသည်။

ရင်တမမနှင့် မျက်စိရှေ့မှ မြင်ကွင်းကို ကြည့်နေဆဲ လူရွယ်သည် သူမ၏လက်ကိုဆွဲပြီး ကနေကြသည့် နေရာသို့ ခေါ်ဆောင်သွားတာကို တွေ့ရလေသည်။

ကြည့်နေဆဲမှာပင် ကနေသူများကြားထဲသို့ သူမနှင့် လူရွယ်က ရောက်သွားသည်။

တစ်ကွက်နှစ်ကွက် ကပြီးသည့်အချိန်တွင် သူမ၏ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လာပြီး ခြေလှမ်းတွေပျက်လာ တာကို တွေ့ရသည်။

မကြာခင် အကရပ်သွားပြီး သူမသည် လူရွယ်၏ ပခုံးပေါ်ခေါင်းတင်သွား၏။

လူရွယ်သည် သူမ၏ပခုံးကို ထိန်းဖက်ကာကနေသူများ နှင့် ဝေးရာသို့ တွဲခေါ်လာသည်။

သူမ တစ်ခုခုဖြစ်နေပြီ။

ဘာဖြစ်နေတာလဲ အဆိပ်မိတာလား၊ ဆေးမိတာလား ဘုရား၊ ဘုရား ဘာမှမဖြစ်ပါစေနဲ့ ဘာမှ မဖြစ်ပါစေနဲ့ဟု တဖွဖွ ဆုတောင်းနေဆဲမှာပင် လူရွယ်သည် သူမကို ကခုန် နေသူများနှင့် ဝေးသည်ထက် ဝေးရာသို့ မသိမသာ တွဲခေါ် သွားလိုက်သည်မှာ ဧည့်ခန်းမကြီး၏ အထွက်တံခါးဝသို့ပင် ရောက်နေပြီဖြစ်သည်။

ထိုအချိန်တွင် လူရွယ်၏ မျက်လုံးများသည်စဉ်းလဲ ကျဉ်းမြောင်းနေပြီး ဘေးပတ်ဝန်းကျင်ကို အကဲခတ်နေသည့် ပုံစံ မဟုတ်တာတစ်ခုခုကို ကျူးလွန်လုပ်ဆောင်တော့မည့် ဟန်များ အထင်းသားပေါ်လွင်နေလေသည်။

ဆိုးရွားစွာပင် ဧည့်ခန်းမထဲတွင် ရှိနေကြသူများက လည်း သူမနှင့် လူရွယ်တစ်ရွေ့ရွေ့ ထွက်ခွာသွားတာကို သတိပြုမိဟန် မတူပါ။

အားလုံးသည် ကိုယ့်အဖော်နှင့်ကိုယ် စားသောက် ရယ်မောကခုန်နေကြတာကိုပဲ တွေ့ရင်လေသည်။

လူရှယ်သည် သူမကို ဧည့်ခန်းအပြင်သို့ ဖြည်းညင်းစွာ တွဲထုတ်လာခဲ့ပြီး စကြံအကွေ့သို့အရောက် ဧည့်ခန်းထဲမှ မမြင်ရလောက်သည့် နေရာတွင် ဆတ်ခနဲ မချီလိုက်တာကို တွေ့ရသည်။

ဘာတွေဖြစ်တော့မည်လဲ ဆိုတာကို စိုးရိမ်တကြီး အပြေးအလွှား လိုက်ကြည့်ဖို့ ခြေလှမ်းစလိုက်ချိန်မှာပင် သူမကို သူငယ်ချင်းများက ဝိုင်းတားကြတော့သည်။

"သီဂီ ဘယ်လဲ ဘယ်သွားမလို့လဲ"

"လုပ်ကြပါဦး ဆွဲထားကြပါ"

"သီဂီ သီဂီ"

"သီဂီ သတိထားစမ်း နင်ဘာတွေ ဖြစ်နေတာလဲ"

သူမကို ဝိုင်းဆွဲပြီး တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသည့်အချိန်မှာပင် သူမ ရှေ့မှ မြင်ကွင်းများသည်လည်း ရုတ်ခြည်း ပျောက်ကွယ်သွားပြီး လက်ရှိ ဖယောင်းတိုင် မီးထွန်းညှိထားသည့် မြင်ကွင်းကိုသာ ပြန်မြင်ရလေ၏။

သေချာတာကတော့ ထိုခဏတွင် သီဂီသည် အေးစက်

သော ရာသီဥတုမှာပင် ချွေးသီးချွေးပေါက်များကျပြီး၊ မာရသွန်ပြေးထားရသူတစ်ယောက်လို မောပန်းသွားရခြင်းပဲ ဖြစ်လေသည်။

* * *

# အခန်း (၄)

"ဟာ ပျောက်သွားပြီ၊ ပျောက်သွားပြီ"

သူမက မောပန်းတကြီး စိတ်ပျက်လက်ပျက် ပြောလိုက်တော့ အားလုံးက ဝိုင်းမေးကြလေသည်။

"ဘာပျောက်သွားတာလဲ သီဂီ"

"နင် ဘာတွေကို တွေ့နေတာလဲ နင့် မျက်လုံးတွေက ကြောင်ပြီး အခန်းအလယ်ကို ကြည့်နေလိုက်တာများ ကြောက်စရာကြီးဟာ"

"ဟုတ်တယ် သီဂီ နင်ဘာတွေကို မြင်နေတာလဲ၊ စောစောက ပျောက်သွားပြီဆိုတာ ဘာကို ပြောတာလဲ၊ ငါတို့ကို ပြောစမ်းပါတယ်၊ ရင်တုန်လွန်းလို့ပါ"

သီဂီက ချက်ချင်းကြီး ဘာမှမပြောနိုင်သေးဘဲ ကုလားထိုင်တစ်လုံးဆီသို့ ဒယီးဒယိုင်လျှောက်သွားပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။

တွေ့ကြုံလိုက်ရသည့် အဖြစ်အပျက်သည် ထူးခြားဆန်းကြယ်သလို ထိတ်လန့်စရာလည်း ကောင်းလွန်းလှသည့်အတွက် သူမ၏စိတ်များက အနည်မထိုင်နိုင်သေးဘဲ လှုပ်ရှားဆူဝေနေမိ၏။

သူမကြုံတွေ့လိုက်ရသည့် မြင်ကွင်းသည် ယုံနိုင်စရာမရှိအောင်ကို ထူးခြားလွန်းလှသည်။ သူကိုယ်တိုင်ပင် ယုံဖို့ခက်ခဲနေသည့်ကိစ္စကို အခြားသူတွေ သိအောင်ပြောပြလို့ရော ယုံနိုင်မှာတဲ့လား။

အခန်းထဲရှိလူအားလုံးသည် သူမမျက်နှာကိုသာ ဝိုင်းကြည့်နေကြပြီး သူမပြောမည့်စကားများကို စောင့်စားနားထောင်နေကြလေသည်။

သူမကိုယ်တိုင်ကတော့ အိပ်မပျော်ဘဲ မြင်မက်ခဲ့သည့် အိပ်မက်မြင်ကွင်းထဲမှ သူမနောက်တစ်ယောက်၏ ပုံရိပ်ကိုသာ ဖမ်းဆုပ်ပုံဖော်ကြည့်နေမိသည်။

သူမဟာ တစ္ဆေခြောက်ခံ နေရတာများလား။ လူ

ငါးယောက် ရှိကြသည့်အထဲတွင် သူမတစ်ယောက်တည်းကသာ ဒီလို ခံစားချက်တွေ မြင်ကွင်းတွေကို ခံစားတွေ့မြင်နေရပြီး ကျန်လေးယောက်က ဘာမှမမြင်ရဘူး မခံစားရဘူးဆိုတာကတော့ အတွေးရခက်လွန်းလှသည်။

သူမဟာ တစ်ချိန်တုန်းက ဒီနေရာမှာ ဖြစ်ပျက်ခဲ့တဲ့ အပြစ်အပျက်တစ်ခုကို အာရုံနိုးထပြီး ပြန်တွေ့မြင်မိနေတာများလား ဒါမှမဟုတ် တစ္ဆေခြောက်ခံနေရတာလား။ အဲဒီလိုမှမဟုတ်လျှင်လည်း သူမကိုယ်တိုင် ဖြစ်ပျက်ခဲ့သည့် အတိတ်ဘဝက အဖြစ်အပျက်တွေကို ပြန်သိမြင်နေတာမျိုးလား။

တကယ်တော့ ဘာကိုမှ တိတိကျကျ နားမည်တပ်နိုင်ခြင်း မရှိဘဲ သူမက တွေးမိတွေးရာတွေကို လျှောက်တွေးနေရတာဖြစ်သည်။

"သီဂီပြောပါဟဲ့ နင့်ကို ကြည့်ရတာ အလန့်တကြားရှိလိုက်တာ"

ဖယောင်းတိုင်မီးအလင်းရောင်အောက်တွင် ယိမ်းထိုးနေသည့် ပုံရိပ်များကို လိုက်ကြည့်ရင်း သီဂီက ဒီအိမ်ကြီးထဲရောက်အောင် ဝင်လာမိတာမှားများ မှားသွားပြီလားဟု တွေးလိုက်မိသည်။

ဒါပေမဲ့ ထိုအတွေးကို စိတ်ထဲမှာပဲ ထားလိုက်ရသည်။ ပါးစပ်ကသာ အိမ်ကြီးထဲ ဝင်လာတာ မှားပြီဟု ပြောလိုက်တာနှင့် ကျန်လူအားလုံးသည် ချက်ချင်းပင် အိမ်ကြီးထဲမှ ထွက်ခွာသွားကြမှာ သေချာနေလို့ပဲဖြစ်သည်၊

သူမအနေဖြင့် မှားမှားမှန်မှန် အိမ်ကြီးထဲမှတော့ ပြန်မထွက်ချင်သေးပါ။ ထူးခြားဆန်းကြယ်သည့် ဘာမှန်းမသိနိုင်သည့်အရာများကို သူမ သိချင်ပါသေးသည်။

သူမမြင်တွေ့ခဲ့ရသည့် မြင်ကွင်းသည် သူမကိုယ်တိုင်နှင့် ဘယ်သို့ဘယ်ပုံ ပတ်သက်နေသည်ဆိုတာကို အသေအချာ သိချင်ပါသေးသည်။

ပြီးတော့ ရာသီဥတုဆိုးဝါးနေသည့်အပြင် ဘက်ထက် အမိုးအကာအောက်တွင် နေရတာက အန္တရာယ်ကင်းသည်ဟုလည်း သူမက ယူဆထားမိသည်။

"သီဂီ နင်ဘာဖြစ်နေတာလဲဟာ"

သူမက အားလုံးကို ကြိုးစားပြီး ပြုံးပြလိုက်သည်။

"ဘာမှမဖြစ်ပါဘူး"

"မညာနဲ့ နင်တစ်ခုခုဖြစ်နေတာ သေချာတယ်"

ထိုအချိန်တွင် သူမတို့ ရှိနေသည့် အခန်းကြီးထဲသို့

အေးစက်သည့်လေများက သုတ်ခနဲ ဝင်လာလေသည်။ ဖယောင်းတိုင် မီးပင် ယိမ်းထိုးလှုပ်ရှားသွားပြီး မီးငြိမ်းလုငြိမ်းခင် ဖြစ်သွားသည့်အတွက် ချောချောနှင့် မိသုံ့က အထိတ်တလန့် ထအော်လေသည်။

"အမလေး"

"အား"

မော်က ချောချောတို့ကို စိတ်ဆိုးမာန်ဆိုးဖြင့် ထဟောက်သည်။

"နင်တို့နှစ်ယောက်ကလဲဟာ လေတိုက်တာတောင် ဒီလောက် လန့်နေသတဲ့ အံ့ဩစရာကြီး"

"ကြောက်... ကြောက်တာဘာတတ်နိုင်မှာလဲ မော်ရဲ့ နင် မကြောက်တတ်တာနဲ့ပဲ ငါတို့က မကြောက်ရတော့ဘူးလား"

"ဟဲ့...ကြောက်သင့်မှကြောက်ပေါ့၊ ချောချောရဲ့ အခုနင်တို့က လွန်တယ်"

သီဂီက မော်တို့ကြားထဲမှ ဖြတ်ပြီးကားဆရာဦးလေးကြီးကို လှမ်းပြောလိုက်သည်။

"ဦးလေး အိမ်တံခါးမကြီးကို အသေအချာမပိတ်ခဲ့လို့

လေဝင်တာဖြစ်မယ်ထင်တယ်”

ဦးလေးကြီးက ချက်ချင်းပဲ ငြင်းသည်။

“ဟာ ဦးလေး အသေအချာ ပိတ်ပါတယ် တူမကြီးရယ် မင်းတုမ်းကြီးကိုတောင် ချခဲ့ပါသေးတယ်”

“ဟင် ဒါဆို လေကဘယ်နေရာကနေ ဝင်လာတာလဲ ကျန်မတို့လဲ ပြတင်းပေါက်တွေကို မဖွင့်ပါဘူး”

သူမတို့ပြောနေတုန်းမှာပင် လေအေးများက ဝင်မွှေနေပြန်တာမို့သူမနှင့် မော်ကထိုင်ရာမှ ထလိုက်မိသည်။

“လာဟာ တံခါးမကြီးကို သွားကြည့်မယ်”

“အေး ဒီကလှမ်းကြည့်လို့မှ မမြင်ရဘဲ သွားကြည့်တာပေါ့”

“နင် နင်တို့နှစ်ယောက်သွားရင် ငါတို့မနေရဲဘူးမော်”

မိသံက တုန်တုန်ယင်ယင် အသံဖြင့် ဝင်ပြောသည်။

မော်ကလည်း ဂျစ်တိုက်ပြီး ပြန်ပြောသည်။

“ဒါဆိုလဲ နင်နဲ့ချောချော သွားကြ”

“အမလေး မသွားရဲပါဘူး”

“ဒါဆို ဘာမှ ပြောမနေနဲ့တော့ ငြိမ်ငြိမ်ထိုင်နေ နင်တို့ နှစ်ယောက်တည်း မဟုတ်ဘူး၊ ဟိုမှာ ဦးလေးကြီးလဲ

ရှိတယ်"

မော်က မိသံတို့ကို စိတ်တိုနေပေမဲ့ သူမကတော့ စိတ်မဆိုးမိပါ။

ဘာကြောင့်လဲတော့ သူမကိုယ်တိုင်ပင် အိမ်ကြီးထဲမှာ နေရတာကို ကျောမလုံသည့် ခံစားမှုမျိုးတွေ ခံစားလာရလို့ ဖြစ်သည်။

ထို့ကြောင့် သီဂီက ပြေရာ ပြေကြောင်း ဝင်ပြော လိုက်သည်။

"မနေ့ခဲ့ရဲ့ရှင်လဲ လိုက်ခဲ့လေ အားလုံး သွားကြတာပေါ့"

ဒီတော့ ခုံတစ်လုံးပေါ်တွင် တစ်ချိန်လုံး ငြိမ်သက်ပြီး ထိုင်နေသည့် ကားဆရာဦးလေးကြီးက မတတ်သာသည့် အတွက် ဝင်ပြောရပုံမျိုးဖြင့် ပြောလေသည်။

"နေ့ ... နေကြပါတူမကြီးတို့ နေပါ၊ ဦးလေးသွားကြည့် ပေးပါ့မယ်"

မော်က အတည်လိုလို နောက်သလိုလိုနှင့် ပြောဖြစ် အောင်ပြောလိုက်သေးသည်၊

"ဦးလေးဖြစ်ပါတယ်နော်၊ တော်ကြာ နှာနှပ်ပေးနေရမှ ခက်မယ်"

ဦးလေးကြီးက ရှယ်ရယ်ရယ်တော့ သူမတို့ကပါ လိုက်ရယ်မိပြီး နေရာထိုင်ရတာနည်းနည်းကောင်းသွားသလို ခံစားရလေသည်။

"ကဲပါ အားလုံးပဲ သွားကြတာပေါ့ဦးလေးလဲ နေရဲရင် နေခဲ့ပါ မနေရဲရင်လဲ လိုက်ခဲ့ပေါ့"

သူမ စကားကြောင့် ဦးလေးကြီးက ထိုင်ရမလို ထရမလို ဖြစ်သွားသည်။ ပြီးတော့မှ-

"တူမကြီးတို့ချည်းသွားမှာ စိတ်မချပါဘူး၊ ဦးလေးလဲ လိုက်ခဲ့ပါ့မယ်"

ဟုပြောပြီး ထလိုက်လာသည်။

အဲဒီနောက်မှာတော့ သူမတို့အားလုံးသည် ဧည့်ခန်းထဲမှ ထွက်ပြီး အိမ်ရှေ့တံခါးမကြီးကို ထွက်ကြည့်ကြသည်။ တံခါးကြီးသည် ပွင့်နေခြင်း မရှိဘဲ ဦးလေးကြီးပြောသည့်အတိုင်းပင် အသေအချာ ပိတ်ထားတာကို တွေ့ရသည်၊

သို့သော် အလုံပိတ်ထားသည့်အခန်းကျယ်ကြီးထဲတော့ လေအေးများက ကြက်သီးထဖွယ်မွှေနှောက်နေကြပြီး တစ်ချက်တစ်ချက်ပဲ ပိတောက်ပန်းရနံ့များကိုပါ ရှူရှိုက်ရလေသည်။

သူမကတော့ စောစောက အာရုံထင်လာသည့် မြင်ကွင်းမျိုးနောက်ထပ်တစ်ကြိမ်တွေ့လာလေမလားဟု သတိပြုနေထိုင်သော်လည်း ဘာမှထူးခြားမလာဘဲ မော်တို့က အတင်းဝိုင်းမေးကြသည့်အတွက်ရော သူမကိုယ်တိုင်က ပြောပြချင်မိသည့်အတွက်ကြောင့်ပါ သူမမြင်တွေ့ရသည့် အကြောင်းအရာများကို ပြောပြဖို့ ပြင်ဆင်ရလေတော့သည်။

ထိုအချိန်တွင် သူမတို့သည် ဧည့်ခန်းမကျယ်ကြီးထဲသို့ ပြန်ရောက်နေပြီဖြစ်ပြီး ဘယ်ကဝင်မွှေနေမှန်း မသိသည့် လေအေးများကြောင့် ဖယောင်းတိုင်မီးညွန့်များကလည်း ယိမ်းထိုး ခါယမ်းနေလေသည်။

သူမတို့သည် အကာယ်၍ ဖယောင်းတိုင်မီးသာ ငြိမ်းသွားလျှင် မီးပြန်လည်ထွန်းညှိဖို့ရာအတွက် ကြေးမီးကြိုးကို ဆုပ်ကိုင်ထားပြီး အသင့်အနေအထားဖြင့် နေကြရလေသည်။

အဲဒီလိုအချိန်မှာပင် သူမကသူမမြင်တွေ့ရတာတွေကို ပြောပြလိုက်လေတော့သည်။

* * *

# အခန်း (၅)

"အဲဒါပဲ တကယ်လို့ နင်တို့သာ ငါ့ကို ဝိုင်းမဆွဲထားဘူး အတင်းလာမခေါ်ဘူးဆိုရင် ငါမြင်နေရတာတွေလဲ ချက်ချင်း ပျောက်သွားမှာ မဟုတ်ဘူး၊ ပြီးတော့၊ ဘာတွေဆက်ဖြစ်တယ် ဆိုတာကိုလဲ ငါတွေ့ရဦးမှာ သေချာတယ်"

သူမစကားဆုံးတာနှင့် ချောချောက ငိုသံပါကြီးဖြင့် ထပြောသည်။

"အမယ်လေး အဲဒါ အဲဒါ သရဲခြောက်တာပေါ့သီဂီရဲ့၊ ငါငါ ဆက်မနေရဲတော့ဘူး၊ သွား…သွား ကြပါစို့ဟာ ငါ့စိတ်ထဲမှာ ငါတို့ကို တစ်ယောက်ယောက်က စောင့်ကြည့် နေသလိုမျိုး ခံစားနေရတယ်ဟာ"

ချောချောပြောတာကို မော်က ချက်ချင်းပဲ ကန့်ကွက်သည်။

"ဒါ သရဲခြောက်တာ မဟုတ်နိုင်ဘူး သီဂီ၊ ဒီအိမ်ကြီးမှာ ဟိုတုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် တစ်ခုကို နင်ရဲ့ မနောက သွားဖမ်းစားမိတာပဲ ဖြစ်လိမ့်မယ်။ အဲဒါမျိုး ငါ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်၊ ဒီအတိုင်းဆို တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲ"

"မော် နင်ဘာတွေ ပြောနေတာလဲ၊ သီဂီက သူ့ကိုယ်သူ ပြန်မြင်ရတယ်လို့ ပြောတာလေ၊ အဲဒါ သရဲခြောက်တာပေါ့ဟ၊ ငါ ငါတို့တော့ မနေရဲတော့ဘူးနော် မိသံ"

"ဟုတ်တယ်ဟာ ဒီအိမ်ထဲကနေ မြန်မြန်ထွက်ကြပါစို့၊ ငါတို့ကားထဲမှာပဲ သွားနေပြီး မိုးလင်းမှ ခရီးဆက်ကြရင် မကောင်းဘူးလား"

"အို ကြောက်ရအောင် အခု ဘာဖြစ်နေလို့လဲ ကားထဲမှာ သွားနေရင် အန္တရာယ် ဘယ်လောက်များမယ်ထင်သလဲ ရာသီဥတုက ဆိုးတဲ့အတွက် သဘာဝ အန္တရာယ်လဲ ရှိတယ်၊ ကိုယ်မကျွမ်းကျင်တဲ့ ဒေသမို့ လူဆိုးဓားပြတွေ ရှိမရှိလဲ သိနိုင်တာ မဟုတ်ဘူး၊ ဒါကြောင့် ငါကတော့ လုံခြုံတဲ့

ဒီနေရာမှာပဲ နေချင်တယ် သီဂီ ပါးစပ်ပိတ်မထားနဲ့ နင့်ဆန္ဒကို ပြော”

ဟို မော်က သူမကိုပါ လှည့်ပေးသည်၊

“ငါလား ငါလဲ ဒီမှာပဲ နေချင်တယ်၊ မော် ငါ့စိတ်ထဲမှာ ထူးထူးခြားခြားတွေ ခံစားနေရတယ်ဟာ၊ နင်တို့ နားလည်အောင် ငါမပြောတတ်ဘူး၊ ဒီနေရာနဲ့ ဒီအိမ်ကြီးဟာ ငါနဲ့ ပတ်သက်နေသလိုမျိုး စိတ်ထဲကဆိနေတယ်၊ ဘယ်လို့ပတ်သက်နေတာလဲဆိုတာကို့ သိချင်မိတာလဲ အရမ်းပဲ၊ ဒါကြောင့် ငါကတော့ ဒီမှာပဲ တစ်ညအိပ်ပြီး မိုးလင်းမှပဲ ခရီးဆက်ချင်တယ်”

မိသံက သူမ စကားကို နားထောင်ပြီး ဘုရားတသည်။

“ဘုရားရေ ဒီ ဒီအိမ်ကြီးထဲမှာပဲ ညအိပ်ရမယ် ဟုတ်လား”

“အေးလေ ဘာဖြစ်လို့လဲ ဒီလောက် နွေးနွေးထွေးထွေး ခြောက်ခြောက်သွေ့သွေ့နေရာမှာ နေရတာ ဘယ်လောက် အဆင် ပြေထားသလဲ”

ဟု မော်က သူမကိုယ်စား ဝင်ပြောပေးသည်။

“အို ဒီ ဒီနေရာမှာ မကောင်းဆိုးဝါးတွေရှိရင် ဘယ်လို

လုပ်မလဲ၊ တောင်းပန်ပါတယ်ဟာ သွားကြပါစို့ အိမ်ကြီးမှာ လူတွေရှိနေတယ်ဆိုရင်လဲ ထားပါတော့ အခုဟာက လူလဲ တစ်ယောက်မှ ရှိတာ မဟုတ်ဘူး”

ဟု ချောချောက ပြောပြန်သည်။

“ဟဲ့ လူမနေတဲ့အိမ်ဆိုရင် ဒီလောက်အထိ သန့်သန့်ရှင်းရှင်း သားသားနားနား ရှိပါ့မလား၊ စုတ်ပြတ်ဟောင်းနွမ်းနေမှာပေါ့၊ အခု လူနေလို့သာ သန့်ရှင်းသပ်ရပ်နေတာ”

“ဒါဆို ဘယ်မှာလဲ အိမ်ရှင်တွေ”

“ဟာ… ခရီးတွေဘာတွေ ထွက်နေလို့ ဖြစ်မှာပေါ့၊ တော်ပြီဟာ စကားပြောရတာ ဗိုက်ပိုဆာတယ်၊ သီဂီရေမီးဖိုခန်းထဲမှာ စားစရာ သောက်စရာ သွားရှာကြည့်ကြရင် မကောင်းဘူးလား”

မော်က အမှန်တကယ်ပင် ရဲတင်းသွက်လက်နေလေသည်။

“အေး ကောင်းသားပဲ၊ ပြီးတော့ ဟိုစင်္ကြံလေးအဆုံးမှာ ဘာတွေရှိတယ်ဆိုတာကိုလဲ သွားကြည့်ရအောင်မော်”

“အေးဖယောင်းတိုင်နဲ့ သွားမယ်”

အတိုင်အဖောက်ညီညွတ်နေသည့် သူမနှင့် မော်ကို

ဦးလေးကြီးက ထူးဆန်းသည့်စကားဖြင့် ဝင်တားသည်။

"တူမကြီးတို့ ဘယ်ကိုမှ လျှောက်မသွားကြပါနဲ့ ၊ ဘာစားစရာသောက်စရာမှလဲ ရှာမစားကြပါနဲ့၊ ဒီနေရာမှာပဲ ငြိမ်ငြိမ်လေးနေပြီး ရာသီဥတုကောင်းသွားတာနဲ့ အမြန်ဆုံး ပြန်ထွက်ကြရအောင် ဦးလေး စိတ်ထဲမှာ မသန့်ဘူး"

စိတ်ထဲမှာ မသန့်ဘူးဆိုသည့် စကား၏ ဆိုလိုရင်းကို သူမနှင့် မော်က နားမလည်သည့်အတွက် ထပ်မေးလိုက်မိသည်။

"ဦးလေး စိတ်မသန့်ဘူးဆိုတာ ဘာကို ပြောတာလဲ ဟင်"

ကားဆရာဦးလေးကြီးက ချက်ချင်း ပြန်မဖြေသေးဘဲ ဟိုဟိုသည်သည် ဝေ့ဝဲကြည့်လိုက်သေးသည်။ ပြီးတော့မှ သက်ပြင်းချပြီး ခပ်တိုးတိုးပြောသည်။

"ဦးလေး အထင် အခု မြင်တွေ့နေရတာတွေဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး"

"သွေးရိုးသားရိုး မဖြစ်နိုင်ဘူး ဟုတ်လား အဲဒါ ဘာကို ပြောတာလဲ ဦးလေး၊ ကျွန်မ နားမလည်ဘူး"

ဦးလေးကြီးသည် သူမမေးတာကို ချက်ချင်း ပြန်မဖြေ

ဘဲ ဝေ့လည်လည် လုပ်နေပြန်သည်။

"ဟောဒီက တူမကြီးနှစ်ယောက်က အရမ်းကြောက်လန့်နေကြတာဆိုတော့ ဦးလေး မပြောချင်ဘူး"

ထိုစကားကြောင့် ချောချောနှင့် မိသံက ပိုမို ပူးကပ်သွားကြပြီး သူမနှင့် မော်ကတော့ သိချင်စိတ်တွေ ပိုမိုပြင်းပြလာလေသည်။

"ဘာလဲ ဦးလေး ဘာလဲဟင်"

"ပဟေဠိတွေ လုပ်မနေပါနဲ့ ဦးလေးရယ်၊ ပြောမှာသာ ပြောပါ. သွေးရိုးသားရိုး မဖြစ်နိုင်ဘူးဆိုတာ ဘာကို ဆိုလိုတာလဲ"

ဦးလေးကြီးက မတတ်သာတော့သည့်ဟန်ဖြင့် လေသံကိုနှိမ့်ပြီး ပြောသည်။

"ဦးလေး အတွေ့အကြုံအရ ဒါဟာ ပယောဂဝင်နေတာပဲ"

"ပယောဂ အဲဒါ ဘာလဲ"

သူမနှင့် မော်က ပြိုင်တူထပ်မေးတော့မှ ဦးလေးကြီးကရှင်းပြသည်။

"အနှောင့်အယှက်လေ နာနာဘာဝ အနှောင့်အယှက်

ပေါ့၊ ညည်းတို့ကြည့်စမ်း တောထဲမှာ ရှိနေတဲ့အိမ်ကြီးတစ်လုံးဟာ ဒီလောက်တောင်ပဲ သန့်ရှင်းတောက်ပြောင် ခမ်းနားနေတာ သဘာဝကျလို့လား ဒီလောက်ကြီးတဲ့အိမ်ကြီးတစ်ဆောင်ကို ဒီလို သန့်ရှင်းအောင်လုပ်ဖို့အတွက် အလုပ်သမားငါးယောက် အသာလေးလိုမှာပဲ၊ အခုကြည့်စမ်း အိမ်မှာလူတစ်ယောက်မှတောင် ရှိမနေဘူး၊ ဒါဟာ သံသယဝင်စရာပဲ၊ ဒါကြောင့် ဦးလေးကတော့ ဒီနေရာမှာပဲ ငြိမ်ငြိမ်လေးနေစေချင်တယ်”

ဦးလေးကြီး၏စကားကြောင့် ချောချောနှင့် မိသံကတစ်ယောက်နှင့်တစ်ယောက် ဖက်ထားပြီး ဘုရားစာများကိုကပေါက်တိကပေါက်ချော ထရွတ်ကြတော့သည်။

အကြောက်လွန်နေကြတာမို့ ဘုရားစာများက အမြီးအမောက်မတည့်ဘဲ ဖြစ်နေလေသည်။

သူမနှင့် မော်ကတော့ ဦးလေးကြီးပြောသည့်စကားကိုလက်မခံဘဲ ရယ်မောပစ်လိုက်ကြသည်။

“ဟာ... ဦးလေးကလဲ ကြောက်နေတဲ့သူတွေကိုပိုကြောက်အောင် မလုပ်ပါနဲ့၊ ဦးလေး ပြောတာ မဖြစ်နိုင်ပါဘူး၊ နည်းနည်းတော့ ထူးဆန်းတယ်၊ ဒါပေမဲ့ ဦးလေးခြောက်

သလောက်တော့ ကြောက်စရာမကောင်းဘူး ဟုတ်တယ်နော် သီဂီ"

မော်က သူမဘာက်ကို လှည့်မေးလိုက်တာမို့ ယောင်နန နှင့် ခေါင်းညိတ်ပြလိုက်ရသည်။

မော် ဘာကြောင့် ဒီလောက်တောင် ရဲတင်းနေရတာလဲ။

မော်ကို ကြည့်ရတာ တစ်မျိုးကြီးများ ဖြစ်နေသလားဟု တွေးမိပြီးမှ သီဂီက ထိုအတွေးကို မောင်းထုတ်ပစ်လိုက်ရပြန်သည်။

"လာ သီဂီ သူတို့ မလိုက်ချင်ရင် နေပစေ တို့နှစ်ယောက်လျှောက်ကြည့်ရအောင်"

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် သူမသည်လည်း အလွန်အကျွံ မဟုတ်တောင် အနည်းအပါးတော့ ကြောက်လန့်နေမိတာအမှန်ပဲ ဖြစ်သည်။

ဒါပေမဲ့ ထူးဆန်းသည့်အကြောင်းအရာကို သူလိုစိတ်ပြင်းပြနေတာမို့ ကြောက်သည်ဆိုပြီးတော့လည်း ထွက်မသွားနိုင်။

သူမကို အိမ်ကြီးထဲရှိ တစ်စုံတရာက ဆွဲငင်ဖမ်းစားထားတာမျိုးလည်း ဖြစ်နိုင်သည်။

အဲဒီလို အခြေအနေတွင် သူမကို အဖော်လုပ်ပေးဖို့ အတွက် မော်က ရဲရင့်နေတာကိုပဲ ကျေးဇူးတင်ရလိမ့်ဦးမည်။

"ပြောနေ ကြတာတယ်ဟာ၊ လာ ဖယောင်းတိုင် တစ်တိုင်ယူပြီးလျှောက်ကြည့်ရအောင်"

မော်က ပြောပြောဆိုဆို ဖယောင်းတိုင်ကြီးဆီသို့ လျှောက်သွားသည်။

မီးညွန့်က ယိမ်းထိုးနေသည့်အတွက် မော့်အရိပ်ရှည်ရှည် ကြပါ ယိမ်းထိုးနေပြီး တစ္ဆေတစ်ကောင် ကနေသလားဟုပင် ထင်မှတ်ရလေသည်။

စောစောက မြင်ကွင်းထဲတွင် တွေ့လိုက်ရသည့် သူမ တစ်ကိုယ်နှင့် ခပ်ချောချောလူရွယ် ဝင်သွားသည့် စင်္ကြံအကွေ့ ကလေးဆီသို့ သွားကြည့်ချင်သောဆန္ဒများ ပြင်းပြနေသလို ဘာကြောင့်မှန်းမသိဘဲ သီဂိကို ထိုနေရာကို သွားရမှာလည်း ကြောက်လန့်တုန်လှုပ်နေမိပြန်သည်။

သူမဘာသာ သူမ မသွားဘဲနှင့်လည်း နေလို့ရမည် မဟုတ်ပါ။

ထိုနေရာတွင် ထူးခြားမှုတစ်စုံတရာ ရှိနေမည်ဆိုတာကို လည်း သူမ စိတ်အာရုံထဲက အလိုလို ခံစားနေမိ၏။

မော်က ဖယောင်းတိုင်ကို ယူလိုက်သည့်အချိန်တွင် လေအေးများသည် ဖယောင်းတိုင်မီးကို ခပ်ပြင်းပြင်း တိုက်ခတ်သွားသည့်အတွက် မီးက ဟုတ်ခနဲ ငြိမ်းသွားတော့သည်။

နောက်ထပ်ဖယောင်းတိုင် တစ်တိုင်၏ မီးအလင်းရောင်ကြောင့် တစ်ခန်းလုံး မှောင်မည်းသွားခြင်း မရှိသော်လည်း အထိတ်တလန့် ဖြစ်သွားကြတာတော့ အမှန်ပင်။ ချောချောနှင့် မိသံမျက်နှာက သွေးမရှိတော့သလို ကားဆရာဦးလေးကလည်း မျက်နှာပျက်နေလေသည်။

မီးပြန်ညှိဖို့ မီးခြစ်က တော်တော်နှင့် ခြစ်လို့မရ။

"မသွား မသွားကြပါနဲ့ဟာ"

ဟု မိသံက လေသံချိနဲ့နဲ့လေးနှင့် တားသည်။

"နင်တို့ အိမ်ကြီးထဲမှာ လျှောက်သွားမှာကို သရဲတွေက မကြိုက်လို့ မီးမှုတ်ပစ်တာ မသွားပါနဲ့"

မော်ကလည်း တစ်ခွန်းမှ မခံဘဲ ပြန်ပြောသည်။

"တော်စမ်းပါဟာ ဘာသရဲလဲ သရဲဆိုတာ နင်မြင်ဖူးလို့လား မဟုတ်တာတွေ လျှောက်မပြောမနေနဲ့"

ကျောင်းမှာကတည်းက မော်နှင့်ချောချောသည် စကားပြောကြလျှင် အပေါက်အလမ်း မတည့်ကြတာ များသည်။

ခဏခဏ ငြင်းခုန်ပြီး ငြိတတ်ကြတာမို့ အခုလည်း အဆင်မပြေဖြစ်နေတော့သည်။

"ဟဲ့... သိင်္ဂီ သရဲအခြောက်ခံရတာပေါ့ မိမော်ရဲ့ တကယ်ဆို နှင်တို့ ဒီမှာဆက်နေဖို့ကို မသင့်တော့ဘူး။"

ဖယောင်းတိုင်မီး ပြန်ထွန်းလို့ ရသွားသော်လည်း မော်နှင့် ချောချောက မပြီးပြတ်ကြသေးပါ။

"ဒါသရဲ ခြောက်ခံရတာမဟုတ်ဘူး၊ အာရုံထင်ဟပ်တာ အတိတ်ကဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို အလိုအလျောက်သိလာတာ၊ ဒါကြောက်နေရမယ့်ကိစ္စမဟုတ်ဘူး၊ ကြုံတောင့်ကြုံခဲမို့ လေ့လာစူးရမ်းရမယ့်ကိစ္စ သိရဲ့လား"

မော်နှင့်ချောချော အမျေအတင် ပြောဆိုနေကြတာကို ဝင်ရောက်ဟန့်တားဖျန်ဖြေဖို့ ကြိုးစားနေဆဲမှာပင် သိင်္ဂီက သွေးပျက်ဖွယ်ကိစ္စနှင့် ထပ်ကြုံတွေ့လိုက်ရပြန်သည်။

အဲဒါက သူမသည် ချောချောတို့ မိသံတို့ကို တွေ့မြင်နေရသော်လည်း သူတို့ပြောဆိုနေသည့် စကားများကို လုံးဝမကြားရဘဲ သူမနားထဲတွင် မြင်တွေ့နေရသည့် မြင်ကွင်းနှင့် ဘာမှ မဆိုင်သောအသံများကို ကြားလိုက်ရတာပဲ ဖြစ်လေသည်။

စကြားကြားချင်းတွင် တိုးလျသော လေးချွန်သံလိုလို အ ဲ့သံတစ်ခုဖြစ်နေပြီး တဖြည်းဖြည်းနှင့် ထိုအသံကကျယ် လောင်လာတာဖြစ်သည်။

အသံသည် လူတစ်ယောက် ခက်ခဲပင်ပန်းစွာ အသက် ရှူနေသည့်အသံဖြစ်လေသည်။ ဝေဒနာပြင်းထန်စွာ ခံစား နေရသည့် သေကောင်ပေါင်းလဲ လူတစ်ယောက်၏ အသက် ရှူသံဖြစ်သည်။

ပထမ တိုးတိုးလေးပဲ ကြားရပြီး နောက်မှ ပီပီသသ ကြားလာရတာ ဖြစ်သည်။ နားစိုက်ထောင်လိုက်တော့ မိန်းမ တစ်ယောက်၏ အကူအညီတောင်းခံသံကို အသက်ရှူသံပြင်း ပြင်းကြားရပြန်သည်။

"ကယ်ကြပါရှင်၊ ကျွန်မကို ကယ်ကြပါ"

"ကျွန်မ ကျွန်မ သေရပါတော့မယ် ကယ်ကြပါရှင်"

တုန်ယင်ဖိုလှိုက်နေသော ထိုအသံသည် ဧည့်ခန်းမကျယ် ကြီးမှအတွက် စင်္ကြံဘက်မှ လာသည့်အသံဖြစ်သည်။ အသံ ကြားရာ နေရာသို့ သူမက အပြေးအလွှားသွားဖို့ ပြင်တော့ မော်တို့က သူမကို ဝိုင်းဆွဲထားကြသည်။

အဲဒီအခါကျတော့ လက်ရှိပတ်ဝန်းကျင်မှ အသံများကို

သူမက ပြန်ကြားရလေသည်။

"သီဂီ ဘာဖြစ်လို့လဲ"

"ဘယ်သွားမလို့လဲ"

"ဘုရားရေ အလန့်တကြား ရှိလိုက်တာဟယ်"

စသည်ဖြင့် အားလုံးက ဝိုင်းပြောကြသည်။

"အသံ အသံ နင်တို့ မကြားရဘူးလား"

သူမက အမောတကော မေးတော့ အားလုံးက တညီတညာတည်း ခေါင်းခါကြသည်။

"ဟင့်အင်း၊ မကြားပါဘူး၊ နင် နင် ဘာကြားလိုက်လို့လဲ သီဂီ"

"ညည်းသံ ညည်းသံဟာ ပြီးတော့ ကယ်ကြပါရှင်လို့ အကူအညီတောင်းနေတယ်၊ ဟောကြားနေရတုန်းပဲ နင်တို့ မကြားဘူးလား"

ပြောနေဆဲမှာပင် သနားစရာကောင်းသည့် အကူအညီတောင်းသံကို ပိုမို ပီသစွာကြားလာရပြီး ထူးဆန်းတာက ထိုအသံသည် သူမ၏အသံဖြစ်နေခြင်းပဲ ဖြစ်လေသည်။

"ငါတို့တော့ ဘာမှမကြားမိပါလား၊ သီဂီ နင့်စိတ်က ထင်နေတာ များလား"

ဟု မော်က ပြောသည်။ ချောချောကတော့ ထုံးစံအတိုင်း ငိုသံပါကြီးနှင့်ပြောသည်၊

"ဘုရား ဘုရား၊ သေချာပါတယ်၊ သရဲ သရဲ အခြောက်ခံနေရတာပဲ"

"ချောချော နင် တိတ်တိတ်နေစမ်းပါဟာ၊ ဦးလေးရော သီဂီပြောတဲ့အသံကို ကြားမိသလားဟင်"

ကားဆရာ ဦးလေးကြီးက ခပ်ပြုန်းမြန် ခေါင်းခါပြသည်။

"မကြားပါဘူး၊ တူမကြီးရယ်၊ ဦးလေးမကြားမိပါဘူး"

"ဟော ဒီက တူမကြီးနားကြားများ လွဲသလား"

"ဟင့်အင်း မလွဲဘူး၊ လုံးဝမလွဲဘူး၊ အခုလိုကြားနေရတာ အသက်ရှူကျပ်နေတဲ့အသံ ပြီးတော့၊ ကယ်ကြပါလို့ အကူအညီတောင်းနေတဲ့ အသံ၊ အဲဒီအသံ ဟောဟို စကြိုဘက်ကလာနေတာ"

ပြောပြောဆိုဆိုပင် သူမက မော့်လက်ထဲမှ ဖယောင်းတိုင်ကို လှမ်းယူလိုက်ပြီး အသံထွက်လာနေသည့် စကြိုဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့မိသည်။

ကြားနေရသည့် မိန်းမအသံသည် သူမ၏အသံဖြစ်နေ

ခြင်းသည် အတော့်ကို ထူးဆန်းပြီး ကြောက်လန့်ချင်စရာ လည်း ဖြစ်နေသေးသည်။

"သီဂီ နေဦး ငါပါလိုက်မယ်"

မော်က သူမနှင့်အတူ ကပ်ပါလာသည်။

"ငါ... ငါတို့လဲ လိုက်မယ် မနေခဲ့ရဲဘူး"

ဟု ပြောပြီး ကျန်လူများကပါ သူမနှင့် မော်၏နောက်မှ ကပ်ပါလာသည်။

သူမကတော့ အဆက်မပြတ်ကြားနေရသည့် အသံကိုသာ အာရုံစိုက်နေမိသည့်အတွက် သူမပတ်ဝန်းကျင်ရှိ လူများကို ဘယ်လိုမှ စိတ်မဝင်စားနိုင်ဘဲ အသံထွက်နေရာဆီသို့သာ ဦးတည်ပြီး အမောတကော လျှောက်သွားမိလေတော့သည်။

* * *

# အခန်း (၆)

ညည့်ခန်းမကြီး၏ နယ်နိမိတ်ကိုလွန်ပြီး အခန်းကူးစင်္ကြံလမ်းပေါ်သို့ ခြေချလိုက်တာနှင့် သူမ၏ခန္ဓာကိုယ်က ယိမ်းထိုးလှုပ်ခါသွားပြီး အသက်ရှူသံတွေပါ မြန်ဆန်လာလေသည်။

သူမသည် နတ်ဝင်သည့်အခါ ခြေလက်ဦးခေါင်းများ တုန်ခါလှုပ်ရှားလာပြီး အသက်ရှူမဝသည့် ခံစားမှုဝေဒနာကိုပါ စတင်ခံစားလာရလေ၏။

မော်နှင့် ကားဆရာဦးလေးကြီးသည် စင်္ကြံလမ်းနံဘေးတွင် အဆင်သင့်ရှိနေသည့် ဖယောင်းတိုင်များကို ထွန်းညှိလိုက်တာမို့ လင်းသွားသည်။

"ကယ်ကြပါရှင် ကျွန်မ သေရပါတော့မယ်"

ဆိုသည့် တိုးသဲ့သဲ့အကူအညီ တောင်းသံလေးသည် တဖြည်းဖြည်းနှင့် သူမနှင့် ပိုမိုနီးကပ်လာလေသည်။

ထိုအသံသည် သူမအသံမှ သူမ၏အသံစင်စစ်ဖြစ်နေခြင်းကတော့ အတော့်ကို ဆိုးဝါး လိပ်ပြာလွင့်ချင်စရာဖြစ်၍နေလေတော့သည်။

"ကြားရတယ် ကြားနေရတယ်၊ မော် ကယ်ကြပါရှင်တဲ့ ကျွန်မ သေရပါတော့မယ်တဲ့ အဲဒါ အဲဒါ ငါ့အသံမှ ငါ့အသံပါပဲ နားထောင်ပေးကြစမ်းပါ၊ နင်တို့ မကြားကြဘူးလား"

ဂနာမငြိမ်ဖြစ်နေသည့် သူမက လှုပ်ရှားဆူဝေစွာ ပြောလိုက်မိသည်။

"သီဂီ စိတ်ကို လွှတ်မပေးနဲ့လေ၊ ငါတို့တော့ ဘာသံမှ မကြားပါဘူး"

"ဟုတ်တယ် ငါတို့လည်း မကြားရဘူး"

"နင် ကြားနေရတာ နင့်ရဲ့အသံပဲဆိုတော့ ဟုတ်သေးရဲ့လား သီဂီ"

ထိုစကားကို သူမပြောသမျှအား ယုံကြည်ပေးပြီး သူမ

ဘက်မှ ရပ်တည်ပေးသည့် မော်က ပြောလိုက်တာမို့ သီဂီက စိတ်ပျက်သွားရသည်။ ဒီအတိုင်းဆို မော်ကပင် သူမ ပြောတာတွေကို ယုံချင်မည် မဟုတ်တော့။

"ဟုတ်ပါတယ်မော်ရယ် ငါ မညာပါဘူး၊ အသေအချာ ကြားနေရတာဟာ ဟော အသံက ပိုမိုနီးလာပြီး တဖြည်းဖြည်း နဲ့ ပိုနီးလာပြီ။ အခုလဲ ကြားနေရတယ်။ အဆက်မပြတ် ဟုတ်တယ်။ အဆက်မပြတ်ဘဲ"

မော်တို့မျက်နှာပေါ်တွင် စိတ်ပျက်ခြင်း၏အရိပ်များ ဖြစ်ပေါ်နေကြောင်း သူမ သတိပြုမိသည်။

မတတ်နိုင် သူမကိုယ်တိုင် လိမ်ညာနေခြင်း မဟုတ် သည့်အတွက် ဘာကိုမှ မတတ်နိုင်ပါ။

"ကယ်ကြပါရှင် ကယ်ကြပါ"

ဆိုသော အသံနှင့် အနီးဆုံးသို့ရောက်လာချိန်တွင် စကြိုလမ်းက အဆုံးသတ်သွားပြီး သူမတို့ရှေ့၌ အောက်ဘက် သို့ ဆင်းသည့်လှေကားထစ်များကိုသာ တွေ့ရတော့သည်။

"လမ်းဆုံးသွားပြီ လှည့်လှည့်ပြန်ပါတော့ဟာ ဒီနေရာ ကြီးက အေးစိမ့်စိမ့်နဲ့ ကြောက်စရာကြီး"

ဟု မိသံက ပြောသည်။

"လှေကားထစ်တွေကလည်း မှောင်မည်းနေတာပဲ လာကြပါတော်၊ ညှော်ခန်းထဲမှာပဲ သွားနေကြရအောင်၊ ငါ အရမ်းကြောက်နေပြီ"

ဟု ချောချောက ပြောသည်။

"ဟုတ်ပါတယ် တူမကြီးတို့ရယ် ရှေ့ဆက်မသွားပါနဲ့ အန္တရာယ်များပါတယ်"

ဟု ကားဆရာ ဦးလေးကြီးက ပါဝင်ပြောသည်။

အမြဲတမ်း သူမကို အားပေးသည့် မော်ကတော့ ဒီတစ်ခါ တိတ်ဆိတ်နေလေသည်။ သေချာသည့် သူမ ဘက်တွင် မရှိတော့ပါ။

သို့သော် နောက်ဆုတ်ဖို့ကတော့ ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်။

ကြားနေရသည့်အသံ လှေကားထစ်များ အောက်ဘက်မှ ထွက်ပေါ်လာနေခြင်းဖြစ်ပြီး ထိုနေရာတွင် တစ်စုံတရာရှိနေ လိမ့်မည်ဟုလည်း သူမ၏ စိတ်အာရုံများက ခံစားလို့ရနေ သည်။

"အသံ အသံက လှေကားအောက်က လာနေတာ ဆင်းဆင်းကြည့်မှဖြစ်မယ်၊ နီးနေပြီ အရမ်းကို နီးနေပြီနော်"

သူမ၏ တဆတ်ဆတ်တုန်နေသော ခန္ဓာကိုယ်ကို မော်က ခပ်တင်းတင်းဖက်ပြီး အများနည်းတူပင် နောက် ကြောင်း ပြန်လှည့်ဖို့ သူမကို ဖျောင်းဖျလေသည်။

"သီဂီ နင် နေမကောင်းဘူး၊ နင့်တစ်ကိုယ်လုံး အေးစက်နေတာပဲ၊ လာ ငါတို့အိမ်ရှေ့ခန်းထဲ, ပြန်သွားရ အောင်"

"ဟင့်အင်း မဖြစ်ဘူးမော် အသံကို ကြားနေရတယ်၊ နီးနီးလေးပဲ၊ တကယ်နီးနီးလေးပဲ ကျန်တော့တာဟ၊ ငါ ငါ အောက်ဆင်းကြည့်မှ ဖြစ်မယ်"

"နင် ဒီလောက်အသက်ရှုကျပ်နေတာ မဖြစ်ပါဘူး၊ သီဂီရယ် လှေကားအောက်ကိုဆင်းကြည့်ချင်ရင် မနက်မိုးလင်း မှ ဆင်းကြည့်ကြတာပေါ့"

"မဖြစ်ဘူး၊ မဖြစ်ဘူးမော်၊ အခုမှ ဆင်းမှဖြစ်မှာ အကူအညီတောင်းနေတဲ့ အသံက တဖြည်းဖြည်းနဲ့ အားပျော့ လာနေပြီ"

အမှန်တကယ်ပင် "ကယ်ကြပါရှင်" ဟု အကူအညီ တောင်းနေသည့် အသံကလေးသည် စောစောတုန်းကထက် မိန့်ဖျော့တိုးတိမ်လာပြီး လေသံသဲ့သဲ့ လောက်သာ ကျန်တော့

သည်။

သူမအနေဖြင့် ထိုအသံကို လျစ်လျူရှုထားပြီး မနက်မိုးလင်းအောင် ဘယ်လိုမှ မနေနိုင်ပါ။ ကြားနေရသည့်အသံသည် သူမအသံဖြစ်နေသလို သူမကိုယ်တိုင် ဝေဒနာတစ်ခုကို ခံစားနေရသည့်အတွက် ပိုလို့ပင် ပစ်မထားနိုင်ခြင်းဖြစ်သည်။

"သီဂိ နင် နားလိုက်ပါတော့ဟယ်၊ နင် အရမ်းပင်ပန်းနေပြီ၊ ပြီးတော့ နင့်ကို ကြည့်နေရတာ နေကောင်းပုံလဲမရဘူး၊ နောက်ပြီးတော့ လေ့ကားကြီးကလဲ မှောင်မည်းနေတာပဲဟာ လာပါ မနက်မှ ဆင်းကြည့်ကြတာပေါ့"

မော်က. သူမကို ချော့မော့သည်။

"ဟုတ်ပါတယ် တူမကြီးရယ်၊ အရှေ့အခန်းထဲမှာပဲ နွေးနွေးထွေးထွေး ပြန်နေလိုက်ပါ၊ တူမကြီးကို ကြည့်ရတာ အရမ်း မောနေတဲ့ပုံပဲ"

ဟု ဦးလေးကြီးကလည်း ပြောသည်။

မိသံနှင့် ချောချောကလည်း ဝိုင်းတားကြသည်။ သို့သော်. သူမကတော့ ဘယ်သူ့စကားကိုမှ နားမထောင်နိုင်ဘဲ တဆတ်ဆတ်တုန်ယင်နေသည့် ခြေလှမ်းများနှင့်ပင် လှေကားထစ်များဆီသို့ ဦးတည်သွားနေမိတော့သည်။

တကယ်တမ်းကျတော့ သူမ၏ပြင်းပြသော ဆန္ဒကို ဘယ်သူမှ ရိုက်ချိုးမပစ်နိုင်တာ သေချာလေသည်။

* * *

# အခန်း (၇)

စကြိုလမ်းအဆုံးတွင်ရှိနေသည့် အောက်ဘက်သို့ ဆင်းသွားသော လှေကားများသည် ကြောင်လိမ်လှေကားသဏ္ဍာန်ဖြစ်ပြီး သိပ်မကျယ်လှပါ။

လှေကားထစ်များကို သူမက စတင်နင်းဖြတ်ပြီး မော်ကတော့ သူမနောက်ကျောမှ ကပ်ပါလာသည်။ မိသံချောချောနှင့် ကားဆရာဦးလေးကြီးတို့ သုံးယောက်ကတော့ လှေကားထိပ်တွင် ကျန်ရစ်ခဲ့ကြလေသည်၊

သူမအတွက်တော့ ဘယ်သူဘယ်ဝါ ပါလာတာ မလာတာက အရေးမကြီးပါ။ အကယ်၍ မည်သူတစ်ဦးတစ်ယောက်မှ သူမနောက်မှ လိုက်မလာခဲ့ကြဘူးဆိုလျှင်တောင်

သူမကတော့ လှေကားထစ်များ၏အဆုံးကို မဖြစ်မနေ သွားရမှာပဲ ဖြစ်လေသည်။

ဘာကြောင့်လဲဆိုတော့ သူမ၏အသံသည် လှေကား အောက်အမှောင်ထဲတွင် အမှန်တကယ်ရှိနေလို့ပဲဖြစ်သည်။

ထို့ကြောင့် ဘယ်လိုနည်းနှင့်မဆို ထိုနေရာသို့ သူမ သွားကြည့်ရပါလိမ့်မည်။

လှေကားထစ်များသည် ရေခဲတမျှ အေးစက်နေသော ကျောက်သားများဖြစ်နေလေသည်။

ခြေဖဝါးနှင့်လှေကားထစ်များ၏ အထိအတွေ့သည် ရိုးတွင်းချဉ်ဆီထိအောင် အေးစက်ထုံခဲသွားသလိုမျိုး ခံစားရပြီး လှေကားထဲရှိ အမှောင်ကတော့ ဖယောင်းတိုင်ကြီး၏ မီး အလင်းရောင်ပင် တိုးမဖောက်နိုင်လောက်အောင် ထူထဲပိန်း ပိတ်နေသလားဟု ထင်မှတ်ရလေသည်။

"ကယ်ကြပါ"

ဆိုသော ချိန့်ပြတ်တောင်းသည့် အသံကလေးကို နောက်ဆုံးကြားလိုက်ရချိန်နှင့် လှေကားထစ်များ၏အဆုံးသို့ သူမရောက်သွားသည့်အချိန်က တစ်ထပ်တည်းကျနေပြီး သူမရင်ထဲသို့ ဝမ်းနည်းမှုများက အလုံးအရင်းဖြင့် တိုးဝင်လာ

သည်။

သူမထံမှ ရှိုက်သံများ လွင့်ထွက်လာတော့ မော်က အလန့်တကြား မေးသည်။

"သီဂီ ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲဟင်"

သူမက မော့်ကို ဘာမှ ပြန်မပြောနိုင်ဘဲ လှေကားထစ်များ၏ အဆုံးတွင် ရှိနေသည့် သော့ခတ်ထားသော တံခါးချပ်ကြီးကိုသာ ကြည့်နေမိသည်။

ထိုအချိန်တွင် သူမ၏အသိစိတ်နှင့် ခံစားမှုများက ဝါဂွမ်းစိုင်ကလေးလို ပေါ့ပါးလွင့်မျောသွားလိုက် သံခဲကျောက်တုံးတွေလို လေးလံဖိစီးသွားလိုက်ဖြစ်နေပြီး အခြားအာရုံထဲမှာတော့ သူမနံဘေးကနေ တတွတ်တွတ်ပြောနေသည့် မော့်စကားသံများကို ကြားနေရလေသည်။

"ကဲ ဘာရှိလို့လဲ သီဂီ သော့ခတ်ထားတဲ့အခန်းပဲရှိတယ်၊ ဒါ စတိုခန်းပဲဖြစ်မှာပေါ့၊ အထဲမှာ အသုံးမလိုတဲ့ပစ္စည်းအစုတ်တွေဘာတွေညာတွေပဲ ရှိမှာပေါ့ဟာ ဘာမှမဆန်းပါဘူးလာ အပေါ်ပြန်တက်ကြစို့"

မော့်ကို တစ်ခုခု ပြန်ပြောဖို့ ကြိုးစားနေဆဲမှာပင်သူမ၏ အမြင်အာရုံထဲသို့ လှေကားထစ်များကို နင်းဖြတ်ဆင်းလာ

သည့် လူတစ်ယောက်၏ပုံရိပ်တို့ တိုးဝင်လာသည်။

ထိုလူသည် ဘိုကပြားပုံစံ လူရွယ်ဖြစ်နေပြီးထိုလူ၏ လက်ထဲမှာတော့ ပျော့ခွေနေသည့် သူမနောက်တစ်ကိုယ်ကို ပွေ့ချီလာတာ တွေ့ရသည်။

ထိုလူ၏ ရင်ခွင်ထဲတွင် ရှိနေသည့် သူမသည် ဖြူဖပ် ဖြာနှမ်းနေပြီး ဝေဒနာတစ်ခုကို ပြင်းထန်စွာ ခံစားနေရ ကြောင်း ပေါ်လွင်ထင်ရှားနေလေသည်။

သူမ၏လက်များသည် ပျော့ခွေ၍ အောက်သို့တွဲလောင်း ကျနေပြီး ကျနေသည့်လက်တွင် ဝတ်ဆင်ထားသည့် စိန်ထည် လက်ဝတ်ရတနာများက တဖျပ်ဖျပ်ခါနေလေသည်။

လူရွယ်သည် သူမကို ပွေ့ချီထားပြီး ခြေလှမ်းကျဲများ ဖြင့် လှေကားထစ်များကို နင်းဖြတ်ကျော်လွှားဆင်းသွားပြီး စေ့ပိတ်ထားသော တံခါးချပ်ကို ခြေထောက်နှင့် ကန်ဖွင့်ကာ အခန်းထဲသို့ ဝင်သွားလေသည်။

အခန်းထဲသို့ ရောက်တာနှင့် အခန်းထောင့်တွင် သူမကို ခပ်ကြမ်းကြမ်း ပစ်ချလိုက်ပြီး လူရွယ်က တံခါးကို အလျင်စလို ပြန်ပိတ်သည်။

ထူးဆန်းတာကတော့ တံခါးပိတ်လိုက်ပေမဲ့ အခန်း

ထဲမှာ မြင်ကွင်းများအားလုံးကို သူမက အနီးကပ်ကြည့်နေရ သလိုမျိုး တွေ့မြင်နေရတာပဲ ဖြစ်လေသည်။

လူရှယ်သည် တံခါးကို အနိုင်အမာ အသေအချာ ပိတ်လိုက်ပြီးတာနှင့် လဲကျနေသည့် သူမထံသို့ ပြန်ရောက်လာလေသည်။ သူမရောက်နေသည့် အခန်းသည် ပြတင်းပေါက်များ လုံးဝ မရှိဘဲ တံခါးဆိုလို့ ဝင်ပေါက်တံခါးမကြီး တစ်ချပ်သာ ရှိသည့် အခန်းတစ်ခန်းဖြစ်ပြီး အခန်းကလည်း ကျယ်ဝန်းခြင်း မရှိပါ။

အခန်းသည် အေးစက်ခြောက်သွေ့နေပြီး အခန်းထဲ၌ မည်သည့်ပစ္စည်းပစ္စယများမှ ရှိမနေဘဲ ရှင်းလင်းနေလေသည်။

လူရှယ်သည် လဲကျနေသည့် သူမ၏အနီးသို့ရောက်တာနှင့် ဒူးထောက်ထိုင်ချလိုက်ပြီး သူမခံထုံးတွင် ထိုးစိုက်ထားသည့် စိန်ဆံထိုးကို စတင်ဖြုတ်ယူသည်။

သူမသည် လူရှယ်၏ လက်များကို တွန်းဖယ်ပြီး ထထိုင်နိုင်ဖို့ ကြိုးစားနေပုံရသော်လည်း သူမထနိုင်ခြင်းတော့ မရှိပါ။ သူမသည် အနူးအညွတ်တောင်းပန်နေသော မျက်လုံးများဖြင့် လူရှယ်ကို ကြည့်နေသော်လည်း ထိုလူ၏ မျက်နှာကတော့ အေးစက်တင်းမာလွန်းလှပြီး အစွမ်းကုန်

ရက်စက်ကြမ်းကြုတ်တော့မည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေလေသည်။

ထို့နောက် လူရွယ်သည် သူမကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် စိန်ထည်လက်ဝတ်ရတနာများအား ကြမ်းတမ်းစွာ အငမ်းရမ ချွတ်ယူတော့သည်။

အသက်ကို ကြိုးစားရှူရင်း လူလိမ့်နေသည့် သူမထံမှ လက်ဝတ်ရတနာများအားလုံးကို ချွတ်ယူပြီး နောက် သူမခြုံထားသည့် ပဝါနှင့်ပင် ထိုရတနာများကို ထုပ်ပိုးပြီး အထုပ်ကို ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

နောက် ဝေဒနာ ပြင်းထန်စွာ ခံစားနေရပြီး ချွေးသီး ချွေးပေါက်များဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် သူမကို အလုံပိတ်အခန်းထဲ၌ ထားရစ်ခဲ့ပြီး ထိုလူက အခန်းအပြင်သို့ ထွက်လာသည်။

ပြီးတော့ အခန်းတံခါးကို ပိတ်ပြီးတော့ သော့ခလောက်ကြီးဖြင့် ခတ်ပိတ်လိုက်၏။

ထို့နောက်မှာတော့ လူရွယ်သည် သော့တံနှင့် ရတနာထုပ်ကို အောက်ဆုံးလှေကားထစ်ရှိ အံဝှက်ထဲသို့ အသေအချာ ထည့်လိုက်ပြီး လှေကားထစ်များအတိုင်း ဟန်မပျက်

ပြန်တက်သွားလေသည်။

ထိုအချိန်၌ မှောင်မည်း အေးစက်နေသော အခန်းထဲတွင် ကျန်ရစ်ခဲ့သည့် သူမကတော့ နောက်ဆုံးထွက်သက်ကို ကြိုးစားရှူရှိုက်နေတာ တွေ့ရပြီး သီဂီက ထိတ်လန့်တကြား ထအော်လိုက်မိလေတော့သည်။

"အား"

စူးရှ ကျယ်လောင်သည့် သူမ၏ အော်သံအဆုံးတွင် မြင်တွေ့နေရသည့် မြင်ကွင်းက ပျောက်သွားပြီး မော့်အသံကိုသာ ကြားရလေသည်။

"သီဂီ သီဂီ ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ"

ထိုအချိန်တွင် မိသံတို့ ချောချောတို့ကပါ သူမအနားသို့ ရောက်လာပြီး အမောတကော မေးမြန်းနေကြလေသည်။

"ဘာဖြစ်တာလဲ"

"သီဂီ ဘာဖြစ်လို့လဲ မော်"

ကြောက်ရွံ့ထိတ်လန့်မှုကြောင့် သူမက တော်တော်နှင့် စကားမပြောနိုင်ဘဲ တဆတ်ဆတ်တုန်ယင်နေမိသည်။ မော်တို့ကလည်း သူမ ဘာတွေဖြစ်နေသည်ကို အသေအချာ သိပုံမရဘဲ အတင်းအကျပ် မေးမြန်းနေကြသည်။

"ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ သီဂီ ပြောပါတဲ့"

"သီဂီ သီဂီ"

နောက်ဆုံးတော့ ခန္ဓာကိုယ်က ရှိရှိသမျှ အင်အား ကလေးကို စုစည်းပြီး သီဂီက ကြိုးစားပမ်းစားဖြင့် သူမ တွေ့ရသည့် အဖြစ်အပျက်ကို ပြောပြလိုက်ရတော့သည်။

"အဲဒီအခန်းထဲမှာ အဲဒီအခန်းထဲမှာ သူ သူ ငါ့ကို သတ်ပစ်ခဲ့တာ"

"မော်က ကောက်ကာငင်ကာ ထမေးသည်။

"ဘယ်သူလဲ ဘယ်သူလဲ သီဂီ"

"ဟင့်အင်း မသိဘူး၊ ငါ့ကို အဆိပ်ခတ်သတ်ခဲ့တာ ငါ့ရဲ့ စိန်တွေကို ယူပြီး အဲဒီအခန်းထဲမှာ ငါ့ကိုထားခဲ့တာ ဟုတ်တယ်၊ အဲဒီအခန်းထဲမှာ"

ပြောရင်းမှ တဆတ်ဆတ်တုန်ယင်နေသော ခြေထောက် များရယ် ကြောက်လန့်လွင့်မျောနေသည့် အသိစိတ်များ ရယ်ကို ဘယ်လိုမှ ချုပ်ထိန်းထားနိုင်ခြင်း မရှိသည့်အဆုံး သူမသည် အမှောင်ထုထဲသို့ ပြိုကျသွားရလေတော့၏။

* * *

## အခန်း (၈)

"ငါ့ကို အဆိပ်ခတ်သတ်ခဲ့တာ ငါ့ရဲ့စိန်တွေကိုယူပြီး အဲဒီအခန်းထဲမှာ ငါ့ကိုထားခဲ့တာ ဟုတ်တယ်၊ အဲဒီအခန်း ထဲမှာ"

ဆိုသည့် စကားကို တုန်လှုပ်ခြောက်လန့်စွာ အော်ဟစ်ပြောပြီးတာနှင့် သီဂီက အေးစက်နေသော သံမံတလင်းပေါ်သို့ အရုပ်ကြိုးပြတ်ပစ်လဲကျသွားပြီး သတိလစ်သွားလေတော့သည်။

ထင်မှတ်မထားသည့်အတွက် မော်က သီဂီ၏ခန္ဓာကိုယ်ကို မထိန်းမတ်နိုင်ဘဲ ဖြစ်သွားရလေသည်။ မော်က သူမလက်ထဲတွင် ကိုင်ထားသည့် ဖယောင်းတိုင်ကြီးကို သတိမေ့လွှတ်ချ

လိုက်မိပြီး သီဂီကို ဆွဲထူလိုက်မိတာကြောင့် ဖယောင်းတိုင် မီးငြိမ်းသွားပြီး သူမတို့၏ပတ်ဝန်းကျင်သည် အမှောင်အတိ ကျသွားရလေတော့သည်။

မှောင်သွားတာနှင့် သူရဲဘောကြောင်သူ ချောချောနှင့် မိသံက အလန့်တကြား ထအော်ပြီး ဝရုန်းသုန်းကားတွေ ဖြစ်ပျက်ကုန်တော့၏။

"မော် ဖယောင်းတိုင် ဖယောင်းတိုင် ဘယ်အနားမှာလဲ အမြန်ပြန်ကောက်ပါဟ မီးခြစ်ရော ရှိလား လုပ်...လုပ်ပါ မီးမြန်မြန်ထွန်းပါ"

"ဘုရား ဘုရား ကယ်ကြပါဦး"

မော်က စိတ်တိုသွားပြီး အော်ပစ်လိုက်သည်။

"နင်တို့ဟာကလဲဟာ ဒီမှာ သီဂီဘာဖြစ်သွားမှန်း မသိဘူး၊ မီးမှောင်သွားရုံနဲ့ ဒီလောက်တောင် အော်မနေကြနဲ့ မီးပြန်လင်းချင်ရင် ဧည့်ခန်းထဲက ဖယောင်းတိုင်ကို နင်တို့ ဘာသာ သွားယူကြ ဒါပဲ"

ပြောပြီး ပျော့ခွေလဲကျသွားသည့် သီဂီကို အမှောင်ထဲမှာ ပင် ဆွဲထူနေမိဆဲ သူမလက်ထဲသို့ စောစောက လွတ်ကျသွား သည့် ဖယောင်းတိုင်က ပြန်ရောက်လာသည်။

အဆင်သင့်ယူထားသည့် မီးခြစ်နှင့် မီးထွန်းညှိသော်လည်း တော်တော်နှင့် ထွန်းလို့မရ။ အမှောင်သည် လေးလံပိကျနေသလိုမျိုး ဖြစ်နေသည့်အတွက် အသက်ရှူရတာပင် မဝသလိုမျိုး ခံစားနေရသည်။

ဒီတော့မှ မကြောက်ပါဘူးဟု အားတင်းထားသည့် မော်ကိုယ်တိုင် ဇောချွေးတွေ ပြန်လာရတော့သည်။

ထိုအချိန်တွင် လှေကားထိပ်တွင် ကျန်ရစ်ခဲ့သည့် ကားဆရာဦးလေးကြီးက အရှေ့ခန်းမှ မီးထွန်းသည့် ဖယောင်းတိုင်တစ်တိုင်ကို ယူလာပေးသည့်အတွက် အနည်းငယ်နေသာသွားရပြီး သီဂီကိုလည်း အသေအချာကြည့်လို့ ရသွားတော့၏။

သီဂီသည် ဖြူဖျော့ပြီး သတိလစ်နေလေသည်။ သီဂီနောက်ဆုံးပြောသွားသည့် စကား၏အဓိပ္ပာယ်ကို မော်က ဘယ်လို ဖမ်းဆုပ်ရမည်မှန်း မသိဘဲ ဖြစ်ရသည်။

သီဂီပြောတာတွေဟာ စိတ်ဖောက်ပြန်ပြီးပြောတာတွေလား၊ တကယ့်အဖြစ်အပျက်တွေကို ပြောတာပဲလား၊ အံ့သြစရာ ကောင်းလှတာတော့ အသေအချာပဲ ဖြစ်လေသည်။

"သီဂီ သီဂီ"

မော်က အံတင်းလှုပ်ခါနှိုးသော်လည်း သီဂီက သတိ

ပြန်ရမလာပါ။

အဲဒီအခါမှာတော့ သီဂီတစ်ခုခုဖြစ်သွားမှာကိုရော သူမတို့ရှေ့တွင်ရှိနေသည့် သော့ခတ်ထားသော အခန်းကိုပါ ကြောက်ရွံ့ထိတ်လန့်လာသည့် သူမက သီဂီကို နေရာရွှေ့ဖို့ ပြင်ဆင်ရလေတော့သည်။

"ကဲ နင်တို့ ငါ့ကို နည်းနည်းလောက် ကူစမ်းပါဟာ၊ သီဂီ ဒီနေရာမှာ အကြာကြီးလဲနေရင် အေးလွန်းလို့ ခဲသွားလိမ့်မယ်။ ငါတို့ သူ့ကို ဧည့်ခန်းထဲရောက်အောင် ပြန်တွဲကြမှ ဖြစ်မယ်"

"အခု အခု ဘာတွေ ဖြစ်ကုန်တာလဲ မော်၊ ငါတို့ကို ပြောပြစမ်းပါဦး၊ စောစောက သီဂီအော်ဟစ်ပြောသွားတာ ဘာစကားတွေလဲ သူ့ကိုဘယ်သူကသတ်တာလဲ၊ နားလည် ကြည့်လို့မရဘူး၊ ငါတော့ အရမ်းကြောက်နေတာတစ်ခုကိုပဲ ခံစားလို့ရတော့တယ်"

မော်က မိသံကို ဘာမှ ပြန်မပြောဘဲ သူမတို့ရောက်နေသည့် နေရာကနေ အမြန်ဆုံး ပြန်ထွက်ဖို့ကိုပဲ ပြင်ဆင်မိသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် အေးစက်စက်

လှေကားထစ်များပေါ်သို့ စတင်ခြေချလိုက်မိကတည်းက သူမသည် လိပ်ပြာလွင့်စဉ် သွားတော့မလားဟု ထင်မှတ်ရလောက်အောင် ကြောက်လန့်သွားခဲ့ရတာဖြစ်သည်။

ဒီကြားထဲ ပြူးကြောင်ကြောင်ဖြစ်နေသည့် သိင်္ဂီမျက်လုံးများနှင့် အေးစက်တုန်ခါနေသည့် သိင်္ဂီလက်ချောင်းများကို မြင်တွေ့ရတော့ ပိုလို့ပင် ကြောက်လန့်ခဲ့ရသည်။

အခု သိင်္ဂီ ပြောသွားသည့်စကားရယ် သိင်္ဂီဖြစ်ပျက်သွားသည့် အဖြစ်အပျက်ရယ်ကြောင့် ကြောက်လန့်မှု ဒီဂရီက အမြင့်ဆုံးသို့ပင် တက်လာခဲ့တာ သေချာလေသည်။

ဒါပေမဲ့ မော်က ထိန်းချုပ်နိုင်သည်။ ကြောက်ပေမဲ့ ထိုမိန်းမနှစ်ယောက်လိုတော့ ဣန္ဒြေမပျက်ပါ။ ကြောက်စိတ်ဆိုတာမျိုးက လွှတ်ပေးလိုက်လျှင် ပိုဆိုးတတ်ကြောင်း သူမကောင်းကောင်းသိသည်။

ထို့ကြောင့် မကြောက်ဘူးဟု အားတင်းပြီး မော်က ရဲရင့်နေရတာဖြစ်သည်။

"သိင်္ဂီ သိင်္ဂီ"

ရလိုရငြား ထပ်မံလှုပ်နှိုးကြည့်လိုက်သည်။

သို့သော် သိင်္ဂီက သတိပြန်လည်မလာပါ။ အသက်ကို

ခပ်မှန်မှန် ခပ်ပြင်းပြင်းရှုပြီး လဲကျနေတာမို့ တော်သေးသည်။ မော်က သီဂီကို ပွေ့ထူလိုက်သည်။

ပေါင်တစ်ရာကျော်လေးသည့် သီဂီ့ခန္ဓာကိုယ်ကို ပွေ့ချီပြီး လှေကားထစ်များကို ပြန်တက်ဖို့ကိစ္စသည် သူမတစ်ဦးတည်း ပြုလုပ်လို့ မရနိုင်သည့်ကိစ္စမို့ ကားဆရာဦးလေးကြီးကို အကူအညီတောင်းရတော့သည်။

"ဦးလေး ကျွန်မကို နည်းနည်းလောက် ကူပါဦး၊ သူတို့ညေ့ခန်းထဲ ပြန်ခေါ်ရအောင်"

"ဦးလေး ဦးလေး တစ်ယောက်တည်း ပွေ့နိုင်မယ် မထင်ဘူး တူမကြီး"

ကားဆရာဦးလေးကြီးသည် အရပ်ပုပု ကိုယ်လုံးကိုယ်ဖန် သေးသေးညှက်ညှက်ကလေးဖြစ်သည်။

"သိပါတယ် ဦးလေးတစ်ယောက်တည်းကို ပွေ့ခိုင်းတာ မဟုတ်ပါဘူး၊ ကျွန်မကို ကူရုံလောက်ပါပဲ၊ ဟိုနှစ်ယောက်က နတ်ဝင်သလို တဆတ်ဆတ်တုန်နေတော့ လွတ်ကျမှာစိုးလို့"

"အေးအေး ဦးလေး ဘယ်ဘက်က မရမလဲ"

သီဂီကို လာကူသည့် ဦးလေးကြီး၏ လက်များကလည်း တဆတ်ဆတ် တုန်ယင်နေလေသည်။

သချောတာကတော့ သူမတို့အားလုံးသည် ဆာလောင်ကြောက်လန့်နေကြတာပဲ ဖြစ်ပါလိမ့်မည်။ ဒါပေမဲ့ အတတ်နိုင်ဆုံးတော့ ဟန်ဆောင်ထားကြသေးသည်။

"ရော့ ချောချော နင်က ဖယောင်းတိုင်နဲ့ ရှေ့ကတက်"

"ဟင့်အင်း ငါ ငါရှေ့က မသွားရဘူးမော်၊ ငါ့စိတ်ထဲမှာ ငါတို့ကို တစ်ယောက်ယောက်က စောင့်ကြည့်နေသလိုပဲ၊ ငါ ငါ ကြောက်တယ်"

"တော်စမ်းပါဟာ မဟုတ်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့"

ချောချောကို ဟောက်ပစ်လိုက်ရပေမဲ့ မော်ကိုယ်တိုင်ကပါ အဲဒီလိုမျိုး ခံစားနေရတာဖြစ်သည်။

တစ်စုံတစ်ယောက်သည် သူမတို့ကို တစ်နေရာရာက စောင့်ကြည့်နေသည်ဟု မော့် စိတ်ထဲကလည်း ခံစားလို့ရနေသည်။

အထူးသဖြင့် သူမတို့နှင့် အနီးဆုံးနေရာတွင်ရှိသည့် သော့ပိတ်ထားသည့်အခန်းကို မော်က ပို၍ စိတ်မသိုးမသန့် ခံစားနေရတာပြစ်သည်။

သိင်္ဂီကလည်း သတိလစ်လဲကျမသွားခင်က ထိုအခန်း

၏ ပိတ်ထားသော တံခါးရှက်ကို ထိတ်လန့်ပြူးကြောင်သည့် မျက်လုံးအစုံဖြင့် မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေခဲ့တာ ဖြစ်သည်။

ပြီးတော့ သူမကို ထိုအခန်းထဲမှာ သတ်ပစ်ခဲ့တာပါဟု လည်း ထူးဆန်းစွာ ပြောသေးသည်။

ဘာပဲဖြစ်ဖြစ် အထဲမှာ ဘာတွေရှိနေမည်ဆိုတာကို မခန့်မှန်းတတ်ပေမဲ့ တံခါးပိတ်ထားသော အခန်းသော့ကို မော်ကိုယ်တိုင် ကြောက်နေမိတာ အမှန်ပင်။

ထိုအခန်းနှင့် ဝေးရာသို့ အမြန်ဆုံး ထွက်သွားလိုသည့် ဆန္ဒများကလည်း သူမကို နှိုးဆွနေလေသည်။

ထို့ကြောင့် သီဂီကို နိုင်နင်းစွာ မထူနိုင်ဖို့အတွက် မော်က ကြိုးစားရတော့သည်။

"မိသံ နင် ရှေ့ကနေ ဖယောင်းတိုင်နဲ့တက်ဟာ ချောချောက သီဂီကို ကူသယ်ပေး"

ဟု သူမ စီစဉ်တော့ မိသံကပါ တုန်တုန်ယင်ယင်နှင့် တောင်းပန်သည်။

"မ မလုပ်ပါနဲ့မော်ရယ်၊ ငါ ငါလဲ ရှေ့က မတက်ရဲဘူး"

"ကဲ ဒါဆိုလည်း နင်တို့နှစ်ယောက်အတူတူတက်ဟာ"

ဒီတော့ ဦးလေးကြီးက တစ်မျိုးဖြစ်လာပြန်သည်။

"တူမကြီး ဦးလေးတို့နှစ်ယောက်တည်းနဲ့ ဒီကလေး မကိုသယ်ပြီး လှေကားပေါ် တက်နိုင်လိမ့်မယ် မထင်ဘူးနော်၊ လှေကားက တဖြောင့်တည်းလည်းမဟုတ်ဘူး ကောက်ကောက် ကွေ့ကွေ့ဖြစ်နေတာ မတော်လို့ လှေကားပေါ်က လွတ်ကျပြီး တစ်စုံတရာ ဖြစ်သွားခဲ့ရင် ဦးလေးတို့အပေါ် အမှုပတ်လာ နိုင်တယ်"

"ဒါဆို ကျွန်မသူငယ်ချင်းကို အေးစက်နေတဲ့ သံမံသလင်းပေါ်မှာ ဒီအတိုင်းပဲ ထားထားရတော့မှာလား၊ အခု ကျွန်မတို့ ဒီကိုလာခဲ့ကြတာ သူ့ကားနဲ့နော်၊ သူသာ တစ်ခုခု ဖြစ်သွားခဲ့ရင် အမှုပတ်ရုံတင်မကဘူး ထောင်ထဲကိုပါ ရောက်သွားရလိမ့်မယ် သိရဲ့လား၊ သီဂီက တစ်ဦးတည်းသော သမီးနော်၊ သူသာ တစ်ခုခုဖြစ်သွားရင် သူ့မိဘတွေက လုံးဝ ခွင့်လွှတ်ပေးမှာ မဟုတ်ဘူး"

စိတ်တိုတိုနှင့် မော်က ပြောချပစ်လိုက်တော့မှပဲဦးလေး ကြီးရော မိသံကပါ ပြောင်းလဲသွားသည်။

"ရ... ရတယ်နော်၊ ငါ ရှေ့ကတက်ပါ့မယ်၊ ချောနင် သီဂီကို ကူမပေးလိုက်"

ဟု မိသံကပြောပြီး ဖယောင်းတိုင်ကို လှမ်းယူသည်။ ဦးလေးကြီးကတော့

"ဦးလေးက စေတနာနဲ့ပါ"

ဟု ကာကွယ်ပြီး သီဂီကို သယ်မဖို့ပြင်သည်။

ချောချောထံမှလည်း အသံထွက်မလာတော့ပါ။

မော်ရယ် ချောချောရယ် ကားဆရာဦးလေးကြီးရယ် သုံးယောက်စလုံး သီဂီကို ဝိုင်းဝန်းဆွဲထူသည့်အချိန်မှာပင် မျက်စိမှိတ်ထားသည့် ကြားထဲမှ တဆိတ်ဆိတ် တုန်ယင်လာပြီး သီဂီက ထူးဆန်းသည့်စကားများကို ကျယ်လောင်စွာ အော် ဟစ်ပြောဆိုလေတော့သည်။

* * *

# အခန်း (၉)

"အောက်ဆုံး လှေကားထစ်၊ အောက်ဆုံး လှေကား ထစ်"

ရုတ်တရက် ထအော်လိုက်သည့် သီဂီအသံကြောင့် မော်တို့အားလုံး အလန့်တကြား ဖြစ်သွားသလို သီဂီ သတိ ပြန်လည်လာသည့်အတွက်လည်း ဝမ်းသာသွားမိသည်။

"သီဂီ သီဂီ နင် သတိရလာပြီလား"

"မျက်လုံးဖွင့်ပါ သီဂီရဲ့ ငါတို့ကို မျက်စိဖွင့်ကြည့် စမ်းပါ"

"သီဂီ သီဂီ"

သူမကို ဝိုင်းပြောသော်လည်း သီဂီသည် သူမတို့

ပြောတာတွေကို ကြားပုံသိပုံမရဘဲ စောစောကအတိုင်း ကျယ်လောင်စွာ ဆက်လက်အော်ဟစ်ပြောဆိုနေပြန်သည်။

"အောက်ဆုံး လှေကားထစ် အောက်ဆုံးလှေကားထစ်"

"ဘာလဲ သီဂီ ဘာလဲ အောက်ဆုံး လှေကားထစ် ဘာဖြစ်လဲ"

မော်က သီဂီကိုဆွဲလှုပ်ပြီး မေးလိုက်ခြင်းဖြစ်သည်။

သူက မေးတာကို ပြန်ဖြေခြင်းမဟုတ်ဘဲ သီဂီက သူ့ဘာသာ သူ့စကားတွေ ဆက်ပြောသည်။

"အောက်ဆုံးလှေကားထစ် အောက်ဆုံးလှေကားထစ်မှာ အံဝှက်ရှိတယ်၊ အဲဒီအထဲမှာ သော့ရှိတယ်၊ အမြန်ဖွင့် အမြန်ဖွင့်"

ရုတ်တရက် ကြောင်အနေမိပြီးမှ မော်က စဉ်းစားကြည့်မိသည်။

သီဂီပြောတဲ့ အောက်ဆုံးလှေကားထစ်ဆိုတာ ဘယ်လှေကားကို ပြောတာလဲ ညှော်ခန်းထောင့်တွင်ရှိနေသည့် အိမ်ပေါ်ထပ်သို့တက်သည့် ကျွန်းလှေကားကို ပြောတာလား၊ ဒါမှမဟုတ် အခု သူမတို့ နင်းဖြတ်ဆင်းလာခဲ့သည့် အေးစက်စက်ကျောက်သားလှေကားကြီးကို ပြောတာမဟုတ်နိုင်လောက်

ဘူးဟု မော်က တွေးမိသည်။

သီဂီဖွင့်ခိုင်းနေတာ သူမတို့နှင့် အနီးဆုံးတံခါးကိုပဲ ဖြစ်မည် ထင်သည်။

"သော့ကိုယူ ဖွင့်ပါ တံခါးအမြန်ဖွင့်ကြပါ"

သီဂီက ထပ်မံအော်ဟစ်နေသည့်အတွက် ဘာမှ စဉ်းစားမနေတော့ဘဲ မော်က သူမရှေ့တွင်ရှိနေသည့် ကျောက်သားလှေကားထစ်များ၏ အောက်ဆုံးအထစ်ဆီသို့ ပြေးလွှားသွားလိုက်မိသည်။

လှေကားထစ်အနားကို ရောက်တော့ ဘာလုပ်ရမည်မှန်းမသိဖြစ်သွားရပြန်သည်။ သီဂီက မျက်စိစုံမှိတ်ထားပြီး အံ့အားသင့်ဖွယ် ညွှန်ကြားချက်များကို အော်ဟစ်ပြောဆိုနေလေ၏။

အောက်ဆုံးလှေကားထစ် အောက်ဆုံးလှေကားထစ်ရဲ့ အလယ်တည့်တည့်မှာ အောက်ဆုံးလှေကားထစ်ရဲ့အလယ် ပေါက်တည့်တည့်မှာ"

မော်က သီဂီပြောနေသည့်အတိုင်း ကျောက်လှေကား၏အလယ်တည့်တည့်နေရာကို ကိုင်ကြည့်သည်။

ဘာမှ မထူးခြားပါ။

ကျောက်သား လှေကား၏ အေးစက်သောအထိအတွေ့

ကိုသာ ကြက်သီးထဖွယ် ခံစားလိုက်ရသည်။

လှေကားကို ခေါက်ကြည့်လိုက်တော့ ဂလိုင်သံပေါက်နေသည်။ ထို့ကြောင့် မော်က ဦးလေးကြီးကို အကူအညီတောင်းလိုက်မိသည်။

"ဦးလေး ကျွန်မကို နည်းနည်းလောက် လာကြည့်ပေးပါ။ ဒီလှေကားထဲမှာ အံဝှက်တစ်ခုရှိနိုင်တယ်"

ဦးလေးကြီးက သူမထံသို့ ချက်ချင်း ရောက်မလာသေးဘဲ ကန့်ကွက်စကားကိုပဲ အရင်ပြောသည်။

"ဘာရှိရမှာလဲ တူမကြီးရယ် ကျောက်သားလှေကားထဲမှာ ဘာမှမရှိနိုင်ပါဘူး၊ ဒီတူမကြီးက အနှောင့်အယှက်တွေဝင်ပြီး ပြောချင်တာပြောနေတာကို ဘာကြောင့် လိုက်ကြည့်နေရတာလဲ၊ လာ... လာ သူ့ကို အမြန်တွဲ၊ ဒီနေရာက အမြန်ထွက်ရအောင်"

"ဘာ... ဘာလဲ... ဦးလေး အနှောင့်အယှက်တွေဝင်တယ်ဆိုတာ ဘာလဲဟင်"

အရေးထဲ ချောချောက မေးနေသေးသလို ကားဆရာဦးလေးကြီးကလည်း ပြန်ဖြေနေသေးသည်။

"အနှောင့်အယှက်ဝင်တယ်ဆိုတာ ပယောဂ ဝင်ပူးတာ

တို့ ဘာတို့ကို ပြောတာပေါ့”

“ပယောဂဆိုတာ သရဲကို ပြောတာလားဟင်ဦးလေး”

မိသံက လေသံလေးနှင့် ဝင်မေးသည်။

မော်က ဘယ်လိုမှ သည်းမခံနိုင်တော့သည့်အတွက် အော်ရပြန်သည်။

“ဘာတွေပြောနေကြတာလဲ၊ တကယ်စိတ်ပျက်ဖို့ ကောင်းတယ်”

“နင်နဲ့သီဂီလုပ်နေတာတွေကသာ စိတ်ပျက်ဖို့ကောင်းတာ မော်ရဲ့၊ ဒီလောက်ကြောက်စရာကောင်းတဲ့နေရာကို ရောက်လာတော့လဲ ရောက်တဲ့နေရာမှာ ငြိမ်ငြိမ် မနေနိုင်ကြပြန်ဘူး၊ ဒီနေရာအထိ ရောက်လာပြီး ဒုက္ခရှာကြပြန်ရော၊အခုမှ မရှုနိုင်မကယ်နိုင် ဖြစ်နေတာ မဟုတ်လား၊ နင်တို့နှစ်ယောက် ဆတ်ဆတ်ဆော့ဆော့တွေ လျှောက်လုပ်လို့ ငါတို့ပါ ဒုက္ခ ရောက်နေရတာဟဲ့၊ နင် ငါတို့ကို အော်ဟစ်ဆူပူမနေနဲ့ မော်”

ချောချောက ရန်ပြန်တွေ့ခြင်းဖြစ်သည်၊

နံရံကို ကျောမှီထိုင်ပြီး တဆတ်ဆတ်တုန်ခါနေသည့် သီဂီကို ထိန်းကိုင်ပေးထားခြင်းအား လွှတ်လိုက်ပြီး ချောချော

က သူမကို ရန်လုပ်မိမ်းတွေ့တာမို့ မော်က ဒေါသထွက်မိသွား
သည်။

"သီဂီဒီလိုဖြစ်နေတာကိုတောင် နင်က ဒီစကားမျိုးတွေ
ပြောလို့ထွက်သေးတယ်လား၊ ဒါနဲ့ သီဂီကြောင့် နင်တို့
ဒုက္ခ ရောက်ရပါတယ်ဆိုရင် အခု ထွက်သွားကြ ရတယ်၊
ငါတို့နှစ်ယောက်ပဲ နေခဲ့မယ်၊ အေး ကားကိုတော့ လုံးဝယူသွား
စရာမလိုဘူးနော်"

မိုက်ကန်းကန်းစကားမျိုး ပြောလိုက်တော့မှ ချောချော
က ငြိမ်သွားတော့သည်၊

"စကားမများကြပါနဲ့ တူမကြီးတို့ရယ်၊ အခု ဘာလုပ်
ကြမှာလဲ၊ ဦးလေးဆန္ဒကတော့ ဒီအိမ်ကြီးထဲကနေ ပြန်ထွက်
သွားစေချင်တာပဲ အပြင်မှာ ရာသီဥတုလဲ ကောင်းနေလောက်
ပါပြီ"

"ဟုတ်တယ် ဦးလေး ကျွန်မတို့လဲ ဒီနေရာမှာ လုံးဝ
မနေချင်တော့ဘူး"

ဟု ချောချောကပါ ဝင်ပြောသည်။

မော်က ခပ်တည်တည်နှင့် ပြန်ပြောလိုက်သည်။

"အေး ပြောပြီးပြီ မနေချင်ရင် သွားကြ ဒါပဲ"

ပြောပြောဆိုဆိုနှင့် မော်က သီဂီထံသို့ ပြန်လာဖို့ လှေကားထစ်ကို ခပ်ကြမ်းကြမ်းနင်းချပစ်လိုက်မိတာနှင့် ထူးဆန်းစွာပင် အောက်ဆုံးလှေကားထစ်၏ အလယ်ခေါင်မှ တံခါးချပ်ကလေးက တောက်ခနဲ ပွင့်ထွက်သွားတော့သည်။

မော်က အံဝှက်ထဲသို့ ချက်ချင်း မနှိုက်ရဲဘဲ ဖယောင်းတိုင်မီးရောင်ဖြင့် အနီးကပ်ကြည့်လိုက်မိသည်။

ခြောက်လက်မပတ်လည်လောက်ရှိမည့် အံဝှက်ကလေး အတွင်း၌ အမှန်တကယ်ပင် ကြေးညှိတွေ တက်နေသည့် သော့တစ်ချောင်းကို အံ့အားသင့်ဖွယ် တွေ့မြင်လိုက်ရလေတော့သည်။

"ဟာ... တွေ့ပြီ သီဂီ သော့တွေ့ပြီ"

ဟု သူမက ဝမ်းသာအားရ အော်ဟစ်လိုက်ချိန်တွင် စောစောက တဆတ်ဆတ်တုန်ယင်ပြီး မိန်းမောနေသည့် သီဂီက အိပ်ပျော်နေရာမှ နိုးထလာသည့် ပုံစံမျိုးဖြင့် အသိစိတ်တွေ ပြန်ဝင်လာတော့သည်။

"ဘယ်... ဘယ်မှာလဲ၊ သော့ အမြန်ပေး မော်၊ အဲဒီသော့ဟာ ဒီအခန်းရဲ့သော့ပဲ အခန်းထဲမှာ အခန်းထဲမှာ"

သီဂီပြောသည့် စကားအဆုံးမသတ်သေးခင်မှာပင်

တံခါးပေါက်လေး တိုးလို့ ပွင့်ထွက်သွားသလိုမျိုး "ဂုန်း"ခနဲ အသံကြီးကို ကြားလိုက်ရပြီး သူမတို့အုပ်စုကိုလည်း အင်အားပြင်းသော လေအေးများက တိုးဝှေ့တိုက်ခတ်သွားလေ တော့၏။

ထို့အတွက် ရလဒ်ကတော့ ဖယောင်းတိုင်မီးများအားလုံး မီးငြိမ်းသွားခြင်းဖြစ်ပြီး ပိုဆိုးတာကတော့ သိင်္ဂီကို လှမ်းပေးဖို့ ဟန်ပြင်နေသည့် မော်လက်ထဲရှိ သော့ချောင်းကြီး ကပါ လွင့်ကျသွားခြင်းပဲ ဖြစ်လေသည်။

* * *

## အခန်း (၁၀)

အမှောင်အတိကျသွားပြီး လေအေးများက တရဟော တိုက်ခတ်နေသည့် အခြေအနေကို ရောက်တော့မှ မော်က အမှန်တကယ်ပင် ထိတ်လန့်လာရတော့သည်၊

သူမတောင် ကြောက်လန့်ပြီး ရင်တုန်ဒူးတုန်ဖြစ်နေမှ တော့ ချောချောတို့ဆိုလျှင် ဆိုဖွယ်ရာပင် မရှိတော့ပါ။ တော်သေးတာက သီဂီသတိပြန်လည်လာလို့ပဲ ဖြစ်သည်။

အမှောင်ထဲ၌ အားလုံးက ဖယောင်းတိုင်စမ်းကြ မီးခြစ် ရှာကြဖြစ်နေချိန်တွင် သီဂီက မီးလင်းဖို့ မလင်းဖို့ဆိုတာကို စိတ်ဝင်စားပုံမရဘဲ အမှောင်ထဲမှာပင် စကားတွေ ပြောနေ၏။

သူမတို့ ကြုံတွေ့နေရသည့် အမှောင်သည် နက်ရှိုင်း

ပိန်းပိတ်လွန်းလှပြီး လေးလံပိကျနေသလိုမျိုးကို ခံစားရလေသည်။ အလုံပိတ်ထားသည့် အိမ်ကြီးထဲတွင် လေအေးများက ဟူးဟူးရားရား တိုက်ခတ်နေတာကတော့ စဉ်းစားရ ခက်လွန်းလှ၏။

လက်ရှိကြုံတွေ့နေရသည့် အခြေအနေသည် ကြောင်လိန်လှေကားထစ်များကို နင်းဖြတ် စင်္ကြံလမ်းကို လျှောက်ပြီး အိမ်ရှေ့ဧည့်ခန်းမကြီးထဲသို့ ရောက်အောင် ပြန်သွားဖို့အတွက်ပင် မလွယ်ကူသည့် အခြေအနေဖြစ်နေတာ ဆိုးသည်။

အများအားဖြင့် ဘယ်လောက်ပဲမှောင်မှောင် အမှောင်ထဲတွင် နေရတာကြာသွားလျှင် မျက်လုံးများ အနည်းငယ်ကျင့်သားရလာပြီး ပတ်ဝန်းကျင်ကို ဝိုးတိုးဝါးတားဖြစ်နိုင်သော်လည်း အခုကြုံတွေ့နေရသည့် အမှောင်ကတော့ မျက်လုံးများကို အဝတ်နက်ဖြင့် အတင်းအကျပ် စည်းနှောင်ထားလို့မှောင်သည့် အမှောင်မျိုးဖြစ်လေသည်။

“ငါသိပြီ ငါ အကုန်သိသွားပြီ ဟောဒီ ပိတောက်မြိုင်အကြောင်းကို ငါ အကုန်သိသွားပြီ”

ဆိုသည့် စကားကို သီဂီက ကတွတ်တွတ် ပြောဆိုနေ၏။

လောလောဆယ် အခြေအနေတွင် မော်က ခေါင်းဆောင်လိုဖြစ်နေသည့်အတွက် အမှောင်ကို ဖြတ်ပြီး ညော့ခန်းထဲသို့ ရောက်အောင် ပြန်ထွက်ရမည်လား၊ ဒါမှမဟုတ် အခု သူမတို့ရောက်နေသည့် လှေကားနှင့် ပိတ်ထားသည့် တံခါးချပ်၏ ရှေ့နေရာကလေးမှာပင် ငြိမ်သက်စွာ မိုးလင်းလိုက်ရတော့မည်လားဆိုတာကို သူမကပဲ စဉ်းစားဆုံးဖြတ်ရတော့သည်။

သူမတို့နှင့်အတူ အသက်ငါးဆယ်ကျော် ယောကျ်ားကြီးတစ်ယောက်ပါလာသော်လည်း ထိုလူကြီးကလည်း ခေါင်းဆောင်ခေါင်းရွက် လုပ်ချင်းပုံမရပါ။ ကြောက်တတ်လိုက်တာကလည်း စိတ်ပျက်ဖို့ပင် ကောင်းနေပါသေးသည်။

"မော် ငါတို့တော့ ပိတ်မိနေပြီကား မသိဘူးနော်"

ဟု မိသံက ငိုသံပါလေးနှင့် မေးသည်။

"ဒီနေရာကလေးမှာပဲ လက်ထဲက လွှတ်ကျသွားတဲ့ ဖယောင်းတိုင်နဲ့ မီးခြစ်ကဘယ်လိုမှ ပြန်ရှာလို့ စမ်းလို့မရတော့တာ ထူးဆန်းတယ်"

ဟု ချောချောက တုန်လှုပ်ချောက်ချားနေသည့်အသံဖြင့် ပြောသည်။

မှောင်ကျသွားကတည်းက ကားဆရာဦးလေးကြီးထံမှ မည်သည့်စကားမှ ထွက်မလာသေးသည့်အတွက် မော်က ဦးလေးကြီးကို ခေါ်ကြည့်လိုက်သည်။

သူတို့ မိန်းကလေးတွေကတော့ ကြောက်လို့အချင်းချင်း ပူးကပ်ပြီး နေနိုင်သည်။

ဦးလေးကြီးကတော့ ကြောက်လန့်လှ၍ ထောင့်ကပ်နေစရာ နံရံအေးစက်စက်ပဲ ရှိသည့်အတွက် သနားစရာပါပဲဟု မော်က တွေးလိုက်မိသေးသည်။

"ဦးလေး ဦးလေး"

ဟု မော်က ခေါ်ကြည့်သည်။

သို့သော် တုန့်ပြန်သံကို ချက်ချင်း မကြားရပါ။

ဒီတော့မှ သူမတို့အားလုံး ဝိုင်းခေါ်ကြပြန်သည်။

"ဦးလေး ဦးလေးကြီး"

"ဟဲ့. မီးမှောင်သွားပြီးကတည်းက ဦးလေးကြီးရဲ့ အသံကို မကြားရဘာနော်"

"ဟုတ်တယ် ဟုတ်တယ်၊ ငါလဲ သတိထားမိတယ်၊ ဦးလေးကြီးရဲ့ အသံကို လုံးဝမကြားမိဘူး၊ လုပ်ပါဦးဟဲ့ ဘာများ ဖြစ်နေပြီလဲ"

"အို ဘာဖြစ်ရမှာလဲ ငါတို့တောင် ဘာမှမဖြစ်ဘဲသူက ယောကျ်ားကြီးတန်မဲ့ အကြောက်လွန်ပြီးတော့ သတိလစ်မနေလောက်ပါဘူး၊ ဦးလေး ဦးလေး"

သူမတို့က တစ်ယောက်တစ်မျိုး ဝေဖန်ပြီး ဦးလေးကြီးကို ခေါ်ကြည့်ကြသည်၊

သူမတို့ခေါ်သည့်အသံကသာ ပဲ့တင်သံအဖြစ်နားထဲသို့ ပြန်ဝင်လာခဲ့ပြီး တုန့်ပြန်သံကိုတော့ မကြားရပါ။

"ဦးလေးကြီးမှ ရှိသေးရဲ့လား"

"မရှိလို့ ဘယ်ကိုရောက်သွားရမှာမို့လဲ"

"မသိဘူးလေ အခု ငါတို့ခေါ်နေတာကို ပြန်မှ မထူးတဲ့ ဥစ္စာ"

"ရှိနေရင် ပြန်ထူးမှာပေါ့ဖဲ့ တူတူပုန်းတမ်းစကားနေတာမှ မဟုတ်တဲ့ဟာ"

ပြောဆိုနေရင်း မော်က အမျိုးမျိုးတွေးပြီး စိတ်ပူလာမိသည်။

ကားဆရာ ဦးလေးကြီးသည် သူမတို့ လေးယောက်ကို ထားရစ်ခဲ့ပြီး ကားမောင်းထွက်သွားခဲ့လျှင် ဘယ်လိုလုပ်မလဲ။ ဒါမှမဟုတ် သူမတို့ကို အိမ်ကြီးထဲတွင် ပိတ်ထားခဲ့ပြီး

ကားကို ခိုးယူသွားလျှင် ခက်ဦးမည်။

မော် တွေးသလို အတွေးကို မိသံ့ကလည်း တွေးမိပုံ ရသည်။

"ကာ့သော့ ကားသော့ ဘယ်မှာလဲ"

ဟုအလန့်တကြား ထအော်သည်။

"ကာ့သော့က ကားဆရာဆီမှာပဲပေါ့"

"ဟာ သိဂီနှင့် နင့်ကားကို အဲဒီလူကြီး ယူသွားပြီလား မသိဘူး၊ တကယ်လို့သာ ယူသွားခဲ့ရင် နင် ဘယ်လိုလုပ်မလဲ"

ချောချောက သိဂီကို ဦးတည်ပြီး မေးလိုက်သော်လည်း သိဂီကတော့ သူမ၏ကားကိစ္စကို လုံးဝစိတ်ဝင်စားပုံမရဘဲ သူမပြောချင်သည့် အကြောင်းအရာတွေကိုသာ ပြောပြဖို့ တာစူနေလေသည်။

"ငါ ငါ အားလုံးကို ပြန်မှတ်မိသွားပြီ ပိတ်ထားတဲ့တံခါး ကြီးရဲ့နောက်မှာ ငါ့အလောင်းရှိတယ်၊ သူ သူ ငါ့ကိုသတ်ပစ် ခဲ့တာပဲ ငါ့ကို သတ်ပြီး ငါဝတ်ထားတဲ့ စိန်တွေ အားလုံးကို ချွတ်ယူ ပစ်လိုက်တယ်၊ ငါ ပိုင်ဆိုင်တဲ့ ဟောဒီအိမ်ကြီးကို လဲ သူ အပိုင်စီးပစ်လိုက်တယ်"

မှောင်ပိတ်နေသည့် ပတ်ဝန်းကျင်နှင့် ကြောက်စရာ

ကောင်းသည့် အခြေအနေတွင် သီဂီပြောနေသည့် စကားများသည် ကြက်သီးထဖွယ် ကောင်းလွန်းလှသည်။

သို့သော် သီဂီကိုလည်း မပြောနဲ့ဟု တားမြစ်လို့ မရနိုင်တော့တာ သေချာသည်။

"သူဆိုတာ ဘယ်သူလဲ သီဂီ"

ဟု မော်က ဝင်မေးလိုက်တော့ သီဂီက ဝမ်းနည်းကြေကွဲသည့်အသံဖြင့် ပြန်ဖြေသည်။

"သူဆိုတာ ငါ့ချစ်သူပေါ့"

"ဘုရားရေ"

ယုံရခက်ခက် မယုံရခက်ခက်နှင့် မော်က ဘုရားတလိုက်မိသည်။

"သူတို့ သူ့ကို ငါသိပ်ချစ်ခဲ့တာပေါ့၊ သူနဲ့ငါ လက်ထပ်ပြီးတာ ဘယ်လောက်မှ မကြာခင် သူ သူ ငါ့ကို သတ်ပစ်လိုက်တာ"

သီဂီအသံထဲ၌ ငိုရှိုက်သံတွေ ကပ်ပါလာသည်။

"သီဂီ အဲ့ အဲ့ဒါတွေ နောက်မှ ပြောပါဟာ အခု အခု မှောင်မည်းအေးစက်နေတဲ့ နေရာကြီးထဲမှာ ငါ ငါတို့က ဒီအတိုင်း နေရတော့မှာလား"

သီဂီက ခဏငြိမ်ကျသွားသည်။ ပြီးတော့မှ

"ငါ ရှေ့ကသွားမယ်၊ ငါ ခါးကို ဖက်ပြီး နောက်ကနေ လိုက်ခဲ့ကြ ညှော်ခန်းထဲကို ငါတို့ ပြန်သွားကြမယ်"

ဟု ပြောသည်။

"ဖြစ်ပါ့မလား သီဂီ ဒီလောက်မှောင်မည်းနေတာ"

"အို ဒါ ငါ့အိမ်ပါ ဘယ်နေရာမှာ ဘာတွေရှိတယ်ဆိုတာကိုပါ အကုန်သိတယ် စိတ်မပူပါနဲ့"

ပြောပြီးတာနှင့် သီဂီက ရှေ့မှဦးဆောင်သည်။

သီဂီနောက်တွင် ချောချော၊ ချောချော၏နောက်တွင် မိသံ၊ မော်ကတော့ နောက်ဆုံးမှဖြစ်မည်။ ပိန်းပိတ်နေသည့် အမှောင်ထဲတွင် သီဂီက ရှေ့မှ ခြေတစ်လှမ်းရွှေ့လျှင် သူမတို့ကလည်း နောက်မှ ခြေတစ်လှမ်း လိုက်ရွှေ့ကြရလေသည်။

အမှောင်သည် သူမတို့အပေါ်သို့ ပိကျနေသလို ထင်မှတ်ရပြီး အသက်ရှူကျပ်သည့် ဝေဒနာကိုပါ ခံစားရသည်။ ဘယ်အချိန်တွင် ရှေ့က လျှောက်နေသည့် သီဂီတစ်ယောက် ဘယ်လိုအရာမျိုးနှင့် ဝင်တိုက်မိပြီး လဲပြိုသံကို ကြားရမည်လဲ ဟုနားစွင့်မိသော်လည်း သီဂီက မည်သည့်အရာကိုမှ ဝင်တိုး ခြင်း ဝင်တိုက်ခြင်းမရှိဘဲ ရှေ့သို့ ခပ်မှန်မှန် တိုးသွားနေ

လေသည်။

ဘယ်လောက်အထိ မှောင်မိုက်နေသလဲဆိုလျှင် သူမတို့ ဘာသာ သူမတို့ပင် ဘယ်နေရာသို့ ရောက်နေမှန်းမသိနိုင်အောင်ဖြစ်သည်။ အမှောင်က နက်ရှိုင်းသလို အိမ်ကြီးတစ်လုံး၏ တိတ်ဆိတ်မှုကလည်း ချောက်ချားဖွယ်ရာ ကောင်းလောက်အောင် နက်ရှိုင်းနေပြီး လေအေးများ၏ တိုက်ခတ်သံရယ် ကိုယ့်ရင်ခုန်သံကိုကိုယ် ကျယ်လောင်စွာ ပြန်ကြားနေရတာတွေရယ်ကတော့ ဆိုးရွားလွန်းလှလေသည်။

ဒီကြားထဲ ကားဆရာ ဦးလေးကြီး ပျောက်နေခြင်းသည် စိတ်ပျက်ဖွယ်ဖြစ်သလို တွေးစရာတွေပါ ဖြစ်နေရပြန်သည်။ ဦးလေးကြီးသည် သူမတို့ တွေးသလိုမျိုး ကားကိုယူပြီးသွားတာမဟုတ်ဘဲ အိမ်ကြီးထဲမှာပင် တစ်ခုခု ဖြစ်နေတာမျိုးလည်း ဖြစ်နိုင်သေးသည်။

အတွေးကြောင့် စိတ်ပူမိသော်လည်း မလာလောဆယ်တွင် သူမတို့ကိုယ်တိုင်ပင် ဘယ်လိုရပ်တည်ရမည်မှန်း မသိသလို ကိုယ့်လက်ချောင်းများကိုပင် ကိုယ်ပြန်ထောင်ကြည့်လို့ မဖြစ်နိုင်သည့် အခြေအနေမို့ ဦးလေးကြီးကိုလည်း လိုက်မရှာနိုင်သေးပါ။

ရွှေနေသည့် ခြေလှမ်းများ ရုတ်တရက် ရပ်တံ့သွားသည့်အတွက် သူမ၏အတွေးများကလည်း ရပ်တံ့သွားရလေ၏။ ထိုအချိန်မှာပင် သီဂီအသံကို ကြားရသည်။

"ခဏရပ်နေကြနော်၊ ဧည့်ခန်းထဲကို ပြန်ရောက်နေပြီ၊ မီးခြစ်နဲ့ ဖယောင်းတိုင်စမ်းပြီး ငါ မီးထွန်းပေးမယ် နင်တို့ မကြောက်ကြနဲ့"

"မီးခြစ်နဲ့ ဖယောင်းတိုင်က ဟိုနေရာမှာ ကျပျောက်သွားပြီလေ၊ သီဂီရဲ့ နင် ဒီမှာ ရှာနေလို့တွေ့မှာ မဟုတ်တော့ဘူး"

မော်က စိတ်ပျက်လက်ပျက် ပြောလိုက်မိချိန်မှာပင် လေအေးများက ကြောက်ခမန်းလိလိ တိုက်ခတ်လာပြန်သည်။

"ဒီ ဒီလောက်လုံတဲ့ အိမ်ကြီးထဲမှာ ဘယ် ကလေတွေ ဝင်တိုက်နေတာလဲဆိုတာ မတွေးတတ်တော့ပါဘူး"

ဟု မိသံက မေးချင်းရိုက်ခတ်သံဖြင့် ပြောသည်။

သီဂီကတော့ ဘာမှ မထူးခြားသည့်အသံဖြင့် ခပ်အေးအေးလေး ပြောနေပြန်သည်။

"အင်း... လေဒီလောက်တိုက်နေတာ ဖယောင်းတိုင်ထွန်းလို့လဲ ရမှာမဟုတ်ပါဘူး၊ ငါတို့တွေ ဧည့်ခန်းထဲမှာပဲ

စုထိုင်နေကြတာပေါ့ဟာ၊ ကောဇောခင်းထားတဲ့အတွက် နွေးပါတယ်၊ ပြီးရင် ငါ့အကြောင်းငါပြောပြမယ်”

ဘယ်လိုမှ မတတ်နိုင်သည့်အတွက် မော်တို့သုံးယောက်စလုံး သီဂီပြောသလိုပဲ နာခံလိုက်ရတော့သည်။

အခုအချိန်တွင် သီဂီက ဟုတ်တာတွေကိုပဲ ပြောပြော၊ မဟုတ်တာတွေကိုပဲ ပြောပြော စိတ်ဖောက်ပြန်ရူးသွပ်ပြီးတော့ပဲ ထင်ရာမြင်ရာတွေကို ပြောနေပါစေ၊ သူမတို့ကတော့ နားထောင်ပေးရဖို့ပဲ ရှိတော့သည်။

ဘာဖြစ်လို့လဲဆိုတော့ အမှောင်ထဲတွင် ဘာမှ မလှုပ်ရှားနိုင်လို့ပဲဖြစ်လေသည်။

* * *

## အခန်း (၁၁)

"ဟိုတုန်းက ဟောဒီအိမ်ကြီးဟာ အရမ်းကို စည်ကား သိုက်မြိုက်ခဲ့တာပေါ့ဟာ"

ဆိုသည့်စကားဖြင့် သီဂီက ပုံပြင်တစ်တစ်ပုဒ်ကို စပြောသလို နိဒါန်းချီသည်။

ကြောက်စိတ်ကိုယ်စီ ရှိနေသည့် မော်တို့သုံးယောက် သည် အမှောင်ထဲမှာပင် သီဂီစကားများကို နားစွင့်နေရလေ သည်။

သူမတို့သည် တစ်ယောက်နှင့်တစ်ယောက်လည်း မမြင်ရ။ ပတ်ဝန်းကျင်ကိုလည်း မမြင်ရ တစ်သက်နှင့်တစ် ကိုယ် တစ်ခါမှ မကြုံဖူးခဲ့သည့် အမှောင်အမိုက်မျိုးထဲ

နှစ်မြုပ်နေရင်း သီဂီပြောပြသည့် "ပိတောက်မြိုင်မှတ်တမ်း" ကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် နားထောင်နေရလေသည်။

သီဂီအသံသည် အမှောင်ထဲ၌ လွင့်မျောနေလေတော့သည်။

* * *

ဟောဒီအိမ်နဲ့ ခြံကြီးရဲ့နာမည်က ပိတောက်မြိုင်တဲ့ ပိတောက်မပွင့်တဲ့အရပ်မှာ ပိတောက်မြိုင်ဆိုတဲ့ နာမည်ကို ပေးထားတာ ဆန်းတယ်လို့ ထင်ရပေမဲ့ မဆန်းပါဘူးဟာ၊ ဘာဖြစ်လို့လဲဆိုတော့ ပိတောက်မြိုင်ရဲ့ ပိုင်ရှင်တွေဟာ တောင်ပေါ်ဒေသကလူတွေ မဟုတ်လို့ပေါ့။ သူတို့ဟာအရမ်းချမ်းသာကြတယ်၊ ဘယ်လောက်ချမ်းသာသလဲဆိုတာကို ဘယ်သူမျှ မခန့်မှန်းနိုင်ဘူး၊ သူတို့ဆီမှာ သမီးတစ်ယောက်ပဲရှိတယ်၊ နာမည်က "ပိတောက်မြိုင်"တဲ့ သူက ပန်းထဲမှာဆို ပိတောက်ပန်းကို ကြိုက်တယ်၊ လက်ဝတ်ရတနာတွေထဲမှာဆို စိန်ကိုကြိုက်တယ်၊ သူ့ကိုချစ်ကြကြိုက်ကြတဲ့ ယောကျ်ားတွေ အများကြီး ရှိပေမဲ့ သူကတော့ သူ့ကို မချစ်တဲ့ ယောကျ်ားတစ်ယောက်ကိုမှ ရွေးပြီး ချစ်မိတယ်၊ အဲဒီ

ပိတောက်မြိုင်ဆိုတာ ငါကိုယ်တိုင်ပဲပေါ့”

“ဘုရားရေ”

“တကယ် တကယ်လား သီဂီ နင်အခုပြောနေတာတွေဟာ တကယ်ပဲလား”

“နင် ငါတို့ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်”

မော်တို့ ဝိုင်းမေးသည့် မေးခွန်းသများကို သီဂီက ဘာတစ်ခွန်းမှ ပြန်မဖြေဘဲ “ပိတောက်မြိုင်မှတ်တမ်း”ကိုသာ ဖြည်းဖြည်းချင်း ပြောပြသွားလေတော့၏။

* * *

# ပိတောက်မြိုင်မှတ်တမ်း

## [တစ်]

ရတနာကုန်သည်များ ဖြစ်ကြသည့် ဦးဘမြိုင်နှင့် ဒေါ်ဒေါ်မိတို့သည် တစ်ဦးတည်းသော သမီးလေး 'ပိတောက်မြိုင်'အတွက် ရှမ်းပြည်နယ် တောင်ပေါ်ဒေသတွင် သူမ ဖိတ်ကြိုက် ခြံကျယ်ကြီးတစ်ခြံနှင့် ရဲတိုက်ကြီးလို ခမ်းနားသော အိမ်ကြီးတစ်ဆောင်ကို ဆောက်ပေးခဲ့ကြသည်။

အိမ်ကြီးကို လှပစွာပြင်ဆင်မွမ်းမံပြီးနောက် အင်္ဂလန်နိုင်ငံတွင် စာသွားသင်ပြီး ပြန်ရောက်လာခဲ့သည်။ ပိတောက်မြိုင်၏ နှစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြလေသည်။

အချိန်ကာလသည် အင်္ဂလိပ်များ စိုးမိုးအုပ်ချုပ်နေသည့် ကာလဖြစ်သည့်အတွက် ပိုက်ဆံတတ်နိုင်သူ အတောင့်များများသည် သူတို့သားသမီးများကို အင်္ဂလိပ်စာတတ်အောင် သင်ပေးကြသည်။

အင်္ဂလိပ်လူမျိုးများ အင်္ဂလိပ်ကပြားများ အင်္ဂလိပ်စာတတ် ပေတတ်များနှင့် ဝင်ဆံ့ပေါင်းသင်းခြင်းကိုလည်း ဂုဏ်ယူတတ်ကြပြန်သည်။

အဲဒီလို မိဘများထဲတွင် ရတနာကုန်သည် ဦး◌ာမြိုင်တို့ ဇနီးမောင်နှံက အဆိုးဆုံးပဲဖြစ်၏။

ဦးဘမြိုင်တို့ ဇနီးမောင်နှံသည် သူတို့၏ တစ်ဦးတည်းသော သမီးလေး 'ပိတောက်မြိုင်' ကို မြန်မာပြည်တွင် စာသင်ပေးရခြင်းအား အားမရနိုင်ခဲ့ကြပါ။

ထို့ကြောင့် အင်္ဂလန်အထိလွှတ်ပြီး ကျောင်းထားပေးခဲ့ကြတာကို ထိုခေတ် ထိုအခါ၏ မျက်နှာကြီး အသိုင်းအဝိုင်းတွင် ခေါင်းမော့ ရင်ကော့ခဲ့ကြလေသည်။

ဦးဘမြိုင်သည် ကိုယ့်တိုင်က အပေါင်းအသင်းများပြားဝင်ဆံ့ပြီး ဘိုဆန်ဆန်နေတတ်သလို တစ်ဦးတည်းသောသမီး

ကိုလည်း ဘိုဆန်စေခဲ့သည်။ ဘိုစာတတ်အောင် သင်ကြားစေခဲ့သည်။ လွတ်လပ်စွာ နေထိုင်ခွင့်ပေးခဲ့သည်။

တစ်ဦးတည်းသော သမီးကို ဘယ်လောက်အလိုလိုက်ခဲ့သလဲဆိုလျှင် အင်္ဂလန်မှ ပြန်လာသည့် သမီး ရန်ကုန်မြို့၏ အပူဒဏ်ကို မခံစားရအောင် ဥရောပဆန်ဆန် ရာသီဥတုမျိုးရှိသည့် တောင်ပေါ်ဒေသတွင် ဥရောပဆန်ဆန် အိမ်တစ်ဆောင်ဆောက်လုပ်ပေးသည်အထိ ဖြစ်သည်။

ပညာတော်သင်ကနေ ပြန်ရောက်လာရာနှင့် ပီတောက်မြိုင်သည် သူမအတွက် မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့သော 'ပီတောက်မြိုင်ဂေဟာ'ကြီးတွင် ချွေရုံသင်းပင်းများ၊ သူငယ်ချင်းအပေါင်းအသင်းများ တရုံးရုံးဖြင့် ပျော်ရွှင်စွာနေခဲ့လေသည်။

သူမ၏ မိတ်ဆွေများသည် ဘိုတွေ၊ ဘိုကပြားတွေ၊ အင်္ဂလန်စာတတ် အရာရှိ အရာခံတွေ၊ ငွေကြေးချမ်းသာကြွယ်ဝသူတွေချည်း ဖြစ်ကြပြီး ထိုခေတ် ထိုအခါ၏ မလိုင်အလွှာတွင် ပီတောက်မြိုင်ဆိုသော အမည်သည်လည်း ရေပန်းစားခဲ့လွန်းလေ၏။

ရေပန်းစားမည် ဆိုလျှင်လည်း စားလောက်သည်။ ဘာကြောင့်လဲဆိုတော့ 'ပိတောက်မြိုင်' သည် အစစ အရာရာ ပြည့်စုံသော မိန်းကလေးမို့ပဲဖြစ်လေသည်။

သူမချောသည်၊ လှသည်၊ ပညာတတ်သည်၊ ချမ်းသာ ကြွယ်ဝသည်။ ပေါင်းဆက်ဆံရေး ညက်ညောသည် အပေး အကမ်း ရက်ရောသည်။ စသည့်အချက်များသည် သူမကို ပိုမိုထင်ပေါ်စေပြီး လူချစ်လူခင်လည်း ပေါများစေခဲ့လေ သည်။

'ပိတောက်မြိုင်' ကို ချစ်ခင်တပ်မက်ကြသည် ယောကျ်ား တွေကလည်း မရေမတွက်နိုင်လောက်အောင် များပြားလေ သည်။ သူမကိုသာ လက်ထပ်ရမည်ဆိုလျှင် ဘာတွေပဲလုပ် ပေးရ လုပ်ပေးရဟု ဆိုကြသူတွေလည်း အများအပြင်းပင် ရှိကြလေသည်။

သူမနှင့် သက်တူရွယ်ရူထဲကရော၊ သူမထက် အသက် အရွယ် ကြီးသူများကပါ သူမအတွက်ဆို စွန့်စားပြချင်၊ သူ့ရဲကောင်းလုပ်ပြချင်သူတွေ အများကြီးရှိနေသော်လည်း ထိုလူများကို ပိတောက်မြိုင်က သဘောမကျမိခဲ့ပါ။

ချစ်ကြည့်လိုလည်းမရ၊ ခံစားကြည့်လို့လည်းမရ၊ လက် ထပ်နိုင်ဖို့ဆိုတာကတော့ အတော့်ကို ဝေးခဲ့ကြလေသည်။

ထို့ကြောင့် သူမကို ကမ်းလှမ်းခဲ့သူများအားလုံးကို ငြင်းဆန်ခဲ့တာချည်းပဲ ဖြစ်လေသည်။

လူတွေ၏သဘောကလည်း ခက်သည်။ မရတာကိုမှ ပိုလိုချင်ကြသည်။ တန်ဖိုးပိုထားကြသည်။ ပိုမြတ်နိုးတတ်ကြသည်။ ထို့ကြောင့် ဘယ်သူ့အချစ်ကိုမှ လက်မခံဘဲ သူမက ငြင်းလေလေ သူမ၏ သတင်းက ပိုကြီးလေလေနှင့် ဖြစ်နေတော့သည်။

ထိုအခြေအနေကို ပိတောက်မြိုင်ကိုယ်တိုင်ကလည်း သာယာနေမိသည့် အချိန်မှာပင် 'အချစ်'ဆိုတာကို သူမဂ တွေ့ရှိလိုက်ရလေ၏။

*

[ နှစ် ]

စနေညတိုင်း ပါတီပေးတတ်သည့် ပိတောက်မြိုင်၏ အပတ်စဉ်ပါတီပွဲကလေးသို့ ဧည့်သည့်အသစ်တစ်ယောက် စတင်ရောက်ရှိလာခဲ့သော နေ့မှာပင် ဂုဏ်သတင်းကြီးခဲ့သော ပိတောက်မြိုင်၏ အရှင်သခင်မသည် ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရလေတော့သည်။

"သူ့နာမည်က ရစ်ချပ်မောင်၊ ဒီမြို့ကို အလည်အပတ်ရောက်လာတဲ့သူပေါ့"

"အို... သိရတာ ဝမ်းသာပါတယ်"

အလိုက်သင့်ပြန်ပြောပြီး လက်ဆွဲနှုတ်ဆက်လိုက်သည့် အချိန်မှာပင် ပိတောက်မြိုင်သည် စိတ်လှုပ်ရှားပြီး ရင်တဒိုင်းဒိုင်း ခုန်သွားရလေတော့သည်။

"ကျွန်တော်လည်း ဝမ်းသာပါတယ်ဗျာ၊ ပါတီပွဲကို တက်ခွင့်ရတဲ့အတွက်လဲ ဂုဏ်ယူမိပါတယ်"

"ဟုတ်ကဲ့ရှင့်၊ ဒီမြို့ကလေးက မပြန်မချင်း ကျွန်မရဲ့ ပါတီပွဲတွေကို အမြဲတမ်းတက်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒါနဲ့ ရှင်က ဘယ်မြို့ကလဲ၊ ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ၊ တည်းတော့ရော ဘယ်မှာ တည်းခိုသလဲ"

ဂုဏ်သတင်းကြီးသည့် ပိတောက်မြိုင်က စကားတွေ အမျှင်မပြတ်ပြောပြီး ရစ်ချပ်မောင်ကို အရေးပေး အရောဝင်သည့်အတွက် ပါတီပွဲတတ်လာကြသည့် ဧည့်သည်များက တစ်ယောက်နှင့်တစ်ယောက် လက်ကုပ်ကြတော့သည်။

ဧည့်သည်တွေ သူမကို အကဲခတ်နေကြပြီဖြစ်ကြောင်း ပါးနပ်စွာဖြင့် သိနေမိသော်လည်း ပိတောက်မြိုင်က ကိုယ်ရှိန် သတ်လို့မရဘဲ ဖြစ်နေရသည်။

သူမသည် အခြားဧည့်သည်များကို စိတ်မဝင်စားနိုင်။ ဧည့်မခံနိုင်ဘဲ ရစ်ချပ်မောင်ဆိုသည့် လူရွယ်ထံသို့သာ အာရုံ ဝင်စားနေမိတော့သည်။

ရစ်ချပ်မောင်ဆိုသော လူရွယ်သည် သူမတက် အသက် ခြောက်နှစ် ခုနစ်နှစ်လောက်ကြီးနိုင်ပြီး တည်ငြိမ်သောအသွင်ကို

ဆောင်နေလေသည်။ အရပ်ခြောက်ပေနီးပါးဖြစ်ပြီး မျက်ဝန်း ပြာပြာများကို ပိုင်ဆိုင်ထားသည့် ရစ်ချပ်မောင်သည် မြင်ရုံဖြင့် ဘိုကပြားတစ်ယောက်ဖြစ်မှန်း သိသာနေလေသည်။

သူသည် ညိုဖျော့ဖျော့ ဆံပင်ရှည်ရှည်များကို ပိရိသေသပ်စွာ နောက်သို့လှန်ပြီး ဖြီးထားပြီး အနောက်တိုင်းဝတ်စုံကို အဆင်ပြေကျနစွာ ဝတ်ဆင်ထားသည့်အတွက် ကြည့်လို့ အလွန်ကောင်းနေလေသည်။

အထူးသဖြင့် သူ့မျက်ဝန်းပြာများသည် နူးညံ့သိမ်မွေ့နေပြီး ခပ်ယောင်ယောင်ပြုံးနေတတ်သည့် သူ့နှုတ်ခမ်းများသည် သူ့မျက်ဝန်းများနှင့် လိုက်ဖက်နေပြီး ကြီးမားပြင်းထန်သော ညို့ငင်အားတစ်ခု ဖြစ်ပေါ်နေသည်ဟု ပိတောက်မြိုင်က မှတ်ချက်ချမိပြီး သူမကိုယ်တိုင်လည်း ထိုညို့ငင်အားထဲမှ ရုန်းထွက်လို့ မရနိုင်ခဲ့ပါ။

ထို့ကြောင့် အမြဲတစေ ဣန္ဒြေရရနေတတ်ပြီး လာသမျှ ဧည့်သည်များအပေါ် ဧည့်ဝတ်ကျေပွန်စွာ ရှိနေတတ်သည့် သူသည် ယနေ့မှာတော့ ခါတိုင်းနေ့များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်နေလေတော့သည်။

ယနေ့အဖို့ ပိတောက်မြိုင်သည်။ ရစ်ချပ်မောင်မှလွဲ၍ မည်သူ့ကိုမှ စိတ်မဝင်စားခဲ့ပါ။ ဧည့်ဝတ်လည်း မပြုနိုင်ခဲ့ပါ။ သူမသည် သူမအတွက် ထူးဆန်းသော ခံစားမှုများကို ဖြစ်ပေါ်နေစေသည့် ထိုလူရွယ်၏ အနားမှာပဲ ရယ်မောရွှင်ပျစွာ စကားတွေပြောရင်း နေနေဖြစ်ခဲ့လေသည်။

သူမသည် ရစ်ချပ်မောင်နှင့် စကားတွေ အများကြီး ပြောဖြစ်ခဲ့သည်။ ဒင်နာအတူတူ စားဖြစ်ခဲ့သည်။ အတူတွဲပြီး ကဖြစ်ခဲ့သည်။ အတော်အတန် ရင်းနှီးမှုကိုလည်း ရခဲ့လေသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် သူမသည် ရစ်ချပ်မောင်အပေါ် ရင်ခုန်ယစ်မူးသွားခဲ့တာဖြစ်သည်။ သူနှင့်အတူရှိနေရသည့် အချိန်များကို သာယာနေမိခဲ့ပြီး ထိုသာယာမှုကို အမြဲတစေ ရရှိပိုင်ဆိုင်ချင်သည့် စိတ်ဆန္ဒများသည်လည်း သူမ၏ရင်ဘတ်ထဲသို့ ပြင်းပြစွာ တိုးဝင်လာခဲ့ပြီဖြစ်သည်။

သူမကသာ အဲဒီလိုမျိုး ခံစားမှုများကို ခံစားနေရသော်လည်း ရစ်ချပ်မောင်ကို ကြည့်ရတာတော့ အေးစက်စက်ပင် ဖြစ်လေသည်။ အဲဒါကို ပိတောက်မြိုင်က မကျေနပ်နိုင်။ သူမကို နတ်သမီးလေးတစ်ပါး၏ အရေးပေး စိတ်ဝင်စားမှု

ကို အေးစက်စက်တုံ့ပြန်သည့် ရစ်ချပ်ကို အသည်းယားမိသည်။

ရစ်ချပ်ကို ရှုံးသွပ်သွားအောင် ဖမ်းစားပစ်လိုက်ချင်သည့် စိတ်ဆန္ဒများလည်း ဖြစ်ပေါ်လာမိသေးသည်။ ပါတီပွဲပြီးလို့ ဧည့်သည်တွေ အားလုံးရော ရစ်ချပ်ပါ ပြန်သွားပေမဲ့ ပိတောက်မြိုင်က ဘယ်လိုမှ အိပ်လို့မရ။ သူမထံမှ အိပ်စက်ခြင်းများကို ရစ်ချပ်မောင်ဆိုသည့် လူက အပိုင်သိမ်းယူသွားလို့ပဲ ဖြစ်လေသည်။

ဒီလိုနှင့် နောက်တစ်နေ့မနက်မှာပင် ပိတောက်မြိုင်သည် ရစ်ချပ်တည်းခိုနေရာသို့ လိုက်သွားဖြစ်ရလေတော့သည်။

## [ သုံး ]

ပိတောက်မြိုင်သည် အလည်ရောက်လာသည့်အတွက် ရစ်ချပ်သည် အံ့ဩပုံမပြပါ။ ဒါပေမဲ့ အနေရခက်နေပုံမျိုးကိုတော့ ပိတောက်မြိုင်က အကဲခတ်မိသည်။

ဘိုမတွေနှင့် ရင်းနှီးပေါင်းသင်းပြီး ဘိုဆန်ဆန် ရဲတင်းသွက်လက်နေသည့် သူမကတော့ ရစ်ချပ်မောင်၏ အမူအရာကို သတောပင်ကျမိနေသေးတော့သည်။

"ကျွန်မတို့ မြင်းစီးရအောင် ရစ်ချပ်၊ ပိုတောက်မြိုင်ခြံကြီးရဲ့ ပတ်ဝန်းကျင်မှာ မြင်းလျှောက်စီးရတာ သိပ်ကောင်းတဲ့အရသာပေါ့"ဟု သူမက ဖိတ်ခေါ်တော့ ရစ်ချပ်က ယဉ်ကျေးစွာ ငြင်းသည်။

"ကျွန်တော် မြင်းစီးသိပ်မကျွမ်းကျင်ပါဘူး ပိတောက်မြိုင်"

သူမကလည်း ဖွတ်အတင်းပင် မရအရခေါ်သည်။

"အို... အပျော်စီးတာ ကျွမ်းကျင်စရာ မလိုပါဘူး ရစ်ချပ်တယ်၊ ဖြည်းဖြည်းစီးပြီး ရှုခင်းတွေကို လျှောက်ကြည့်မှာပဲ၊ လာပါ၊ ကျွန်မရဲ့ မြင်းတွေက အသေအချာ လေ့ကျင့်သင်ကြားထားတဲ့ မြင်းတွေမို့ မရိုင်းဘူးရှင့်၊ ဘာမှစိုးရိမ်စရာ မလိုဘူး"

ပိတောက်မြိုင်က အတင်းခေါ်နေသလို ရစ်ချပ် တည်းခိုသည့် အိမ်မှ လင်မယားကလည်း ဝိုင်းဝန်းတိုက်တွန်းပေးကြပြန်သည်။

"ပိတောက်မြိုင်ခြံကြီးရဲ့ ပတ်ဝန်းကျင်က အရမ်းသာယာပြီး မြင်းစီးလို့ သိပ်ကောင်းတာ ရစ်ချပ်ရဲ့၊ ဘယ်သူမှ ဒီလိုအခွင့်အရေးမျိုးကို မရဖူးသေးဘူးနော်၊ ရှင်လိုက်စီးစမ်းပါ" ဟု စင်သီယာက ရယ်မောတွန်းထိုးပေးသလို စင်သီယာ့ အမျိုးသားကလည်း ဝိုင်းပြောပေးသည်။

"ဟုတ်တယ် ရစ်ချတ်ပ်၊ မောင်ရင် မြင်းစီးရတာကို အရမ်းသဘောကျသွားမှာ သေချာတယ်"

"ကဲ... လာစမ်းပါရှင်၊ ပြီးရင် ပိတော်မြိုင်မှာ နေ့လယ်စာ စားဖို့လဲပါတယ်၊ ဒါလဲ ဖိတ်တယ်နော်"

"အမယ် ... ရစ်ချတ်ပ်တစ်ယောက်တည်းကိုပဲလား၊ ကိုယ်တို့ရော မပါဘူးလား"

"မမစင်သီယာတို့ကို နောက်နေ့မှ ဖိတ်မယ်၊ ဒီနေ့တော့ ဟော်ဒီမြို့ကလေးကို အလည်အပတ်ရောက်လာတဲ့ ဧည့်သည်တော်ကြီးအတွက် အထူးပေါ့၊ ဟင်း ဟင်း ဟင်း"

"ကောင်းပါပြီရှင်၊ ကောင်းပါပြီ"

မမစင်သီယာက အဓိပ္ပာယ်မျိုးစုံ ပျော်ဝင်နေသည့် အပြုံးနှင့် သူမကို ပြုံးပြပြီး ကျီစယ်သည်။

ထိုနေ့က ရစ်ချတ်ပ်မောင်နှင့်အတူ မြင်းလှည်းစီးရင်း ပိတောက်မြိုင်က သူမနှလုံးသားကို သူမကို သိမြင်လိုက်သည်။ သူမ ရစ်ချတ်ပ်ကို သဘောကျသည်။ ရစ်ချတ်ပ်နှင့် အတူ နေရတာကို ပျော်သည်။ ရစ်ချတ်ပ်နှင့် စကားပြောရတာ ဆန်းသစ်နေသည်။ ရစ်ချတ်ပ်ပြောသည့် စကားများကို နားထောင်ပေးရတာ မငြီးငွေ့နိုင်ဘဲ စိတ်ဝင်စားဖွယ်ရာတွေချည်း ဖြစ်သည်။

နေ့လယ်စာ အတူစားတော့လည်း စိတ်ချမ်းသာဖွယ်ရာ အတိဖြစ်ခဲ့ရပြန်သည်။

ရစ်ချတ်ပ် ပြန်သွားသည်အထိ သူမ၏ ပျော်ရွှင်ကြည်နူးမှုများက အဆုံးမသတ်နိုင်ဘဲ ပိတောက်မြိုင်က ကိုယ့်ကိုယ်ကို အံ့အားသင့်ခဲ့ရတော့သည်။

သူမကို အရေးပေး အကြိုက်ဆောင်တတ်ကြသည့် ယောကျ်ားများစွာကို စိတ်မဝင်စားခဲ့ဘဲ သူမကို ရှောင်ဖယ်ဖယ် လုပ်နေသည့် ရစ်ချတ်ပ်ကိုမှ စိတ်ဝင်စားမိသည့်အဖြစ်က ဆန်းကြယ်တာသေချာလေသည်။

အများအားဖြင့် ယောကျ်ားအတော်များများသည် သူမကသာ မျက်နှာသာပေးလိုက်လျှင် ဣန္ဒြေမဆောင်နိုင်။ ဟန်မဆောင်နိုင်လောက်အောင်ကို ဝမ်းသာမြူးထူးပြီး သူမအနားတွင် ဖျပ်ဖျပ်လူး ဖြစ်နေခဲ့ကြတာချည်းပဲ ဖြစ်သည်။

သူမပေးသည့် အခွင့်အရေးကိုလည်း မယူသူ လုံးဝမရှိ။ အခု ရစ်ချတ်ပ်မောင်ကို ချစ်မိသွားပြီဖြစ်ကြောင်း သူမဘာသာ သူမ ဝန်ခံမိသွားလေတော့သည်။

ထိုနေ့ညက အိပ်ရေးပျက်ခဲ့ရသည့် သူမသည် ရစ်ချတ်ပ်အကြောင်း တွေးတောရင်း မိုးလင်းသွားခဲ့ရ၏။ ရစ်ချတ်ပ်သည် သူမအတွက်တော့ အလွန်တရာ ထူးခြားဆန်းကြယ်သူဖြစ်နေတာ သေချာသည်။

အထူးခြားဆုံးကတော့ အခြားယောကျ်ားတွေလိုမျိုး ရစ်ချတ်ပ်က သူမအပေါ် စိတ်ဝင်စားမှုမရှိခြင်းဘဲ ဖြစ်သည်။

ထိုအဖြစ်ကို, ပိတောက်မြိုင်က မခံချင်ဖြစ်ရသလို သဘောလည်းကျနေမိပြန်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူမ တစ်သက်တာတွင် သူမကို စိတ်မဝင်စားဘဲ ရှောင်ဖယ်ဖယ် နေတတ်သည့် ယောကျ်ားသားများနှင့် မတွေ့ဆုံဘူးသေးလို့ပဲ ဖြစ်သည်။

ရစ်ချတ်ပ်သည် သူမတွေ့ဖူးသည့် ယောကျ်ားတွေလို သူမ၏ အလှကို ချီးမွမ်းခန်းမဖွင့်ပါ။ သူမကို ဘယ်လိုစိတ်ဝင် စားသည့်အကြောင်း၊ ဘယ်လိုစွဲလမ်းသည့်အကြောင်း စတာ တွေကိုလည်း ယောင်လို့ပင် မပြောခဲ့ပါ။

ရစ်ချတ်ပ်သည် သူမနှင့်အတူ မြင်းစီးရင်း နေ့လယ်စာ စားရင်း၊ ပန်းပင်တွေအကြောင်း၊ ငှက်တွေအကြောင်း၊ သူ ရောက်ဖူးသည့် နေရာဒေသ အသစ်အဆန်းတွေအကြောင်း ကိုပဲ ရိုးသားစွာ ပြောခဲ့တာဖြစ်သည်။

မရိုးမသား စကားတစ်ခွန်းတလေမှပင် မပြောခဲ့ပါ။ ပိတောက်မြိုင်က အဲဒါကိုပဲ မကျေနပ်တာဖြစ်သည်။ တစ်ညလုံး အတွေးပေါင်းစုံဖြင့် အိပ်ရေးပျက်ခဲ့ရပြီး မနက်မိုးလင်းတာ

နှင့် သူမက ရစ်ချတ်ပ်ထံသို့ ရောက်ခဲ့ရပြန်သည်။

မနက်စောစော သူမကို တွေ့လိုက်ရာနှင့် ရစ်ချတ်ပ်၏ မျက်နှာက ပျက်ယွင်းခဲ့ခြင်းသည် သူမ၏ မာနကို ထိခိုက်စေသည်ဟု နာနာကျင်ကျင် ခံစားလိုက်မိသည့်အခါမှာတော့ ပိတောက်မြိုင်က ဆုံးဖြတ်ချက်တစ်ခုကို ရှုံးသွပ်မိုက်မဲစွာ ချဖြစ်သွားလေတော့သည်။

အဲဒါကတော့ 'ရစ်ချတ်ပ်'၏ အချစ်ကို ရအောင်ယူမည်ဆိုသည့် ဆုံးဖြတ်ချက်ပဲဖြစ်လေသည်။

*

# [ လေး ]

"ဟိုင်း"

သူမက ပြုံးရွှင်ရယ်မောပြီး နှုတ်ဆက်လိုက်သော်လည်း ရစ်ချတ်ပ်က ချက်ချင်းမတုံ့ပြန်နိုင်ဘဲ မျက်နှာပျက်နေလေသည်။ ကြားထဲမှ အားနာသွားပုံရသည့် မမစင်သီယာက ရစ်ချတ်ပ်ကိုယ်စား သူမကို နှုတ်ဆက်စကားတွေ ပြောဆိုလေသည်။

"အို... ပီတောက်ကလေး၊ လာ... လာ"

"မမ ဈေးဝယ်သွားမလို့လား"

"အင်း... ဟုတ်တယ်၊ ဒီနေ့ ဈေးနေ့လေ၊ ပီတောက်ရော ဘယ်သွားမလို့လဲ"

"ဒီလိုပဲလာတာလေ၊ ညေသည့်တော်ကြီးကို မြင်းစီးဖို့ လာခေါ်တာ"

"ဟာ... အားနာစရာပဲ ပိတောက်မြိုင်၊ ကိုယ်မနေ့က မြင်းစီးလိုက်တာ ခါးနာသွားလို့ ဒီနေ့အဖို့တော့ မြင်းမစီးနိုင်တော့ဘူး"

တမင်တကာ အကြောင်းပြတာပဲဟု သိလိုက်ပေမဲ့ ပိတောက်မြိုင်က ဟာန်မပျက်ပင် ပြန်ပြောလိုက်သည်။

"အိုး...ဂေါ့ဒ်၊ မြင်းဖြည်းဖြည်းလေးစီးတာကို ခါးနာသွားပြီလား၊ ဒါဆိုလဲ ကားနဲ့ လျှောက်ကြည့်ကြတာပေါ့၊ ရှင့်ကို သစ်ခွတွေ အများကြီး ပြစရာရှိတယ်၊ မြေပြန့်က ပိတောက်ပန်းနဲ့ အရမ်းတူတဲ့ သစ်ခွမျိုး ဒီမှာရှိတယ်ဆိုရင် ရှင် ယုံပါ့မလား"

သူမက တက်ကြွနေသလောက် ရစ်ချတ်ပ်ကတော့ တုံ့ဆိုင်းလေးကန်နေလေသည်။

"အင်း...ယုံပါတယ်၊ ချယ်ရီပန်းနဲ့ သိပ်တူတဲ့ သစ်ခွမျိုးတောင် ရှိသေးတာပဲ"

"ယုံတယ်လို့ပြောရုံနဲ့ မရဘူးနော်၊ လိုက်ကြည့်ရမယ်၊ ကျွန်မက အဲဒီပန်းကို ထိပ်တန်းလျှို့ဝှက်ချက်အဖြစ်ထားထား

တာ၊ တော်ရုံနဲ့ ဘယ်သူ့ကိုမှ မပြဘူး၊ အင်မတန် ခင်မင်လွန်းမှပဲ ပြတာနော်”

“မပြန်ခင်တစ်ရက်တော့ လိုက်ကြည့်ပါမယ်”

“ဟင့်အင်း၊ ဒီနေ့ပဲ၊ ဒီနေ့ဆိုတာတောင်မှ အခုပဲနော်၊ ဒါပဲ”

သူမက အတင်းအကျပ်ခေါ်သလို မမစင်သီယာကပါ တိုက်တွန်းလွန်းတော့မှ ရစ်ချတ်ပ်က သူမ၏ ဂျစ်ကားလေးပေါ်သို့ လိုက်ပါလာလေသည်။

ဘိုကပြားတစ်ယောက်ဖြစ်နေပြီး တခြားသူများနှင့် ကွဲလွဲနေသည့် ရစ်ချတ်ပ်ကို ‘ရှင်က တခြားလူတွေနဲ့မတူဘူးနော်၊ သိပ်မြန်မာဆန်တယ်’ဟု ပြောလိုက်တော့ ရစ်ချတ်ပ်က မချိပြုံး ပြုံးပြီး ထူးဆန်းသည့်စကားကို ပြန်ပြောလေသည်။

“ဟုတ်တယ်၊ ကိုယ်က မြန်မာဆန်ရုံတင့်မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုလဲ မြန်မာလုံးလုံး ဖြစ်စေချင်တာ ပီတောက်မြိုင်၊ ဘိုကပြားတစ်ယောက်ဖြစ်နေရတာကိုက ကိုယ့်ရဲ့အကြီးမားဆုံး ချွတ်ယွင်းအားနည်းချက်လို့ ယူဆထားမိတယ်။ ဒါကြောင့် မြန်မာစစ်စစ်ကနေ ဘိုစိတ်ပေါက်နေတဲ့သူတွေကို ကိုယ်သိပ်မုန်းတယ်”

ထိုစကားသည် သူမကို တည့်တည့်ထိပါးလိုက်သည့် စကားမို့ ပိုတောက်မြိုင်က ရုတ်တရက် ကြောင်အသွားမိသည်။

အကယ်၍သာ ဒီလိုစကားမျိုးကို တခြားယောကျ်ား တစ်ယောက်ယောက်ကသာ ပြောခဲ့တာဖြစ်လျှင် တစ်ခုခု လုပ်မိမှာ သေချာသော်လည်း အခုတော့ သူမက ဆွံ့အစွာပင် သည်းခံနေဖြစ်သွားတော့သည်။

သူမတစ်ခုခုဖြစ်သွားသည်ကို သိရသော်လည်း ရစ်ချတ်ပ်က အရေးမလုပ်ဘဲ သူပြောချင်သည့် စကားတွေကိုသာ ဆက်ပြောနေပြန်သည်။

"ကိုယ့်အဖေက အင်္ဂလန်မှာပေါ့၊ ဟိုကနေ ကိုယ့်ကို ခေါ်တယ်၊ ကိုယ်က ဒီမှာပဲနေချင်တယ်လေ၊ ဒီမှာပဲ အိမ်ထောင်ပြုပြီး နေချင်တယ်၊ ဟိုကိုလိုက်သွားတာနဲ့ ဒီကိုပြန်ရောက်ဖို့က မလွယ်တော့ဘူး မဟုတ်လား ပိတောက်မြိုင်"

ထိုစကားကြောင့် သူမက ရင်နည်းနည်းခုန်သွားမိသည်။ ထိုစကားသည် သူမကိုရည်ရွယ်ပြီး ပြောသည့် စကားဖြစ်မည်ဟု တွေးမိသည်။ ထို့ကြောင့် ပိတောက်မြိုင်က ရစ်ချတ်ပ် ထပ်ပြောမည့်စကားကို အလောတကြီး စောင့်မျှော်နေမိသည့်

အချိန်မှာပင် သူမကြားချင်သည့် စကားမျိုးကို မကြားရဘဲ မကြားချင်သည့် စကားများကိုသာ ကြားရလေသည်။

"ကိုယ်လက်ထပ်ဖို့ စိတ်ကူးထားတဲ့ မိန်းကလေးက သိပ်မြန်မာဆန်တာ ပိတောက်မြိုင်၊ သူ့မိဘတွေကလည်း တကယ် မြန်မာပီသတဲ့ လူကြီးတွေပဲ။ ဒီတော့ ကိုယ့်ကို သူတို့သမီးနဲ့ သဘောမတူဘူးပေါ့။ ကိုယ့်ချစ်သူ မိန်းကလေး ကလဲ သူ့မိဘတွေနဲ့ စကားကို ဘယ်တော့မှ ငြင်းဆန် မှာ မဟုတ်ဘူးလေ။ ဒါကြောင့် ကိုယ်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ နဲ့ ဒီမြို့ကို အလည်အပတ် ရောက်လာခဲ့တာပေါ့။ ကိုယ့်မှာ ဝေဒနာကပါလာတော့ ပျော်ပျော်ပါးပါးနေကြည့်လို့ မရဘူး ပိတောက်မြိုင်၊ ကိုယ့်ဝေဒနာက ဘယ်သူနဲ့မှ စကားမပြောဘဲ တစ်ယောက်တည်းနေမှ သက်သာသလိုပါပဲ။ ဒါကြောင့် နောက်နေ့တွေဆို ပိတောက်မြိုင် ကိုယ့်ကို လာမခေါ်ပါနဲ့"

ထိုစကားသည် သူမကို အပြင်းအထန် ထိခိုက်နာကျင် သွားစေသော်လည်း ပိတောက်မြိုင်က ဟန်မပျက်အောင် ကြိုးစားထိန်းချုပ်မိသည်။ ပြီးတော့ ဘာမှမဖြစ်သလို ပုံစံ မျိုးဖြင့် ပိတောက်မြိုင်က ရယ်မောပြီး ပြန်ပြောလိုက်ရ သည်။

"ကောင်းပါပြီရှင်၊ ဒါဆိုရင်လဲ ကျွန်မ လာမခေါ်တော့ပါဘူး၊ ဒါပေမဲ့ ကျွန်မအထင်ပြောရရင် ရှင်ခံစားနေရတဲ့ ဝေဒနာမျိုးက တစ်ယောက်တည်း တိတ်တိတ်လေးနေရင် ပိုဆိုးမယ်ထင်တာပဲ"

"ဆိုးချင်လဲ ဆိုးပါစေ၊ ကိုယ့်တစ်ယောက်တည်းပဲ နေချင်တယ်"

သူမက ကြိုးစားရယ်မောပြီး ခေါင်းညိတ်ပြလိုက်ရပေမဲ့ ခံစားလိုက်ရတာကတော့ အတော့်ကို ဆိုးရွားခဲ့လေသည်။ တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ခဲ့ရဖူးသည့် အတွေ့အကြုံမို့ ဆိုးရွားပေမဲ့ ပိတောက်မြိုင်အတွက်တော့ ဆန်းသစ်နေပြန်သည်။

ယောကျ်ားတကာ၏ အရေးပေးခြင်း၊ စိတ်ဝင်စားခြင်းကိုသာ ခံစားခဲ့ရသည့် သူမအတွက် ရစ်ချတ်ပ်ပေးသည့် ခံစားမှုအသစ်သည် သူမ၏ နှလုံးသားထဲသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွားသည့် နောက်မှာတော့ ပိတောက်မြိုင်သည် သူမ၏ဘဝကို မေ့လျော့သွားကာ အချစ်နောက်သို့ လိုက်ပါသွားမိလေတော့သည်။

## [ ငါး ]

နောက်တစ်နေ့ နံနက်မှာတော့ ပိတောက်မြိုင်က သူမနှင့်အတူ မြင်းစီးဖို့အတွက် ရစ်ချတ်ပ်ကို သွားမခေါ်တော့ဘဲ ရစ်ချတ်ပ်ရည်းခိုသည့်အိမ်မှ စင်သီယာ့ကို ခေါ်ခဲ့သည်။

မမစင်သီယာကို မြင်းစီးဖို့ ခေါ်လာခဲ့သည့်အတွက် ရလဒ်ကတော့ သူမသည် ရစ်ချတ်ပ်အကြောင်း အတော်များများကို သိခွင့်ရလိုက်ခြင်းပဲ ဖြစ်သည်။

"ရစ်ချတ်ပ်က မမတို့အသိုင်းအဝိုင်းထဲမှာတော့ သိုးမည်းလေးလို့ပဲ ပြောရတော့မှာပေါ့ ပိတောက်ရယ်၊ သူ့ရဲ့ ဒက်ဒီက သူ့ကို အင်္ဂလန်မှာ နေစေချင်တယ်၊ သူက သူ့မာမီခေါင်းချသွားတဲ့ မြန်မာပြည်ကနေ မခွာနိုင်ဘူး"

"အို… သူ့ဆီမှာ အမေ မရှိတော့ဘူးလား"

"ဟုတ်တယ် ပိတောက်ရဲ့၊ ရစ်ချတ်ပ်မှာ အမေမရှိတော့ဘူး၊ သူ့အမေဘက်က အမျိုးတွေကလဲ သူ့ကို သိပ်အရေးတဝင် မရှိကြဘူး။ အဲဒါကို သူက ခံစားနေရတာပေါ့ကွယ်၊ ဒီကြားထဲ သူသဘောကျမိထဲ့ မိန်းကလေးကလဲ သူ့ကို လက်မထပ်နိုင်ဘူးဆိုတော့ ပြောရရင် အသည်းကွဲနေတာပေါ့"

"သနားပါတယ်နော်"

လွှတ်ခနဲ ပြောလိုက်မိသည့် သူမ၏စကားကို မမစင်သီယာက မိအောင်ဖမ်းပြီး ရစ်ချတ်ပ်နှင့် သူမကို အောင်သွယ်တော့သည်။

"တကယ်သနားတာလား ပိတောက်ရဲ့"

"အင်းပေါ့၊ သူ့ခမျာ သနားပါတယ်နော်၊ အထီးကျန်ဖြစ်နေရှာမှာပေါ့"

"အမယ်၊ ပိတောက်ကသာ သနားရင် အထီးကျန်ဘဝကနေ ရစ်ချတ်ပ်တစ်ယောက် ကံထူးရှင်ဖြစ်သွားမှာပါကွယ်၊ ပိတောက်လေးကသာ တကယ်သနားဖို့ လိုတာပါ"

"ဟာ… မမကလဲ"

"တကယ်ပြောတာ ပိတောက်ရဲ့၊ ညီမလေးနဲ့ ရစ်ချတ်ပ်ကို ကြည့်ရတာ သိပ်လိုက်ဖက်တာပဲကွယ်၊ နှစ်ယောက်စလုံး အချောအလှတွေ မဟုတ်လား၊ တွဲများသွားလိုက်ရင် လူတကာ ငေးယူရမှာ သေချာတယ်"

"တော်ပါ မမစင်သီယာရယ်၊ ရစ်ချတ်ပ်မောင့်ဆိုတဲ့ ရေခဲတုံးကြီးက ကျွန်မကို စိတ်ဝင်စားပုံ မရှိပါဘူးနော်"

"ပိတောက်ရယ်၊ ပိတောက်ကို စိတ်မဝင်စားတဲ့ ယောကျ်ား မရှိနိုင်ပါဘူးကွယ်၊ မမ သိတာပေါ့၊ ရစ်ချတ်ပ်လား၊ ညီမလေးကို စိတ်မဝင်စားဘဲနေမှာ၊ သူ့ဘာသာသူ အသည်းကွဲလာပါတယ်လို့ ကြေညာထားတဲ့အတွက်ကြောင့်သာ ဣန္ဒြေဆည်နေတာ ညီမရဲ့"

မမစင်သီယာစကားကြောင့် ပိတောက်မြိုင်က စိတ်လှုပ်ရှားသွားမိသလို ပျော်လည်း ပျော်ရွှင်သွားသည်။

"ဟုတ်လို့လား မမရယ်၊ အခုတော့ သူတစ်ယောက်တည်း နေချင်လို့ သူ့ကို မြင်းစီးဖို့ လာမခေါ်ပါနဲ့လို့ပြောနေတာ မမရဲ့"

"အို...အဲဒါ အလကားပါကွယ်၊ ပိတောက်အနားကို အသည်းအသန် ချဉ်းကပ်မိရင် ပိတောက် တခြားယောကျ်ား

တွေလိုမျိုး သူ့အပေါ်မှာ စိတ်မဝင်စားတော့ဘဲ ဥပေက္ခာပြုထားလိုက်မှာ စိုးရိမ်လို့ တမင်နည်းဗျူဟာအသစ်ကို သုံးနေတာပါ”

မမစင်သီယာပြောတာ ဖြစ်နိုင်သည်ဟု သူမက တွေးမိပြီး ဟန်မဆောင်နိုင်လောက်အောင် ပျော်ရွှင်သွားသည့်အချိန်မှာတော့ ပီတောက်မြိုင်က သူမိကိုယ်သူမ သဘောပေါက်မိသွားသည်။ သူမသည် မမျှော်လင့်ပါဘဲ အချစ်ဆိုတာကို ရှာဖွေတွေ့ရှိသွားခဲ့ရပြီဖြစ်သည်။

သူမသည် အတွေးထဲမျောနေဆဲ မမစင်သီယာက သူမကို မျှော့သွေးစမ်းသလို မသိမသာ စမ်းသပ်တော့သည်။

“နေပါဦး၊ ပီတောက်ကရော ရစ်ချတ်ပ်ကို စိတ်ဝင်စားနိုင်လို့လား၊ သူက ရုပ်ကသာဖြောင့်တာနော်၊ ပိုက်ဆံကတော့ မချမ်းသာဘူး”

“ချမ်းသာတာ၊ မချမ်းသာတာ အရေးမကြီးပါဘူး မမစင်သီယာရယ်”

ဟု လွှတ်ခနဲ ပြောမိသွားတော့ ရစ်ချတ်ပ်ကို သူမဘက်က စိတ်ဝင်စားမိကြောင်း ဝန်ခံလိုက်သလို ဖြစ်သွားရတော့သည်။

"ဒါဆို ဘာကအရေးကြီးသလဲ ပြော"

ပိတောက်မြိုင်က ရှက်သွားသော်လည်း မမစင်သီယာ မေးတာကိုတော့ ပြန်ဖြေလိုက်သည်။

"အချစ်ပေါ့ မမရဲ့၊ နှလုံးသားထဲက တကယ့်အချစ်ပေါ့"

"အိုး...မိုင်ဂေါ့ဒ်၊ ဒါဆို ပိတောက်က ရစ်ချတ်ပ်ကို ချစ်သွားပြီလား"

"နိုး... နိုး၊ အဲဒီလောက်ကြီး မဟုတ်သေးပါဘူး မမရယ်၊ အမှန်အတိုင်းပြောမယ်နော်၊ တစ်မျိုးဆန်းနေလို့ နည်းနည်းတော့ စိတ်ဝင်စားမိတယ်"

"နည်းနည်းပဲလားကွယ်"ဟု မမစင်သီယာက နောက်ပြောင်ကျီစယ်တော့ "နည်းနည်းထက်တော့ ပိုမလားပဲ" ပြန်ပြောမိသွားခဲ့သည်။

"မမကတော့ ပိတောက်နဲ့ ရစ်ချတ်ပ်ကို လိုက်ဖက်ညီတဲ့ အတွဲလို့ မြင်မိတယ်ကွယ်၊ ပြီးတော့ ပိတောက်ကိုလဲ ညီမလေးလိုချစ်တယ်၊ သူငယ်ချင်း ရစ်ချတ်ပ်ကိုလည်း ပျော်ရွှင်စိတ်ချမ်းသာနေတာပဲ မြင်စေချင်တယ်၊ ဒီတော့ မမ ဆုံးဖြတ်

လိုက်ပြီ ပိတောက်ရေ၊ ညီမလေးနဲ့ ရစ်ချတ်ပ်ကို မမစင်သီယာ ကတော့ မဖြစ်မနေ အောင်သွယ်တော့မှာပဲ”

ပိတောက်မြိုင်က အပြုံးနှင့် ငြိမ်သက်နေလိုက်မိသည်။ သေချာတာကတော့ ထိုနေ့မှစပြီး မမစင်သီယာသည် သူ၏ မြားနတ်မောင် ဖြစ်သွားရခြင်းပင် ဖြစ်တော့သည်။

*

[ ခြောက် ]

“ရစ်ချတ်ပ်ကပြောတယ် ပိတောက်ရယ်၊ သူ့အတွက်တော့ ပိတောက်မြိုင်ဆိုတဲ့ ပန်းကလေးဟာ သိပ်ကိုမြင့်မားလွန်းတဲ့ ပန်းကလေးပါတဲ့”

“အို… မဟုတ်တာ မမရယ်၊ သူက သိပ်အားငယ်ထတ်တာပဲနော်”

“အင်းလေ၊ မမကလဲ ပြောပြပါတယ်၊ ပိတောက်ဟာ မင်းထင်နေသလိုမျိုး အလှဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ်တွေ မောက်နေတဲ့ မိန်းကလေးမဟုတ်ပါဘူးလို့”

“အဲဒီတော့ သူက ဘာပြောလဲဟင်”

"ပီတောက်ရဲ့ မိဘအသိုင်းအဝိုင်းက သူ့ကိုမကြည်ဖြူရင် သူအသည်းတွေ နှစ်ခါပြန် ကွဲရလိမ့်မယ်တဲ့၊ အဲဒီလိုသာ နှစ်ခါပြန် အသည်းကွဲရင် သူ သေမှာတဲ့..."

"အင်းလေ၊ ရစ်ချတ်ပ်က ခဲမှန်ဖူးထားတဲ့ စာသူငယ် ဖြစ်နေတာကိုး ညီမလေးရဲ့။ အဲဒါကြောင့် အလိုလိုနေရင်း သိမ်ငယ်ပြီး ပီတောက်နဲ့တွေ့ရဖို့ကိုတောင် ဝန်လေးတွန့်ဆုတ်နေတာ"

သူမကိုယ်တိုင်က တိမ်းညွှတ်နေသည့်ကြားထဲ မမစင်သီယာ၏ အတွန်းအပို့များကလည်း ကောင်းမွန်လှသည့်အတွက် ရစ်ချတ်ပ်အပေါ် သနားကရုဏာ သက်မိသည့် ခံစားမှုများက သူမနှလုံးသားတွင် နက်ရှိုင်းလာခဲ့ရတော့သည်။

သို့သော် သူမနှင့် ရစ်ချတ်ပ်ကတော့ တရင်းတနှီး လက်ပွန်းတတီး မရှိခဲ့ဘဲ မမစင်သီယာ၏ စကားအသယ် အပို့များနှင့်ပင် နှလုံးသားချင်း နီးစပ်ဖို့ တာစူနေရတော့သည်။

တကယ်တော့ သူမသည် မမစင်သီယာ၏ အတွန်းအပို့များကို အကြွင်းမဲ့ယုံကြည်ခဲ့မိပြီး ရစ်ချတ်ပ်ဆိုသည့် လူတစ်ယောက်ထံ၌ တအိအိ ကျဆုံးသွားခဲ့ရသူပါဟု ပြောလျှင် မှားမည်မထင်ပါ။

မမစင်သီယာပြောသည့် ရစ်ချတ်ပ်နှင့် ပတ်သက်သည့် အကြောင်းအရာများအပေါ် ဘယ်လောက်အထိ ယုံကြည်မိသလဲဆိုလျှင် ရစ်ချတ်ပ်နှင့် ပတ်သက်သည့် သူမ၏ခံစားချက်တချို့က မိဘများကို ဖွင့်ပြောမိသည်အထိပင် ဖြစ်လေသည်။ ရစ်ချတ်ပ်အကြောင်းကို ပြောပြပြီး သူမက...

"သမီးတော့ သူ့ကိုသဘောကျတယ် မာမီ"

ဟု ပြောပြမိသည်။ သူမ၏ အိုဆန်ဆန် မိဘများသည် ရစ်ချတ်ပ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ မကန့်ကွက်ခဲ့ပါ။

"သမီးဆန္ဒကို မာမီတို့အနေနဲ့ကတော့ ချုပ်ချယ်ကန့်သတ်ချင်တဲ့စိတ်မျိုး မရှိပါဘူးကွယ်"

"မာမီတို့အတွက် ငွေကြေးက မလိုအပ်ပါဘူး၊ အရေးကြီးတာက မာမီ့သမီးလေးအပေါ်မှာ နားလည်မှုအပြည့်နဲ့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိဖို့ပဲ မဟုတ်လား၊ မိဘလက်ထဲမှာ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေထိုင်လာခဲ့ရပြီးမှ အိမ်ထောင်ကျမှ အချုပ်အချယ် ခံရမယ်ဆိုရင် မာမီ့သမီးလေး ဘယ်လိုလုပ်ပြီးပျော်နိုင်မှာတဲ့လဲ၊ အဲဒါပဲ စဉ်းစားရွေးချယ်ပေါ့"

"ရစ်ချတ်ပ်က ဘိုကပြားတစ်ယောက်၊ အင်္ဂလိပ်စာတတ်တဲ့ လူငယ်တစ်ယောက်ပဲ မာမီရယ်၊ ပြဿနာမရှိပါ

ဘူး၊ သမီးတို့ အသိုင်းအဝိုင်း သူကိုယ်တိုင်လဲ နေသားကျ နေတာပဲဥစ္စာ”

“ကြည့်စမ်း သမီးလေးက ဆင်ခြေတွေပေးတတ် နေလိုက်တာ၊ မာမီ့အထင်ပြောရရင် ရစ်ချတ်ပ်ဆိုတဲ့ သူငယ်ကို ငါ့သမီးလေး အတော်ကို့ သဘောကျနေတာပဲဖြစ်မယ် ထင်တယ်”

ပိတောက်မြိုင်က ရှက်ပြုံးနှင့်ပင် ငြိမ်နေလိုက်သည်။ သူမမိဘတွေ၏ စိတ်ဓာတ်ကို သူမသိသည်။

တစ်ဦးတည်းသော သမီးဖြစ်သည့် သူမ၏ စိတ်ဆန္ဒကို ဘာမဆို လိုက်လျောဖြည့်ဆီးပေးဖို့ အသင့်ရှိနေကြသည့် မိဘများသည် သူမကသာ ရစ်ချတ်ပ်ကို လက်ထပ်ပါမည်ဟု ပြောလိုက်လျှင် ကန့်ကွက်တားမြစ်ကြမှာ မဟုတ်ဘဲ သူမ ဆန္ဒအတိုင်း စီစဉ်ပေးကြမှာ သေချာသည်။

ထို့ကြောင့် သူမ၏၊ မိဘအသိုင်းအဝိုင်းဘက်ကို ပူစရာ မလို။ သူမ၏ဆန္ဒသည် မိဘများ၏ ဆန္ဒပဲဖြစ်သည်။ ခက်တာက ရစ်ချတ်ပ်ပဲဖြစ်သည်။ သူမဘက်က တွယ်ငြိနေမိသော်လည်း ရစ်ချတ်ပ်က အင်းမလုပ် အဲမလုပ်။ သူမနှင့် နှစ်ယောက်တည်း တွေ့ဖို့ကိုလည်း မကြိုးစား။ သူမဖိတ်သည့်

ပါတီတိုင်းကိုလည်း မတက်။ မမစင်သီယာကတော့ ရွှန်းရွှန်းဝေအောင်ပြောသည်။

"ပိတောက်ရယ်၊ ရစ်ချတ်ပ်က ညီမလေးကို သံယောဇဉ်ဖြစ်နေတာပါ၊ ဒါကြောင့်လဲ ချက်ချင်းမပြန်နိုင်သေးတာပေါ့၊ အခုဆိုရင် သူပြန်မယ်လို့ ပြောထားတဲ့ရက်ကို ဘယ်လောက်တောင် ကျော်နေပြီလဲ၊ ဒါ ဟောဒီက နတ်သမီးလေးကြောင့်ပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါ့မလား မမစင်သီယာရယ်၊ သူ့ပုံစံ အေးတိအေးစက်နဲ့ တကယ်အသည်းယားဖို့ကောင်းတယ်"

"ဩော်...အသက်အရွယ်ကကွာသွားပြီလေ၊ ပိတောက်ရဲ့၊ ရစ်ချတ်ပ်က တည်ငြိမ်ရမယ့်အရွယ် ဆယ်ကျော်သက်မှ မဟုတ်တော့တာကွယ်၊ ချစ်ပါတယ်၊ ကြိုက်ပါတယ်ဆိုပြီး ဖျပ်ဖျပ်လူး လုပ်ပြနေလို့ တင့်တယ်ပါ့မလား၊ အင်္ဂလိပ်စာတတ်လူကြီးလူကောင်း တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကိုတော့ စောင့်ထိန်းရဦးမှာပေါ့"

ဟု မမစင်သီယာက ပြောသည်။

မမစင်သီယာပြောသည့် စကားများသည် ဖြစ်နိုင်သည့်စကားတွေမို့ နဂိုကမှ ယုံချင်နေသည့် သူမက ပိုမိုယုံကြည်

ပစ်လိုက်သည့်အခါမှာတော့ သူမသည် ကြီးမားသော အပြောင်းအလဲများကို ဖန်တီးမိသွားလေတော့သည်။

အဲဒါကတော့ ရစ်ချတ်ပ်ကို သူမ၏မိဘများနှင့် တွေ့ဆုံပေးဖို့အတွက် စီစဉ်ခဲ့ခြင်းပဲဖြစ်သည်။ သူမ၏ အစီအစဉ်ကို အထမြောက်အောင် ကူညီသူကတော့ မမစင်သီယာတို့ လင်မယားပဲဖြစ်လေသည်။

သူမသည် ရစ်ချတ်ပ်နှင့် မမစင်သီယာတို့ လင်မယားကို အိမ်တွင် နေ့လယ်စာစားဖို့ ဖိတ်ကြားခဲ့ခြင်းဖြစ်လေသည်။

*

[ ခုနစ် ]

သပ်ရပ်စွာ ဝတ်စားဆင်ယင်ထားပြီး လူကြီးလူကောင်းပုံစံ ယဉ်ကျေးသိမ်မွေ့သည့် ရစ်ချတ်ပ်ကို စကားပြောကြည့်တာနှင့် သူမမိဘများက အထင်ကြီးသဘောကျသွားလေတော့သည်။

အမှန်တကယ်တော့ ပိတောက်မြိုင်က ရစ်ချတ်ပ်ကို သူမ မိဘများတွေ့နိုင်အောင် စီစဉ်လိုက်ခြင်းဖြစ်သော်လည်း သူမ၏ မိဘများကတော့ အဓိပ္ပာယ်ကောက် လွဲမှားသွားကြပြီး ထမင်းစားပွဲအပြီးတွင် သူမနှင့် ရစ်ချတ်ပ်၏ မင်္ဂလာကိစ္စကို ဦးတည်ဆွေးနွေးကြလေတော့သည်။

တကယ်တော့ မရည်ရွယ်ဘဲ နားလည်မှုလွဲခဲ့ကြခြင်းပဲဖြစ်သည်။ သူမ၏ မိဘများက ရစ်ချတ်ပ်အနေနှင့် မင်္ဂလာ

ကိစ္စကို စတင်ပြောဖို့ ခက်ခဲနေလိမ့်မည်ဟု စာနာထောက်ထားပြီး ပြောဆိုခဲ့ကြခြင်း ဖြစ်သလို ရစ်ချတ်ပ်ဘက်ကကျတော့လည်း ဂုဏ်သရေရှိ လူကြီးသူမများ၏ စကားကို ဆော်လှန်ပုန်ကန်ရန် ခက်ခဲပြီး ချော်လဲရောထိုင် လုပ်ပစ်လိုက်ရတာမျိုးပဲ ဖြစ်လိမ့်မည်ထင်သည်။

"အန်ကယ်လ်တို့အနေနဲ့ကတော့ သမီးလေး ပီတောက်မြိုင်ရဲ့ စိတ်ချမ်းသာမှုကိုပဲလိုလားပါတယ် မောင်ရင်၊ သမီးလေးရဲ့ အိမ်ထောင်ဖက်ကိုလဲ သမီးဆန္ဒအတိုင်း ရွေးချယ်ဖို့ ခွင့်ပြုထားပြီးသားပါ၊ ဒါကြောင့် အန်ကယ်လ်သမီးနဲ့ မောင်ရင်ကို သဘောမတူဘူးဆိုတာမျိုး အန်ကယ်လ်တို့ စိတ်ထဲမှာ မရှိပါဘူး"

ဟု ဒက်ဒီက ပွင့်ပွင့်လင်းလင်းကြီး ပြောချလိုက်သလို မာမီကလည်း...

"မောင်ရစ်ချတ်ပ်ဆီမှာ အမေ မရှိတော့ဘူး၊ အဖေကလဲ အင်္ဂလန်မှာလို့ ပြောထားပြီးသားပါကွယ်၊ ဒါကြောင့် မောင်ရစ်ချတ်ပ်ရဲ့ အခက်အခဲတွေကို အန်တီတို့ နားလည်ပါတယ်။ အန်တီတို့ဘက်ကတော့ ငါ့သားဆီက ရွှေတွေ၊ ငွေတွေ ဘာမှမလိုချင်ပါဘူးကွယ်၊ သမီးလေးအပေါ်မှာ

ကြင်နာရင်ပဲ ကျေနပ်ပါပြီ။ အန်တီတို့ သမီးလေးကို စိတ်ချမ်းသာအောင် ထားပါမယ်ဆိုတဲ့ ကတိတစ်ခုပဲ လိုချင်ပါတယ်"

ဟု ပြောသည်။

ရုတ်တရက်ဖြစ်သွားသည့် အခြေအနေမို့ ပိတောက်မြိုင်က ဘာမှဝင်မပြောနိုင်ဘဲ ဆွံ့အနေမိသလို ရစ်ချတ်ပ်ကလည်း အံ့အားသင့်နေပုံရသည်။

ထိုအနေအထားကို မမစင်သီယာတို့ လင်မယားပဲ ပါးနပ်စွာ ဝင်ထိန်းပေးလေသည်။ တကယ်တော့ ဝင်ထိန်းပေးသည်ဆိုတာထက် ရစ်ချတ်ပ်ကို ချော်လဲရောထိုင်လုပ်ဖို့ ဖိအားပေးတာပဲ ဖြစ်ပါလိမ့်မည်။

"အန်တီကို ကတိပေးလိုက်လေ ရစ်ချတ်ပ်"

ဟု မမစင်သီယာက တိုက်တွန်းသလို မမစင်သီယာ၏ ခင်ပွန်းကလည်း တွန်းတွန်းတိုက်တိုက် ဝင်ပြောပေးသည်။

"ဟုတ်တာပေါ့၊ ပိတောက်မြိုင်ဟာ အန်တီတို့ရဲ့ တစ်ဦးတည်းသော သမီးလေးပဲ၊ စိတ်ပူမှာပေါ့၊ ရစ်ချတ်ပ်ဆီက ကတိတောင်းတာ တောင်းသင့်ပါတယ်"

"ဘယ်လိုလဲဆိုသည့် အကြည့်ဖြင့် သူမ၏ မိဘများက ရစ်ချတ်ပ်ကို ဝိုင်းကြည့်ကြချိန်တွင် ရစ်ချတ်ပ်ထံမှ ခပ်တုန်တုန် အသံကလေး ထွက်လာလေသည်။

"ဟုတ်ကဲ့၊ ကျွန်တော် ကတိပေးပါတယ်"

ပီတောက်မြိုင်က ရှက်ရွံ့စိုးရိမ်နေသည့်ကြားထဲမှ ရစ်ချတ်ပ်ကို ဝမ်းသာအားရ ကြည့်လိုက်တော့ ခေါင်းငုံ့ပြီး မျက်လုံးများကို သိုဝှက်ထားတာ တွေ့လိုက်ရသည်။

အဲဒီအချိန်ကတည်းကသာ ပီတောက်မြိုင်က…

"ဟာ… ဒက်ဒီနဲ့ မာမီ မှားနေပြီ၊ သမီးတို့က ရိုးရိုး မိတ်ဆွေတွေပါ၊ သာမန်ခင်ရုံပါပဲ"

ဟု ဝင်ပြောလိုက်လျှင် အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာ သေချာသော်လည်း ရစ်ချတ်ပ်ကို သိပ်ချစ်နေမိသည့် သူမက တိတ်ဆိတ်ဆွံ့အစွာပင် နေလိုက်မိသည်။

"မောင်ရင်က ကတိပေးရင် အန်ကယ်တို့ကလဲ စိတ်ချပါတယ်ကွာ၊ မင်္ဂလာကိစ္စကိုတော့ သမီးနဲ့ပဲ တိုင်ပင်ပေါ့၊ သမီးနဲ့ မောင်ရင်တို့ရဲ့ ဆန္ဒအတိုင်း ဖြစ်မြောက်အောင် လုပ်ပေးဖို့က အန်ကယ်လ်တို့တာဝန်ပေါ့ကွာ"

"သမီးက ဘယ်လိုစိတ်ကူးထားလဲ"

ဟု မာမီက သူမကို ဦးတည်ပြီး မေးပြန်သည်။ အဲဒီအချိန်မှာလည်း ငြင်းဆန်ဖို့အခွင့်အရေး ရရှိထားပေမဲ့သူမက မငြင်းဆန်နိုင်ခဲ့ပြန်ပါ။

"မသိ... မသိဘူး မာမီ"

ဟုသာ တုန်တုန်ခိုက်ခိုက် ပြန်ပြောလိုက်မိသည်။

"မောင်ရစ်ချတ်ပ်ကရော"

ဟု ဆက်မေးပြန်တော့လည်း ရစ်ချတ်ပ်ထံမှ တွန့်ဆုတ်ဆုတ် အသံကိုသာ ကြားရသည်။ အဖြေကိုတော့ မရပါ။

"ကျွန်တော်... ကျွန်တော်"

"အို... သမီးတို့ကြည့်ရတာ ဘာမှလဲ ကြိုတင်စီစဉ်ထားကြသေးပုံ မရပါလား၊ ကဲပါလေ၊ ဒါဆိုရင်လဲ မာမီတို့ပဲ စီစဉ်ပေးလိုက်ပါတော့မယ်"

မမစင်သီယာတို့ မောင်နှံက ဝင်ရောသည်။

"အန်တီတို့စီစဉ်မှာပဲ ကောင်းမှာပါ။ ရစ်ချတ်ပ်က ခပ်အေးအေးသမားဆိုတော့ ဟင်း ဟင်း"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့သူငယ်ချင်းက လူအေးလေ၊ ပြီးတော့ ဧည့်သည်ဆိုတော့ ဘယ်လိုစီစဉ်ရမယ်မှန်း သူသိမှာ မဟုတ်ပါဘူး"

အဲဒီလိုနှင့်ပင် ရည်ရွယ်မထားပါဘဲ ပိတောက်မြိုင်နှင့် ရစ်ချတ်ပ်တို့၏ကိစ္စက အတည်ဖြစ်သွားရတော့သည်။ အဲဒီအတွက် ပိတောက်မြိုင်ကသာ ပျော်ရွှင်နေမိသော်လည်း ရစ်ချတ်ပ်ကိုကြည့်ရတာတော့ ထုံပေပေဖြစ်နေလေသည်။

တကယ်တော့ ပိတောက်မြိုင်တို့ နှစ်ယောက်သည် မျက်နှာချင်းဆိုင် တွေ့ဆုံပြီး ချစ်တယ်ဆိုသည့် စကားကိုလည်း မပြောဘူး၊ လက်ထပ်ဖို့အတွက်လည်း မဆွေးနွေးခဲ့ဘူး၊ သူမတို့နှစ်ယောက်သည် မမစင်သီယာကို ကြားခံထားပြီး သွယ်ဝိုက်ပတ်သက်ခဲ့တာပဲ ရှိသေးသည်။

သေချာတာကတော့ မမစင်သီယာတို့ လင်မယားသည် သူမနှင့် ရစ်ချတ်ပ်ကို လက်ထပ်ဖြစ်အောင် တွန်းထိုးဖန်တီးပေးနေကြတာပဲဖြစ်သည်။

အမှန်တကယ် လက်ထပ်ဖြစ်ဖို့ အခြေအနေသို့ရောက်လာချိန်တွင် ရစ်ချတ်ပ်က သူမကို ပို၍ ရောင်ဖယ်ဖယ်ဖြစ်လာသည်။ သို့သော် သူမအနားမှလည်း လုံးလုံးလျားလျားရောင်ထွက်သွားခြင်းမျိုးလည်း မလုပ်ပြန်။

နားလည်ရ ခက်စေတာက လူမမြင်ကွယ်ရာတွင် ရစ်ချတ်ပ်သည် သူမကို ခပ်စိမ်းစိမ်းဆက်ဆံသော်လည်း လူ

အများ ရှေ့မှာတော့ သူမကို ကြင်နာနွေးထွေးစွာ ဆက်ဆံတတ်ခြင်းပဲဖြစ်သည်။

အထူးသဖြင့် ပါတီပွဲတွေမှာဆို ပို့မို့ပင် အလေးထား ဆက်ဆံသည်။ သူမ၏ မိဘတွေရှေ့မှာဆိုလျှင်လည်း အရေးပေး ဆက်ဆံပြန်သည်။ ရစ်ချတ်ပ်ကို အမှန်တကယ် ချစ်မြတ်နိုးမိသည့် ပိတောက်မြိုင်ကတော့ ကြုံတွေ့နေရသည့် အခြေအနေအပေါ် နားမလည်နိုင်စွာဖြင့် ရစ်ချတ်ပ်က ကြင်နာအလေးထားပြလျှင် ပျော်ရွှင်လိုက်၊ ခပ်စိမ်းစိမ်း ခပ်ဖယ်ဖယ်နေလျှင် ဝမ်းနည်းကြေကွဲလိုက်နှင့် သံသရာလည်နေရတော့သည်။

ရစ်ချတ်ပ်၏ အပြောင်းအလဲမြန်ဆန်မှုများကို မိဘကိုလည်း ပြောမပြရဲ။ တခြားတိုင်ပင်စရာ သူငယ်ချင်းလည်း မရှိသည့်အတွက် ရင်ထဲမှာပင် သိမ်းဆည်းထားရင်း မင်္ဂလာ ဧည့်ခံပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပဖြစ်သွားခဲ့သည်။

မင်္ဂလာပွဲနေ့မှ သူမသိလိုက်ရတာက ရစ်ချတ်ပ် သူမကို မချစ်ဘူးဆိုတာပဲ ဖြစ်လေသည်။

*

## [ ရှစ် ]

မင်္ဂလာညှော်ခံပွဲအချိန် နီးလာပြီး ပိတောက်မြိုင် ခြံဝင်းကြီးထဲ၌ ညှော်သည်တွေနှင့် စည်ကားနေချိန်တွင် ပိတောက်မြိုင်ကတော့ ရစ်ချတ်ပ်ကို ရှာမတွေ့လို့ စိုးရိမ်စိတ်ဖြင့် ရင်ပူရတော့သည်။

ပိတောက်မြိုင်အိမ်ကြီးထဲ၌ ရစ်ချတ်ပ် လျှောက်လည်စရာနေရာမရှိ။ ထို့ကြောင့် ခြံကြီးထဲမှာပဲ ရှိနေမည်လား။ ဒါမှမဟုတ် ရန်ကုန်မှ ခေါ်ထားသည့် ပန်းချီဆရာနှင့်များ စကားဖောင်ပြောပြီး အဖွဲ့ကျနေမည်လား တွေးပြီး သူမကို ညှော်သည်တွေနှင့် လွတ်သည့်နေရာ ခြံဝင်းကြီး၏ အနောက်ဘက်ပိုင်းတွင် ရစ်ချတ်ပ်ကို သွားရှာဖို့ အပေါ်ထပ်လှေကားမှ

အသာဆင်းခဲ့ပြီး အိမ်ကြီး၏ နောက်ပေါက်မှထွက်ဖို့ လျှောက်လာပါ၏။ စတိုခန်းသို့ဆင်းသည့် လှေကားနားသို့ အရောက်တွင် ထူးဆန်းစွာပင် မမစင်သီယာ၏ တီးတိုးသံကို ကြားလိုက်ရသည်။

လှေကားအကွေ့လေးထဲမှ ထွက်လာသည့် စကားသံဖြစ်ပြီး လူကိုတော့ မမြင်ရပါ။ အံ့သြစရာကောင်းတာက မမစင်သီယာ ထိုနေရာကို ရောက်နေတာပဲဖြစ်သည်။

ထိုနေရာသည် အိမ်ကြီး၏အတွင်းမှိုင်းမှုန်နေရာဖြစ်ရသည်။ ဧည့်သည်တွေ ရောက်နေရမည့်နေရာမဟုတ်။ ဒီလိုရောက်ခဲ့ ပိတောက်မြိုင်က ရှေ့ဆက်မသွားဘဲ စတိုခန်းသို့ဆင်းသည့် ကြောင်လိမ်လှေကားထိပ်တွင် ရပ်တန့်ကာ မမစင်သီယာ၏ တီးတိုးစကားသံကို နားစွင့်မိသွားတော့သည်။

“ရုပ်မဖျက်ပါနဲ့ ရစ်ချတ်ဖိုးရယ်၊ ဒီလူ့ပုံစံကတော့ ရုပ်ပျက်ပြီး ဆင်းပျက် ဖြစ်နေတာပဲ”

ရစ်ချတ်ပဲဟု ကြားလိုက်ရသည့်အတွက် ပိတောက်မြိုင်က အံ့အားသင့်ပြီး ကြက်သေ သေသွားရသည်။ ပြီးတော့ စိတ်ဝင်တစားပင် နားစွင့်မိသွားလေသည်။

သိန်းမင်းစာပေ

"ကိုယ်လဲ ကြိုးစားတာပါပဲ စင်သီယာ၊ ဒါပေမယ့် မရဘူးကွာ၊ ဘယ်လိုမှ ကြိုးစားလို့မရဘူး၊ ကိုယ် ပီတောက် မြိုင်ကို ချစ်ကြည့်လို့မရတာ ခက်တယ်"

"မဟုတ်တာ ရစ်ချတ်ပ်ရယ်၊ အဲဒီကောင်မလေးကို လက်ထပ်လိုက်တာနဲ့ ယူ့ဘဝက အရမ်းခိုင်မာသွားမှာလေ၊ ဘာမှကို ပူစရာမလိုတော့ဘူး၊ ပြည့်စုံတဲ့ဘဝကို ယူ ရမှာ။ ဒီတော့ ကြိုးစားပြီး မျှောလိုက်စမ်းပါ"

ကြားလိုက်ရသည့် စကားသံများကြောင့် မတ်တတ်ရပ်နေရာမှ လဲပြိုကျမသွားအောင် ကြိုးစားထိန်းမတ်လိုက်ရသည်။ ကြားရသည့် စကားအတွက် ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားပြီး သူမက အပြင်းအထန် တုန်လှုပ်ချောက်ချားသွားရတော့သည်။

"ယူ အရမ်းမှားတယ် စင်သီယာ၊ တကယ်ဆို ပီတောက်မြိုင်နဲ့ ကိုယ်နဲ့ အခုလို နီးစပ်သွားအောင် ကြားမဝင်သင့်ဘူးကွာ"

"စေတနာနဲ့ပါ ရစ်ချတ်ပ်ရယ်၊ ယူ အိမ်ရာအတည်တကျ မရှိဘဲ လွင့်မျှောနေတာကို မမြင်ရက်လို့ အခုလို ဖန်တီးလိုက်ရတာပါ။ ယူ့အနေနဲ့ ကောင်မလေးကို အခု

မချစ်နိုင်ရင်လဲ နောက်တော့ ချစ်နိုင်မှာပါကွယ်၊ ကဲ... ကဲ ညှော်ခံပွဲအချိန်လည်း နီးနေပြီ။ ယူ့ကို ကောင်မလေး လိုက်ရှာနေတော့မယ်၊ သွားတော့ ရစ်ချတ်ပ်၊ သွားတော့နော်"

"ကိုယ်... ကိုယ်"

"သွားလိုက်ပါ ရစ်ချတ်ပ်ရယ်၊ ယူ့ဘဝ ပြည့်စုံသာယာဖို့အတွက် ဟန်ဆောင်လိုက်စမ်းပါ၊ ကောင်မလေးက ယူ့ကို တကယ်ကျနေတာပါ"

ဘုရား... ဘုရား။

ဆက်လက်နားထောင်ဖို့ မရဲတော့သလို သူမနားထောင်နေတာကို ရစ်ချတ်ပ်တို့ တွေ့သွားမှာပါ စိုးရိမ်လာသည့်အတွက် ပိတောက်မြိုင်က ထိုနေရာမှ ခပ်သွက်သွက် ထွက်ခွာလာမိသည်။

ဝမ်းနည်းစိတ်ကြောင့် ခြေလှမ်းများ ယိုင်နဲ့နေကြပြီး သူမရင်ထဲတွင် လေပြင်းတွေ တိုက်ခတ်နေလေသည်။

လက်ရှိအခြေအနေသည် သူမဘက်မှ တစ်စုံတစ်ရာ လုပ်နိုင်ဖို့ အခွင့်အရေးတွေ ရှိနေသေးကြောင်း ပိတောက်မြိုင်က နားလည်သဘောပေါက်မိသည်။

အခုနေ မင်္ဂလာပွဲကို ဖျက်သိမ်းသည်ဟု သူမဘက်မှ ကြေညာခွင့်ရှိသည်။ ရစ်ချတ်ပ်ကို ခွာထုတ်ပစ်ခွင့်လည်း သူမလက်ထဲတွင် ရှိနေသည်။

အခြေအနေက မလွန်သေးပါ။ သူမကို မချစ်ဘူးဟု အတိအလင်းပြောနေသည့် ယောကျ်ားသားကို လက်မထပ်ဘဲ ရှောင်လွှဲပစ်လို့ ရနိုင်သေးသည်။

သို့သော် အခြေအနေပေးပေမဲ့ ပိတောက်မြိုင်က မရှောင်လွှဲနိုင်တာခက်သည်။ သူမကို မချစ်နိုင်သည့် ရစ်ချတ်ပ်ကို မစွန့်နိုင်တာ ဆိုးလွန်းလှသည်။

နောက်ဆုံးတော့ ခံစားချက်များကို မျိုချပြီး သူမက ရစ်ချတ်ပ်ကို မမစင်သီယာပြောသလိုပင် အခုမချစ်ပေမဲ့ နောက်တော့ ချစ်လာမှာပါဆိုသည့် မျှော်လင့်စိတ်ဖြင့် သူမက ထိုနေ့ပွဲကို မဖျက်ပစ်နိုင်ဘဲ ကြိတ်မှိတ်ဆင်နွှဲလိုက်ရတော့သည်။

ရစ်ချတ်ပ်ကတော့ လူသူလေးပါးရှေ့တွင် အံ့ဖွယ်သရုပ်ဆောင်နိုင်တာကို တွေ့ရသည်။ အကယ်၍သာ မမစင်သီယာနှင့် ပြောထားဆိုထားသည့် စကားများကို ပိတောက်မြိုင်ကသာ ကြားမထားခဲ့လျှင် ထိုပွဲ၌ အပျော်ဆုံးလူသည် သူမ

ဖြစ်နိုင်လေသည်။ တကယ်တမ်းကျတော့ အမှန်တရားကို မထင်မှတ်ဘဲ သိခွင့်ရထားခဲ့သည့် သူမက မပျော်နိုင်ဘဲ စိတ်ဆင်းရဲလှောင်ပိတ်ပြီး ငရဲကျနေရတော့သည်။

ဧည့်သည်တွေကို ဧည့်ခံရင်း သူမမျက်နှာ ညှိုးသွားလျှင် ရစ်ချတ်ပ်က တယုတယ မေးတတ်သည်။

"ဟန်နီ၊ ခေါင်းကိုက်လို့လား"

"နေကောင်းရဲ့လား"

"ဂျင် တစ်ခုခု သောက်လိုက်ပါလား၊ ကိုယ်ယူပေးမယ်လေ" စသည်ဖြင့် ရှုန်းရှုန်းဝေနေတော့သည်။ အများကလည်း သူမတို့စုံတွဲကို အားကျငေးမောကြသည်။

"အို... လိုက်ဖက်ညီတဲ့ အတွဲဟယ်"

"ကြည့်ပါဦး၊ အချောအလှ အခန့်အညား နှစ်ယောက် အတွဲညီလိုက်တာ"

"ဒါ နတ်ရေးတဲ့ဖူးစာ၊ နတ်ဖက်တဲ့ စုံတွဲပေါ့"

"သူတို့နှစ်ယောက်ရဲ့ ပြည့်စုံတဲ့ဘဝကို အားကျလိုက်တာ"

"သတို့သားက သတို့သမီးကို အရမ်းချစ်တဲ့ပုံစံနော်။ သဲသဲလှုပ်ပြီး အရိပ်ကြည့်နေတော့တာပဲ"

"ပိုတောက်မြိုင်ကရော ဘာထူးလို့လဲ"

စသည့် ဝေဖန်မှုများက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးနှင့် သူမဝန်းကျင်၌ စီစီညံနေတော့သည်။

ထိုစကားများသည် အဖြစ်မှန်သာ ဖြစ်ပါစေတော့ဆိုသည့် စိတ်ဖြင့် ပိတောက်မြိုင်က မျှော်လင့်ဆုတောင်းရင်း ထိုပွဲကို ဖြတ်ကျော်လိုက်ရလေတော့၏။

ညည့်သည်တွေနှင့် သူမ၏ မိဘဆွေမျိုးများ ရှိနေချိန်တွင် ပိတောက်မြိုင်သည် သူမကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည့် အကြောင်းအရာများ စကားစုများသည် အမှားများဟု ထင်မြင်မိလောက်အောင်ကို ရစ်ချတ်ပ်ထံမှ အကြင်နာများ၊ ဂရုစိုက်မှုများ၊ မြတ်နိုးအဖလေးထားမှုများကို ရရှိခဲ့ပြီး သာယာခဲ့ရသမျှ ပွဲပြီးလို့ မီးသေသွားခဲ့ပြီ။

ပိတောက်မြိုင်အိမ်ကြီးနှင့် ခြံဝင်းကြီးထဲတွင် အစေခံများနှင့် သူမတို့လင်မယားသာ ကျန်ရစ်ခဲ့ချိန်ကို ရောက်တော့မှ တကယ့်အဖြစ်မှန်နှင့် နီးကပ်ခွင့်ရရှိလိုက်ရလေတော့သည်။

*

[ ကိုး ]

ချစ်သူနှင့် အတူနေရတော့မှာ ယခင်က ပျော်ရွှင်ဖွယ် ကောင်းခဲ့သည့် အိမ်ကြီးနှင့် ခြံကြီးသည် ခြောက်သွေ့အက်ကွဲ သွားခဲ့ရကာ အတော်ကို ဆိုးရွားခဲ့ရာ အမှန်ပဲဖြစ်လေသည်။

လက်ထပ်ပြီး နှစ်ယောက်တည်း အတူနေရတော့မှ ပိတောက်မြိုင်သည် သူမနှင့် ရစ်ချတ်ပ်တို့၏ ကွဲလွဲမှုကို အသေအချာ သိမြင်လာခဲ့ရတော့သည်။

သူမသည် အမြဲတစေ တက်ကြွလန်းဆန်းပြီး လူအများ နှင့် ဝိုင်းဖွဲ့နေထိုင်ရမှ ပျော်ရွှင်သူဖြစ်သည်။ ရစ်ချတ်ပ်ကတော့ သူမနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ စကားနည်းသည်။ မည် သည့် အကြောင်းအရာမျိုးကိုမှ စိတ်ဝင်တစားနှင့် တက်ကြွမနေ တတ်ဘဲ အတွေးများထဲမှာသာ နစ်မျောနေတတ်သည်။

အစပိုင်းမှာတော့ တစ်ပတ်တစ်ကြိမ် ကျင်းပလေ့ရှိသည့် ပိတောက်မြိုင်အိမ်ကြီးမှ ပါတီပွဲများကို ဝေဖန်ကန့်ကွက်ခြင်း မရှိခဲ့ဘဲ ရစ်ချတ်ပ်က လွှတ်ပေးထားခဲ့သည်။

ဒါပေမဲ့ ထိုအနေအထားသည် ကာရှည်မခံခဲ့ပါ။ ပေါက်ကွဲမှုတစ်ခုဆီသို့ ဦးတည်၍ ပျက်ပြားသွားခဲ့ရတော့သည်။

"ဟန်နီ၊ မင်းရဲ့ ပါတီတွေကို ကိုယ်စိတ်ကုန်လာပြီ၊ ရပ်ပစ်လိုက်ပါတော့"

"အို... ဒီလောက်ပျင်းစရာကောင်းတဲ့ နေရာမှာ ပါတီသာ မပေးရဘူးဆိုရင် ပျင်းလွန်းလို့ အရည်ပျော်ကျသွားမှာပေါ့"

ဟု သူမက ရယ်ရယ်မောမော ရွှင်ရွှင်ပျပျလေး ပြန်ပြောလိုက်သော်လည်း ရစ်ချတ်ပ်ကတော့ သူမကို ဆိုးရွားစွာ ဝေဖန်လေသည်။

"မင်းဟာ ပါတီမှာ ပျော်နေတာထက် သာယာနေတာပါ ဟန်နီ၊ မင်းရဲ့ပါတီကိုလာသမျှ ယောကျ်ားတွေ အားလုံးက မင်းကို ဝိုင်းငေးကြတယ် မဟုတ်လား၊ မင်းကလဲ အဲဒီအကြည့်တွေမှာ သာယာနေတယ်၊ ဒီတော့ ပါတီမပေးဘဲ မနေနိုင်ဘူးပေါ့"

ဟု ရစ်ချတ်ပ်က သူမကိုပြောတော့ အံ့အားတသင့်ဖြစ်သွားမိသည်။ သူမက မှားယွင်းစွာ တုံ့ပြန်ချေပလိုက်မိသည်။

"မဟုတ်တာ၊ ယူ သဝန်တိုပြီး ထင်ရာတွေမပြောပါနဲ့"

ဒီတော့ ရစ်ချတ်ပ်က တဟားဟားနှင့် အတော်မသတ်နိုင်အောင် ရယ်မောပစ်ပြီး သူမကို လှောင်ပြောင်သည်။

ရယ်သံကြောင့် ရှက်ရွံ့ကြောင်အသွားသည့် သူမကို ရစ်ချတ်ပ်က ပိုမိုအရှက်ရအောင် ထပ်မံထိုးနှက်သည်။

"သဝန်တိုတယ်ဆိုတဲ့ စကားကိုမပြောနဲ့ ပိတောက်မြိုင်၊ ချစ်မှ သဝန်တိုတတ်တာကွ၊ ကိုယ် မင်းကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ ဒီတော့ ဘယ်တော့မှလဲ သဝန်တိုမှာ မဟုတ်ဘူး၊ အဲဒါကို မင်းခေါင်းထဲမှာ စွဲနေအောင်မှတ်ထား၊ တကယ်တော့ ကိုယ် မင်းကိုလက်ထပ်လိုက်ရတာဟာ အေးပယောဂတွေကြောင့်ပဲ။ ကိုယ့်စိတ်ထဲကအတိုင်းသာဆိုရင် ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို ဘယ်တော့မှ လက်မထပ်ဘူး"

ကြားရသည့် စကားလုံးများ၏ ပြင်းထန်စူးရှမှုကို တောင့်မခံနိုင်သည့်အဆုံး စိတ်ကို လွှတ်ချပေးလိုက်ပြီး

ပိတောက်မြိုင်က နေရာမှာတင် ပုံလျက်သား ပျော့ခွေလဲကျသွားရတော့သည်။

သူမ၏ အသိစိတ်များ အမှောင်အတိကျသွားခဲ့ပြီး ပြန်လည်သတိရလာသည့်အချိန်တွင် သူမသည် ခုတင်ပေါ်သို့ ရောက်နေပြီး အနားမှာလည်း အလုပ်သမားများရော၊ မိသားစုဆရာဝန်ရော၊ ရစ်ချတ်ပ်ကိုယ်တိုင်ပါ ပျာယာခတ်နေတာကို တွေ့ရသည်။

သတိပြန်ရလာတာကို ဘယ်သူမှမသိအောင် အသာလေး ငြိမ်သက်ရင်း ရစ်ချတ်ပ်ပြောသည့် စကားလုံးများအတွက် နာကျင်ခံစားနေမိဆဲ ဆရာဝန်မှာကြားနေတာတွေကို ကြားရသည်။

"ပိတောက်ကို စိတ်လှုပ်ရှားအောင်၊ စိတ်ထိခိုက်အောင် သိပ်မလုပ်ပါနဲ့ မောင်ရင်၊ ကျုပ်က သူ့ကို ဆယ်နှစ်သမီးကတည်းက ဆေးကုပေးလာခဲ့တဲ့ ဆရာဝန်ပါ။ ပိတောက်ရဲ့ နှလုံးဟာ သိပ်မကျန်းမာဘူး၊ ဒါကြောင့် ပိတောက်ရဲ့မိဘတွေက သူကောင်းကောင်း အနားယူနိုင်မယ့် နေရာမှာ ပျော်ပျော်ရွှင်ရွှင် နေခိုင်းထားတာပဲ"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်တော် နားလည်ပါတယ်"

"အခု ဒီလိုဖြစ်သွားတာကို သူ့မိဘတွေဆီအကြောင်း တော့ ကြားရလိမ့်မယ် မောင်ရင်"

"လူကြီးတွေစိတ်ပူအောင် မလုပ်ဘဲထားလိုက်ရင် ကောင်းမယ်လို့ ထင်ပါတယ် ဒေါက်တာ၊ အခု ဟန်နီ့အခြေ အနေက စိုးရိမ်စရာ ဘာမှမရှိဘူး မဟုတ်လား"

"အင်း... စိုးရိမ်စရာတော့ မရှိသေးပါဘူး၊ ဒါမဲ့ အခုလိုမျိုး နောက်တစ်ကြိမ် ထပ်ဖြစ်ရင်တော့ စိုးရိမ်စရာ ဖြစ်သွားလိမ့်မယ် မောင်ရင်"

"ကျွန်တော် ကတိပေးပါတယ် ဒေါက်တာ၊ နောက်ထပ် ဒီလိုမျိုး လုံးဝမဖြစ်စေရပါဘူးလို့ ကျွန်တော် ကတိပေးပါ တယ်"

"ကောင်းပြီလေ၊ ဒါဆိုရင်လဲ အကြောင်းမကြား တော့ပါဘူး၊ မောင်ရင်တော့ ဂရုစိုက်ပါ"

"ကျေးဇူးပါပဲ ဒေါက်တာ"

ဆရာဝန်ကြီး ပြန်သွားပြီးမှ ပိတောက်မြိုင်က အိပ်ရာမှ ထလာသလိုမျိုး မျက်လုံးဖွင့်ကြည့်လိုက်သည်။

ရစ်ချတ်ပ်၏ မျက်နှာသည် စိုးရိမ်သောကဖြင့် ဖြူရော် ရော် ဖြစ်နေလေသည်။ ပြီးတော့ သူမကိုလည်း ဂရုတစိုက် ပြုစုပေးသည်။ အနားမှ မခွာဘဲနေပေးသည်။

အဲဒီလိုကျတော့လည်း ပိတောက်မြိုင်က နာကျင်ခဲ့ရသည့် စကားလုံးများကို မေ့လျော့သွားပြီး ရစ်ချတ်ပ်ကို ခွင့်လွှတ်နိုင်သွားခဲ့ပြန်သည်။

သူမတို့နှစ်ယောက် အဆင့်ပြန်ပြေသွားပြီးသည့်နောက်မှာတော့ ရစ်ချတ်ပ်သည် သူမ၏ ပါတီပွဲများကို ပိတ်ပင်ဟန့်တားခြင်း မရှိတော့ဘဲ သူကိုယ်တိုင်ပင် တက်ကြွစွာ သူမနှင့်အတူ အတွဲညီခဲ့လေတော့သည်။

တစ်ခါတစ်ရံမှာတော့ ရစ်ချတ်ပ်သည် တွေဝေငေးမောနေတတ်ပြီး အများအားဖြင့်တော့ သူမကိုသာ အရိပ်ကြည့်ဂရုစိုက်ခဲ့လေသည်။

ပိတောက်မြိုင်ကတော့ သူမအပေါ် ရစ်ချတ်ပ်တစ်ယောက် အမုန်တကယ် ချစ်ခင်ကြင်နာတတ်လာပြီဟု တွေးပြီး ကျေနပ်လို့ မဆုံးခဲ့ပါ။

သို့သော် ကျေနပ်ပျော်ရွှင်မှုများ အထွတ်အထိပ်သို့ ရောက်နေခဲ့သည့် အချိန်မှာပင် သူမသည် ကံဆိုးမိုးမှောင်ကျခဲ့ရလေတော့သည်။

ထိုနေ့သည် ရစ်ချတ်ပ်၏ စိတ်လိုလက်ရ စီစဉ်ပေးသောပါတီပွဲနေ့လည်း ဖြစ်ခဲ့သည်။

## [ တစ်ဆယ် ]

ဟန်နီ ဒီနေ့ အနက်ရောင်များများပါတဲ့ ဝတ်စုံကို ဝတ်နော်၊ ဟန်နီ့အသား ဝါဝင်းဝင်းလေးတွေက အနက်ရောင်နဲ့ သိပ်လိုက်ဖက်တာ၊ နေနေ ကိုယ်ရွေးပေးမယ်”

ပြောပြောဆိုဆိုနှင့်ပင် ရစ်ချတ်ပ်က သူမဝတ်ဆင်ဖို့ ဝတ်စုံကို ကိုယ်တိုင်ရွေးချယ်ပေးတော့သည်။ ပီတောက်မြိုင်ကတော့ အံ့ဩကျေနပ်လို့မဆုံး ဖြစ်ရလေသည်။

ရစ်ချတ်ပ်သည် သူမဝတ်ဆင်ရန်အတွက် အနက်ရောင်ပေါ်တွင် အနီရောင်နှင်းဆီပွင့်ကြီးများပါသည့် ပိုးသားထဘီကို ရွေးချယ်ပေးသည်။ အင်္ကျီကိုလည်း အနက်ရောင်မှန်ကို ရွေးချယ်ပေးသေးသည်။ လက်လီရွှေကြိုးများကို သူကိုယ်တိုင်

ချယ်ပေးပြီး စိန်တွေဝတ်ဖို့အတွက်လည်း တိုက်တွန်းလေသည်။

"အနက်ရောင်နဲ့ စိန်နဲ့က သိပ်လိုက်ဖက်တာ ဟန်နီရဲ့၊ ဒီနေ့ည ပါတီမှာ ဟန်နီ စိန်တွေထုတ်ဝတ်စမ်းပါ ကိုယ်ကြည့်ချင်လို့"

"ပုလဲဝတ်ရင်ရောဟင်"

"စိန်ဝတ်ပါကွာ၊ ပုလဲက လူအတော်များများ ဝတ်လာကြမှာ၊ ကိုယ်က ဟန်နီ့ကို ဘယ်သူနဲ့မှ မတူစေချင်ဘူးလေ"

ပီတောက်မြိုင်က ထိုစကားအပေါ် ကျေနပ်စွာဖြင့်ပင် နာခံမိသွားတော့သည်။

ရစ်ချတ်ပ်ဝတ်ခိုင်းသည့် အဝတ်အစားများကို ဝတ်ဆင်ပြီး စိန်တွေတဖိတ်ဖိတ် တလက်လက်ကို ဆင်မြန်းလိုက်ချိန်တွင် သူမသည် နတ်မိမယ်လေးတမျှ ဖြစ်သွားလေတော့သည်။

ပါတီပွဲခန်းမထဲတွင် ရစ်ချတ်ပ်က သူမအနားကို တိုးကပ်ပြီး "လှလိုက်တာ ဟန်နီရယ်၊ မင်းကို သိပ်ချစ်တာပဲ" ဆိုသည့် စကားကိုပြောတော့ ခန္ဓာကိုယ်တစ်ခုလုံး လွင့်ပျံ

သွားသလားဟု ထင်မှတ်ရလောက်အောင် ပျော်ရွှင်သွားသည့် ပိတောက်မြိုင်သည် မကြာခင်ကျရောက်လာတော့မည့် သူမ၏ ကံကြမ္မာဆိုးကို လုံးဝ ရိပ်စားမိခြင်းမရှိခဲ့ဟန် သေချာသည်။

အဲဒီလိုနှင့်ပင် ရစ်ချတ်ပ်တိုက်သည့် အဆိပ်ရည်များကို ယုံကြည်စိတ်ချစွာ သောက်သုံးမိခဲ့လေသည်။

*

### [ ဆယ့်နှစ် ]

"သူ… သူက ငါ့ကိုအယုံသွင်းပြီး အဆိပ်ခတ်ထားတဲ့ ဝိုင်ကို တိုက်ခဲ့တာ မော်။ ပြီးတော့ ဘယ်သူမှ သတိမထားမိ[illegible]င်မှာ ငါ့ကို ပွေ့ထုတ်သွားပြီး စတိုခန်းထဲ ထည့်လိုက်တာ။ အဲ့ဒီအခန်းထဲကို ရောက်ရောက်ချင်း ငါမသေသေးဘူး။ ဒါပေမဲ့ ဝေဒနာကိုတော့ အပြင်းအထန် ခံစားနေရပြီ။ အဲဒီအချိန်မှာ ငါ့ကိုယ်ပေါ်က စိန်တွေကို သူ ချွတ်ယူတယ်။ ပြီးတော့ ငါခြုံထားတဲ့ ပဝါစနဲ့ပဲ ပြန်ထုပ်တယ်။ နောက် အဲဒီစိန်တွေကို လှေကားထစ်အလယ်မှာ သော့ထားဖို့လုပ်ထားတဲ့ အံဝှက်ကလေးထဲ ထည့်ဝှက်ထားလိုက်တယ်၊ ပြီးတော့… ပြီးတော့ မသေမရှင်ဖြစ်နေတဲ့ ငါ့ကို စတိုခန်းထဲမှာ ထည့်ပိတ်ထားလိုက်တယ်"

ပြောနေရင်း ပြောနေရင်း သီဂီအသံက တိမ်ဝင်သွားပြီး နောက်ဆုံးတွင် လုံးဝတိတ်သွားလေသည်။

သီဂီပြောပြတာတွေကို နားထောင်လိုက်ရသည့်အတွက် အံ့ဩတုန်လှုပ်ရသလို ယုံရခက်ခက် မယုံရခက်ခက် ဖြစ်နေမိသည့် မော်တို့သုံးယောက်က ခဏတော့ ဆွံ့အသွားမိလေသည်။

"နင်တို့ ငါပြောတာကို မယုံဘူးလားဟင်၊ မယုံရင် စတိုခန်းတံခါးကို ဖွင့်ကြည့်ကြစမ်းပါ"

"ဒီလောက်မှောင်မည်းနေတာ ဘယ်လိုလုပ်ပြီး ဖွင့်ကြည့်ရမလဲ သီဂီရဲ့၊ ပြီးတော့ ဘာတွေဆက်ဖြစ်သလဲ ပြောပါဦး"

သီဂီက အတန်ကြာအောင် ငြိမ်သက်နေလေသည်။

အမှောင်ကြောင့် သီဂီမျက်နှာကို မမြင်ရ။ ထိုအချိန်၌ အိမ်ကြီးထဲတွင် လေပြင်းများ ဝှေ့ယမ်းတိုက်ခတ်နေခြင်း မရှိတော့သည့်အတွက် အပြင်ဘက်တွင် ရာသီဥတု ကောင်းမွန်သွားလောက်ပြီဟု မော်က ခန့်မှန်းလိုက်မိသည်။

"မသိတော့ဘူး၊ မသိတော့ဘူးဟာ၊ မှောင်မည်းနေတဲ့ စတိုခန်းထဲမှာ နောက်ဆုံးထွက်သက်ကို အပြင်းအထန်ရှူခဲ့ရတဲ့ ဝေဒနာကိုပဲ သိတော့တယ်။ နောက် . . . နောက်ဘာဖြစ်

သွားလဲ မသိတော့ဘူး။ ဒါပေမယ့် ဟောဒီအိမ်ကြီးဟာ ငါပိုင်ခဲ့တဲ့အိမ်ကြီးဆိုတာတော့ လုံးဝ မမှားဘူး၊ အခု ဒီအိမ်ကြီးမှာ ဘယ်သူနေနေသလဲ၊ ဒီအိမ်ကြီးရဲ့ ပိုင်ရှင်ဟာ ဘယ်သူလဲ၊ အဲဒါကို ငါအရမ်းသိချင်နေတယ်၊ ရစ်ချတ်ပ်... ရစ်ချတ်ပ် ရှိနေသေးသလား။ လာဟာ ငါတို့ အိမ်အပေါ်ထပ်ကို တက်ကြည့်ကြမယ်။ အပေါ်ထပ်မှာ ငါရဲ့အိပ်ခန်းရှိတယ်"

သီဂီက တတွတ်တွတ်ပြောဆိုပြီး သူမတို့ကို ခေါ်သည်။

မော့်ဆန္ဒကတော့ အမှောင်ထဲတွင် ငုတ်တုပ်ထိုင်နေရတာထက် သီဂီပြောသလို လျှောက်သွားကြည့်ချင်သည်။ ဒါပေမဲ့ လောလောဆယ်ကား ဆရာဦးလေးကြီး ပျောက်နေသည့်ကိစ္စကိုလည်း စူးစမ်းချင်သေးသည်။

"ငါ... ငါကြောက်ကယ် သီဂီ၊ ဒီနေရာမှာပဲ နေရအောင်ဟာ၊ မိုးလင်းမှ လျှောက်ကြည့်ကြတာပေါ့၊ ငါ့စိတ်ထဲမှာ တစ်ယောက်ယောက်က ငါတို့ကို တစ်နေရာရာကနေ စောင့်ကြည့်နေသလိုပဲ၊ ကျောထဲကနေ စိမ့်နေအောင်ကို ကြောက်တာဟ"

ချောချောက ချက်ချင်းငိုချပစ်တော့မည့် အသံမျိုးဖြင့် ပြောနေတာဖြစ်သည်။

မော့်စိတ်ထဲမှာလည်း ချောချောပြောသလိုမျိုး ခံစားနေရတာ ထူးဆန်းသည်။ ဒါပေမဲ့ သူမကတော့ ချောချောလောက် ကြောက်လန့်သည့်ဝေဒနာကို မခံစားရ။ သူ့မရင်ထဲတွင် စူးစမ်းလိုစိတ်များကသာ ကြီးစိုးနေလေသည်။

"ဟုတ်တယ်၊ ငါလဲကြောက်တယ်"

ဟု မိသက်ပါ ဝင်ပြောသည်။

ထိုအချိန်တွင် မော်ကတော့ ညှော်ခန်းအမှောင်ထဲတွင် ထိုင်မနေတော့ဘူးဟု ဆုံးဖြတ်ပြီးသား ဖြစ်သွားလေတော့သည်။

"နေစမ်းပါဟာ၊ ကြောက်တာတွေ ဘေးဖယ်ထား၊ လောလောဆယ် ကားဆရာဦးလေးကြီး ပျောက်နေတဲ့ကိစ္စကို အရင်ဆုံး ဖြေရှင်းရမယ်။ ကားကိုပါယူပြီး ထွက်သွားတာလား၊ ဒါမှမဟုတ် အိမ်ကြီးထဲမှာပင် တစ်ခုခုဖြစ်နေသလား၊ အဲဒါသိဖို့ အရေးကြီးတယ်"

မော့်စကားကို သီဂီက ထောက်ခံသည်။

"ဟုတ်တယ်၊ အခု ကားရှိမရှိ အရင်သွားကြည့်ရအောင်၊ ကားရှိနေရင်တော့ ဦးလေးကြီး အိမ်ထဲမှာပဲရှိလိမ့်

မယ်၊ ကားမရှိရင် ငါတို့ကိုထားခဲ့ပြီး ထွက်ပြေးသွားတာ သေချာသွားပြီပေါ့ဟာ"

"ဘုရား...ဘုရား၊ ကားရှိပါစေ၊ ကားသာမရှိတော့ရင် ငါတို့ ဒီနေရာကနေ ဘယ်လိုပြန်ထွက်မလဲ၊ ခြံတံခါးပေါက်နဲ့ အိမ်နဲ့တောင် အဝေးကြီးပဲနော်"

"ကဲပါဟာ ပြောမနေပါနဲ့၊ ဘာလဲဆိုတာ သိရအောင်ပဲ အမြန်သွားကြည့်တာပေါ့"

ထို့နောက် သူမတို့လေးယောက်သည် ရထားတွဲများ ချိတ်ဆက်ထားသလိုမျိုး သီဂီကို ရှေ့မှတင်ပြီး တစ်ယောက်ခါး တစ်ယောက်ဖက်ကာ အိမ်ကြီး၏ ဆင်ဝင်အောက် ကားရပ်ထားခဲ့သည့် နေရာသို့ စမ်းတဝါးဝါးဖြင့် ထွက်လာခဲ့ကြတော့သည်။

ထိုအချိန်တွင် မှောင်ပိန်းအေးစက်နေသော်လည်း လေပြင်းများကတော့ တိုက်ခတ်ခြင်း မရှိတော့ပါ။

*

## [ ဆယ့်သုံး ]

"ဟာ... ကားမရှိတော့ဘူး"

ဟုပြောပြီးနောက် ချောချောက ဟီးချငိုတော့သည်။

အပြင်ဘက်တွင် ရာသီဥတုက ကြည်လင်သာယာနေပြီး၊ လရောင်မှုန်ဝါးဝါးလေးကိုပင် တွေ့မြင်နေရလေသည်။

လေများတိုက်ခတ်ခြင်း မရှိတော့သလို နှင်းမိုးများလည်း မရွာသွန်းတော့ပါ။ ရာသီဥတုသည် ခရီးဆက်လို့ ဖြစ်နေပြီ ဖြစ်သော်လည်း ကားမရှိတော့တာကတော့ ဆိုးရွားလွန်းလှလေသည်။

"ဒီလူကြီးက ကားကိုယူသွားတာပဲ၊ လူယုတ်မာကြီး"

ဟု မိသံက မကျေမနပ်ပြောသည်။ ကားပိုင်ရှင် သီဂီကတော့ သူမ၏ကား ပျောက်သွားတာကိုပင် စိတ်မဝင်စား

နိုင်ဘဲ မော်တို့သုံးယောက်ကို အပေါ်ထပ်သို့ တက်ကြည့်ဖို့ အတွက် ခေါ်နေတော့သည်။

"လာပါဟာ၊ အပေါ်ထပ်ကို တက်ကြည့်ကြရအောင်၊ ငါ့အိမ်ကြီးကို ဘယ်သူပိုင်ဆိုင်ထားသလဲဆိုတာ ငါသိချင်တယ်၊ ဒီလောက်ကျယ်တဲ့ အိမ်ကြီးကို သန့်ရှင်းသပ်ရပ်အောင်၊ သစ်လွင်တောက်ပနေအောင် လုပ်ထားနိုင်တဲ့သူဟာ ဘယ်သူများလဲ၊ ဟိုအက်ဘဝက ငါ့ရဲ့အမျိုးအဆွေတွေပဲလား၊ ဒါမှမဟုတ် ရစ်ချတ်ပ် ... ရစ်ချတ်ပ်ကိုယ်တိုင်ပဲလား"

ပြောရင်း သီဂီအသံတွေက တုန်ခါလာသည့်အတွက် မော်က သီဂီ့ပခုံးကို ခပ်တင်းတင်း ဖက်ထားလိုက်မိသည်။ သူမဖက်ထားသည့်ကြားထဲမှ သီဂီ့ခန္ဓာကိုယ်လေးက နတ်ပူးနေသလို တဆတ်ဆတ်တုန်ယင်နေသည့်အခါမှာ မော်က သီဂီကို သနားသွားပြီး သူမ၏ ဆန္ဒအတိုင်း လိုက်လုပ်ပေးဖို့ ဆုံးဖြတ်လိုက်တော့သည်။

"လာ ... သီဂီ၊ နင် အပေါ်ထပ်တက်ကြည့်ချင်တယ် မဟုတ်လား၊ သွားရအောင်"

မိသံတို့နှစ်ယောက်က ဝင်ကန့်ကွက်သေးသည်။

"မော် မသွားခိုင်းနဲ့လေဟာ"

"အေးလေ၊ ဘာရှိမှန်းမမသိ၊ ညာရှိမှန်းမသိ မသွားကြပါနဲ့၊ စောစောက အခန်းထဲမှာပဲ ပြန်ထိုင်နေရအောင်ပါ"

မော်က တမင်တကာ ဘုပြောလိုက်သည်။

"နင်တို့နှစ်ယောက် မလိုက်ချင်ရင်နေခဲ့လေ၊ ငါနဲ့ သီဂီ နှစ်ယောက်တည်းပဲ သွားလိုက်မယ်"

"အို... ငါတို့မှ မနေခဲ့ရဲတာ"

"ဒါဆိုလဲ နင်တို့သဘောပဲမှော့"

အဲဒီလိုနှင့်ပင် သူမတို့လေးယောက်သည် စောစောကလိုပင် ရထားတွဲကြီးလို ပြန်တွဲ၍ အမှောင်ပိတ်ပိတ်ထဲသို့ ပြန်တိုးဝင်ကြရလေတော့သည်။

အံ့ဩစရာကောင်းတာက သီဂီသည် အမှောင်ထဲတွင် ခလုတ်မထိဘဲ အပေါ်ထပ်သို့တက်သည့် ကျွန်းလှေကားကြီးဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားနိုင်ခြင်းပဲ ဖြစ်လေသည်။

ရှေ့ဆုံးမှ ဦးဆောင်သွားသည့် သီဂီသည် လှေကားထစ်များကို တစ်ထစ်ချင်း နင်းတက်သွားသလို လှေကားအကွေ့နေရာတွင်လည်း ကမူးရှူးထိုး ဖြစ်မနေပါ။

နံရံနှင့် ဝင်တိုက်မိခြင်း လုံးဝမရှိဘဲ အပေါ်ထပ်သို့ ချောမောစွာ ရောက်ရှိသွားလေသည်။

"လှေကားထိပ်မှာက ဖယောင်းတိုင်ထွန်းတဲ့ စင်ရှိတယ် ဟုတ်ပြီ၊ တွေ့ပြီ၊ ဘုရားရေ... အားလုံးဟာ အရင်တုန်းက အတိုင်းပါပဲလား"

စသည့် စကားများကို သီဂီက တစ်ယောက်တည်း ပြောဆိုပြီး ဖယောင်းတိုင်မီးကို ထွန်းညှိလိုက်လေသည်။

မီးလင်းသွားတာနှင့် လှေကားထိပ်တွင် ချိတ်ဆွဲထား သည့် ဆီဆေးပန်းချီကားကြီးကို တွေ့မြင်လိုက်ရပြီး သူမတို့က "ဟာ"ခနဲ၊ "ဟင်"ခနဲ ဖြစ်သွားကြရလေသည်။

လှေကားထိပ်တွင် ရှိနေသည့် ကြီးမားသော ပန်းချီ ကားကြီးသည် ယောကျာ်းနှင့် မိန်းမစုံတွဲပုံဖြစ်ပြီး မော်တို့ကို အံ့အားသင့်သွားစေတာကတော့ ပန်းချီကားထဲမှ အနောက်တိုင်း သတို့သမီးဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမသည် သီဂီမှ သီဂီဖြစ်နေခြင်းပဲ ဖြစ်သည်။

မော်တို့သုံးယောက်က အံ့အားသင့်နေဆဲ သီဂီက ပန်းချီကားကြီးဆီသို့ တိုးကပ်သွားပြီး ပန်းချီကားထဲမှ မျက်နှာ တစ်ခုကို လက်ဖြင့်တို့ထိကြည့်နေလေသည်။ ပြီးတော့ မော် တို့ကို လှည့်မကြည့်ဘဲ စကားတွေ ပြောနေလေသည်။

"ဒါ... ဒါ ရစ်ချတ်ပ်ပေါ့၊ ဒီပုံက ငါတို့မင်္ဂလာဆောင်တဲ့နေ့မှာ ရန်ကုန်က ပန်းချီဆရာကိုခေါ်ပြီး စဆွဲခဲ့တာပေါ့"

သေချာတာကတော့ သီဂီပြောပြနေတာတွေကို မယုံဘူးလို့ မျက်စိမှိတ် ငြင်းဖယ်ရန် မဖြစ်နိုင်တော့ခြင်းပဲဖြစ်သည်။

မော်တို့သုံးယောက်သည် ချောမောခန့်ညားပြီး အတွဲညီလွန်းလှသည့် ပန်းချီကားထဲမှ စုံတွဲကို ငေးမောကြည့်ရင်း ကြေကွဲစိတ်တချို့ လွင့်ပြယ်သွားလေသည်။

ဖယောင်းတိုင်ကြီး၏ မီးအလင်းရောင်ကြောင့် ခမ်းနားထည်ဝါသည့် အိမ်ကြီး၏ အပေါ်ထပ် တစ်စိတ်တစ်ဒေသကို တွေ့ရလေသည်။ လှေကားထိပ် ပန်းချီကားကြီးရှေ့ရှိ ပန်းအိုးထဲတွင် အဖြူရောင် တောင်ပေါ်နှင်းဆီရိုင်း ပန်းပွင့်များကလန်းဆန်းစွာရှိနေပြီး လှေကားလက်တန်းတွေ၊ ကြမ်းပြင်တွေကလည်း ဖုန်တစ်မှုန့်မှ မရှိအောင် ပြောင်လက်တောက်ပနေတာကို တွေ့ရသည်။

ထိုမြင်ကွင်းကြောင့် မော်တို့ရင်ထဲမှာ ကြောက်လန့်စိတ်များ ပိုမိုလျော့ပါးသွားတာ သေချာသည်။

ဒီလောက်သန့်ရှင်းနေပြီး အလှထိုး ပန်းအိုးထဲမှ ပန်းများပင်လျှင် လတ်ဆတ်လန်းဆန်းနေမှတော့ ပိတောက်မြိုင်

အိမ်ကြီးသည် လူမရှိတော့၊ လူမနေတော့သော အိမ်ကြီးမဟုတ်နိုင်တာ လုံး၀ သေချာနေသောကြောင့် သူမတို့က အကြောက်အလန့် သိပ်မရှိတော့ဘဲ နေသာထိုင်သာ ဖြစ်သွားရတော့သည်။

"နှင်းဆီပန်းကလေးတွေ လတ်လတ်ဆတ်ဆတ်ကြီးပဲ ရှိသေးတော့ အိမ်တစ်အိမ်လုံးကလည်း သန့်ရှင်းပြောင်လက်နေတာပဲ၊ ဒီအိမ်ကလူတွေ အပေါ်ထပ်မှာ ရှိနေကြမလားပဲနော်"

"ဟုတ်တယ်၊ ရာသီဥတုက အေးတော့ အခန်းတံခါးတွေ အလုံပိတ်ပြီးအိပ်နေရင် ငါတို့ အောက်ထပ်မှာ ရောက်နေတာကို ဘယ်လိုမှ သိနိုင်မှာမဟုတ်ဘူး"

ချောချောနှင့် သိမ့်က ထင်မြင်ချက်ပေးနေကြခြင်းဖြစ်သည်။ မော်ကိုယ်တိုင်လည်း အဲဒီလိုပဲ ထင်မိသည်။

သီဂီကို ကြည့်ရတာတော့ အိပ်မွေ့ချခံထားရသည့် လူတစ်ယောက်လိုပုံစံမျိုး ဖြစ်နေပြီး ပန်းချီကားကြီးကိုပဲ စူးစိုက်ကြည့်နေ၏။

"သီဂီ"

"ဟင်"

မော်ခေါ်လိုက်တော့မှ သီဂီက သတိပြန်ဝင်လာပုံရ သည်။

"ဒီအပေါ်ထပ်မှာ အိမ်ရှင်တွေ ရှိမလားပဲ၊ အသံပေး ကြည့်ရအောင်နော်"

သူမပြောတာကို သီဂီက စိတ်ဝင်စားပုံမရဘဲ သူပြော ချင်တာကိုပဲ တွာတွတ်တွတ်ပြောပြီး သူမတို့ကို ဦးဆောင်၍ စင်္ကြံလမ်းအတိုင်း လျှောက်ဝင်လေသည်။

"အဲဒီလမ်းအတိုင်း တည့်တည့်သွားရင် ဘုရားခန်းကို ရောက်မယ်၊ ဘုရားခန်းရဲ့ ဘေးအခန်းက ဒက်ဒီနဲ့ မာမီရဲ့ အခန်း၊ ဟော အခုတွေ့နေရတဲ့ အခန်းက ငါနဲ့ ရစ်ချတ်ပ်ရဲ့ အခန်း၊ ဘုရားရေ... အခန်းတံခါးတွေက ပွင့်နေပါလား၊ သူ... သူရှိနေသလား မသိဘူး"

သီဂီပြောသလိုပင် တံခါးပွင့်နေသည့် အခန်းတစ်ခန်း ကို လှမ်းတွေ့ရသည်။

"အသံ... အသံပေးလိုက်ပါလား၊ သူများအိမ်ပေါ်ကို ဒီအတိုင်းတက်လာတာ မကောင်းပါဘူး"

မိသံပြောတာကို ဂရုမစိုက်ဘဲ သီဂီက ရှေ့ကိုတိုးသွား သည်။ သီဂီကိုကြည့်ရသည်မှာ သူ့အိမ် သူ့ယာတွင် လှုပ်ရှား

သွားလာနေသလိုမျိုး ပိုင်စိုးပိုင်နင်း ရှိလွန်းလှတာကို တွေ့ရသည်။

နောက်ဆုံးတော့ မော်တို့သုံးယောက်သည် သီဂီကို ရှေ့တန်းတင်ပြီး သူ့နောက်မှ အသာပဲ လိုက်သွားကြတော့သည်။ ဒီလိုနှင့်ပင် ဖယောင်းတိုင် ကိုင်ထားသည့် သီဂီက ရှေ့မှသွားပြီး သူမတို့က နောက်မှကပ်လိုက်ရင်း တံခါးပွင့်နေသည့် အိပ်ခန်းကျယ်ကြီးထဲသို့ ရောက်သွားရလေတော့သည်။

သေချာတာကတော့ သူမတို့အားလုံး အခန်းကြီးထဲသို့ ရောက်သွားချိန်တွင် ပန်းချီကားကြီးကို တွေ့လိုက်ရတုန်းက ထက်ပို၍ အံ့သြသွားရခြင်းပဲ ဖြစ်လေသည်။

*

## [ ဆယ့်လေး ]

အခန်းကျယ်ကြီးထဲသို့ ဝင်လိုက်တာနှင့် လတ်ဆတ်သည့် နှင်းဆီရိုင်း ပန်းရနံ့များက ပြည့်လျှံနေလေသည်။

အခန်းကြီးထဲတွင် ပန်းရောင်ဖျော့ဖျော့ ခန်းဆီးလိုက်ကာများ၊ ပန်းနုရောင်များဖြင့် ဖွဲ့စည်းထားသည့် လှပ ခံ့ညားသော အိပ်ရာကြီးတစ်ခု၊ ပြီးတော့ ပန်းရောင်ဖျော့ဖျော့ ဆိုဖာထိုင်ခုံများ စသည်ဖြင့် တွေ့ရလေသည်။

အခန်းကြီးထဲရှိ ပရိဘောဂပစ္စည်းများ အားလုံးသည် သစ်လွင်တောက်ပနေကြသော်လည်း ပုံစံများကတော့ ခေတ်ဟောင်းပုံစံများ ဖြစ်နေလေသည်။

ခုတင်ကြီးသည် ရှေးခုတင်ကြီးဖြစ်သည်။ မှန်တင်ခုံများ၊ ဆိုဖာထိုင်ခုံများသည်လည်း ရှေးဟောင်းခုံထူထူကြီးများ

ဖြစ်လေသည်။ သူမတို့အနေဖြင့် မြင်တောင် မမြင်ဖူးသည့် ရှေးလက်ရာ အသုံးအဆောင်များ၏ သစ်လွင်မှုသည် အံ့အား မသင့်ဘဲ မနေနိုင်အောင် ထူးခြားလွန်းလှသည်။

"ဟယ်... အားလုံး အသစ်စက်စက်အတိုင်းပါလား"

"ဟုတ်ပါရဲ့၊ ပန်းအိုးတွေထဲက နှင်းဆီပန်းတွေကလဲ မွှေးကြိုင်နေတာပဲ"

"ကြည့်စမ်း၊ မှန်တင်ခုံပေါ်မှာလည်း အလှပြင်ပစ္စည်း တွေ အပြည့်ပါပဲလား"

မော်တို့သုံးယောက်က အခန်းကြီးတစ်ခုလုံးကို ဝေ့ဝဲ ကြည့်ပြီး ဝေဖန်ပြောဆိုနေကြချိန်တွင် သီဂီကတော့ အခန်း ကြီး၏ အလယ်တွင် ကျောက်ရုပ်တစ်ရုပ်လို ပုံစံဖြင့် တွေတွေ ကြီးရပ်တဲ့နေရာကို တွေ့ရလေသည်။

မော်က သီဂီ့အနားသို့ ခပ်မြန်မြန် ပြေးကပ်သွားသည့် အချိန်တွင် သီဂီတစ်ယောက်တည်း စကားတွေပြောနေလေ သည်။

"အရင်ကအတိုင်းပဲ အားလုံး အရင်ကအတိုင်းပဲ"

"ဘာလဲ၊ ဘာလဲသီဂီ၊ ဘာဖြစ်လို့လဲ"

သူမကို ကိုင်လှုပ်ပြီး မေးလိုက်တော့ သီဂီက အိပ်မက် ယောင်နေသူတစ်ယောက်လို ပြန်ဖြေသည်။

"ငါ အကုန်မှတ်မိနေတယ် မော်၊ အကုန်လုံးကိုမှတ်မိနေတာ အုံ့ဩစရာကြီး၊ အခန်းထဲက ပန်းအိုးတွေကို မမစင်သီယာ ထိုးပေးခဲ့တာ၊ အိပ်ရာပေါ်မှာလဲ ပန်းပွင့်တွေကြဲပေးခဲ့သေးတယ် မော်ရဲ့"

သီဂီစကားအဆုံးမှပင် ချောချော အော်လိုက်သည့်အသံကို ကြားရသည်။

"ဟာ... အိပ်ရာပေါ်မှာ နှင်းဆီပန်းပွင့်တွေတော့၊ လန်းဆန်းမွှေးကြိုင်နေတာပဲ"

"မဟုတ်မှလွဲရော၊ မင်္ဂလာခန်းထဲကိုများ ငါတို့ ရောက်နေတာလား"

ဟု မိသံက ပြောလိုက်ချိန်တွင် မော်က ကြက်သီးဖျန်းဖျန်းထသွားပြီး သီဂီ့မျက်နှာကို ၈ှမ်းကြည့်လိုက်မိသည်။ သီဂီကလည်း သူမကို လှမ်းကြည့်လိုက်တာမို့ အကြည့်ချင်းဆုံသွားလေသည်။

သူမတို့ ဘာတွေဖြစ်နေတာလဲ၊ ဘယ်လိုကိစ္စမျိုးနဲ့ရင်ဆိုင်တွေ့နေရတာလဲ။ ထူးခြားဆန်းကြယ်သည့် အခြေအနေဆိုတာကိုတော့ သဘောပေါက်မိသည်။ သို့သော် ဘာတွေ

လဲဆိုတာကိုတော့ နားလည်ကြည့်လို့ မရနိုင်သေးတာ သေချာသည်။

သီဂီက ခုတင်ကြီးအနားသို့ တရွေ့ရွေ့ တိုးကပ်သွားသည့်အတွက် မော်က လိုက်ပါသွားမိသည်။ ပန်းနုရောင် ဖဲမွေ့ရာကြီးပေါ်တွင် ဖြူဖွေးလတ်ဆတ်သည့် နှင်းဆီရိုင်းပွင့်များ ချထားတာကို တွေ့ရတော့ ဘာကြောင့်မှန်းမသိဘဲ မော်က ကြက်သီးဖျန်းဖျန်း ထသွားမိသည်။

"ဒီအတိုင်းပါတော်၊ ဒီအတိုင်းပဲဆိုတာကို ငါ့စိတ်ထဲမှာ အသေအချာ မှတ်မိနေတယ်"

မော်က သီဂီကို ဘာပြန်ပြောရမည်မှန်း မသိဘဲ ကြောင်အနေမိသည်။

ထိုအချိန်တွင် မိသံနှင့် ချောချောသည် ဆိုဖာထိုင်ခုံ တစ်လုံးစီပေါ်တွင် အကျအနထိုင်နေကြပြီဖြစ်သည်။

မော့်စိတ်ထဲ၌ လေးလံနေပြီး အခုရောက်နေသည့် အခန်းကို ဘယ်လိုမှ သဘောကျသည့် ခံစားမှုကို ခံစားနေရသည်။ ဖယောင်းတိုင်မီး အလင်းရောင်အောက်တွင် တွေ့မြင်နေရသည့် သစ်လွင်တောက်ပသော အိပ်ခန်းကျယ်ကြီးကို သူမက ဘာကြောင့် သဘောမကျဘဲ ဖြစ်နေရတာလဲ။

စဉ်းစားလို့ကိုမရ။ နေရာတကာ ကြောက်တတ်သည့် ချောချောနှင့် မိသံသည်ပင် မကြောက်တော့ဘဲ အိစက်သည့် ဆိုဖာကြီးပေါ်တွင် အကျအန ထိုင်နေကြပြီဖြစ်သည်။ သီဂီ သည် မွေ့ရာကြီးပေါ်တွင် တင်ပါးလွှဲထိုင်ပြီး နှင်းဆီပွင့် ကလေးများကို လိုက်ကောက်နေတာ တွေ့ရသည်။

"လာ... လာကြပါ၊ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ငါတို့ အောက်ထပ်ကို ပြန်ဆင်းကြရအောင်"

ဟု မော်က ပြောလိုက်တော့ ချောချောနှင့် မိသံက ချက်ချင်းပဲ ကန့်ကွက်ကြသည်။

"ဟာ... ဒီလောက်နွေးထွေးလုံခြုံတဲ့ အခန်းထဲကို ရောက်ပြီးမှ အောက်ထပ်ကို ပြန်မဆင်းနိုင်ပါဘူး၊ အောက် ထပ်မှာ မှောင်မည်းအေးစက်နေတဲ့ဥစ္စာ"

"ဟုတ်တယ်၊ အရမ်းပင်ပန်းပြီး အိပ်ချင်နေပြီ မော်၊ ငါတို့ ဒီအခန်းထဲမှာပဲ တစ်ယောက်တစ်လှည့် အိပ်လိုက်ကြ မယ်ဟာ၊ အောက်ထပ်တော့ ပြန်မဆင်းချင်ပါဘူး"

မော်က ထပ်မံကြိုးစားမိပြန်သည်။

"မဟုတ်ဘူး၊ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ငါတို့တော့ ဘာမှမဖြစ်ပါဘူး၊ ဟုတ်တယ်နော် မိသံ"

"ဟုတ်တယ်၊ ဒီအခန်းထဲရောက်မှပဲ စိတ်အေးသွားတော့တယ်၊ ကဲပါ... မော်ရာ အရှုးထမနေစမ်းပါနဲ့၊ လာ... ဆိုဖာပေါ်မှာ လာထိုင်စမ်းပါ၊ အိစက်နွေးထွေးပြီး အိပ်ကောင်းတာပဲ၊ ချက်ချင်းကို အိပ်ပျော်ချင်စိတ်တွေ ပေါက်သွားလိမ့်မယ်"

ပါးစပ်ကပြောရုံတင် မဟုတ်ဘဲ မိသံက မော်ကို အတင်းဆွဲခေါ်ပြီး ဆိုဖာခုံ တစ်လုံးပေါ် ထိုင်ခိုင်းသည်။

ထိုအချိန်တွင် သီဂီသည် မွေ့ရာကြီးပေါ်တွင် လှဲချငြိမ်သက်နေပြီဖြစ်သည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် မော်ကိုယ်တိုင်လည်း စိတ်ရောကိုယ်ပါ အပြင်းအထန်ပင်ပန်းထားရတာမို့ နွေးထွေးသည့်နေရာတွင် သက်သောင့်သက်သာထိုင်ချလိုက်မိတာနှင့် မျက်ခွံများက လေးလံပြီးကျလာလေတော့၏။

ဒါပေမဲ့ မော်က စိတ်အလိုကို မလိုက်မိအောင်ကြိုးစားပြီး ဆိုဖာထိုင်ခုံပေါ်မှ အတင်းပြန်ထဖို့ ကြိုးစားလိုက်သည်။ သို့သော် သူမ၏ စိတ်ကသာ ထိုင်ခုံပေါ်မှ အတင်းကုန်းရုန်းထနေတာဖြစ်ပြီး သူမ၏ ခန္ဓာကိုယ်ကတော့ နည်းနည်းလေးမှပင် မလှုပ်နိုင်ဘဲ ထိုင်ခုံပေါ်တွင် ကြိုးတုပ်ခံထားရလိုမျိုး ဖြစ်နေလေသည်။

"ဒီအခန်းကြီးကို ငါ သဘောမကျဘူး"

"ဒီမှာ မအိပ်ကြပါနဲ့ဟာ၊ ဒီအခန်းထဲမှာ မနေကြပါနဲ့၊ အောက်ထပ်ကို ပြန်ဆင်းရအောင်"

ထိုစကားများကို မော်က အော်ဟစ်ပြောဆိုခြင်းဖြစ်သော်လည်း တကယ်တမ်းကျတော့ သူမ၏ လည်ချောင်းထဲမှ ဘာသံမှ ထွက်မလာနိုင်ခဲ့ပါ။

တကယ်တော့ သူမသည် ဆွံ့အသွားခဲ့ရတာပဲ ဖြစ်လေသည်။

သူမရှေ့မှာပင် ချောချောနှင့် မိသံက အိပ်ပျော်သွားကြသည်။

သီဂီထံမှ အသက်ရှူသံမှန်မှန်ကိုလည်း ကြားရသည်။

"ချောချော၊ မိသံ၊ သီဂီ မအိပ်ကြပါနဲ့၊ နင်တို့ မအိပ်ကြပါနဲ့"

ဆိုသည့် စကားကို အသံကုန်ဟစ်အော်၍ ပြောဆိုနေမိသော်လည်း ထူးဆန်းစွာပင် သူမ၏အသံများက ပျောက်ဆုံးကုန်လေသည်။

သူမ၏ မျက်ခွံများက လေးလံဖိစီးလာကြသော်လည်း မအိပ်ဘူး၊ မအိပ်ဘူးဆိုသည့် စိတ်ဖြင့် သူမက အိပ်ချင်စိတ်ကို အာခံနေမိသည်။

သို့သော်...

ကြာကြာအာမခံနိုင်ခဲ့ပါ။

မကြာခင်မှာပင် မအိပ်ဘူးဟု အော်ဟစ်ရေရွတ်နေသည့်ကြားထဲမှ မော်သည်လည်း နှစ်ခြိုက်စွာ အိပ်ပျော်သွားရလေတော့သည်။

အိပ်ပျော်သွားပြီးတာနှင့် မော်က အိပ်မက်တစ်ခုကို မြင်မက်မိလေတော့သည်။

*

## [ ဆယ့်ငါး ]

မော်မက်သည့် အိပ်မက်သည် ရှုပ်ထွေးခြင်းမရှိဘဲ ရိုးရှင်းလွန်းလှလေသည်။

အိပ်မက်ထဲ၌ သူမသည် အနက်ရောင် သားရေဖုံး ဖုံးထားသည့် မှတ်တမ်းစာအုပ် တစ်အုပ်ကို ဖွင့်ဖတ်နေတာ ဖြစ်သည်။

ဖတ်တာကလည်း အစမှဖတ်ခြင်းမဟုတ်ပါ။ နောက်ဆုံး စာရွက် သုံးရွက်တည်းကိုသာ ဖတ်နေခြင်းဖြစ်သည်။

မှတ်တမ်းစာအုပ်ထဲတွင် သေသပ်စွာ ရေးသားထား သည်မှာ မြန်မာစာလုံးများ မဟုတ်ဘဲ အင်္ဂလိပ်လို ရေးသား ထားခြင်း ဖြစ်သည်။

ထူးဆန်းတာက အင်္ဂလိပ်လို ရေးသားထားသော စာကြောင်းများကို မော်က မြန်မာလို အသံကျယ်ကျယ်ဖြင့် အော်ဟာစ်ဖတ်ကြည့်နေတာဖြစ်ပြီး သူမ၏အသံကို သူမကိုယ်တိုင် ရှင်းလင်းပြတ်သားစွာ ပြန်လည်ကြားနေခြင်းပဲ ဖြစ်လေသည်။

*

ကျွန်ုပ်သည် ပိတောက်မြိုင်ကို လက်မထပ်မီခင်ကရော၊ လက်ထပ်ပြီးသည့်နောက်မှာပါ ပျော်ရွှင်မှုကို မခံစားခဲ့ရပါ။

ပျော်ရွှင်မှုမရှိသည့်အပြင် မွန်းကျပ်ပိတ်လှောင်မှုကိုပါ အပြင်းအထန် ခံစားခဲ့ရလေသည်။

ကျွန်ုပ်တစ်သက် အခုလောက်ကြီးမားပြင်းထန်သည့် နောင်တမျိုးကို တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ရဖူးပါ။ ပိတောက်မြိုင်သည် လှပချောမောပြီး အစစ အရာရာ ပြည့်စုံသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

ကျွန်ုပ်အပေါ်၌လည်း ဘယ်သူမှ မယှဉ်နိုင်အောင် ကောင်းမွန်ခဲ့သူ ဖြစ်သည်။

သို့သော် ကျွန်ုပ်သည် သူမကို ချစ်ကြည့်လို့ မရခဲ့ပါ။

ကျွန်ုပ်၏ချစ်သူဟောင်း ဖြစ်ခဲ့ဖူးသလို လက်ရှိကျွန်ုပ်၏ အရင်းနှီးဆုံး မိတ်ဆွေ ြစ်သည့် "စင်သီယာ"က ပိတောက်မြိုင်ကို ကျွန်ုပ်အနေဖြင့် တကယ်တမ်းကျတော့ ကျွန်ုပ်သည် စင်သီယာပြောသလိုမျိုး ပိတောက်မြိုင်အပေါ် ချစ်ခင်မလာသည့်အပြင် မုန်းတီးစိတ်များပင် ဆပွားလာမိသေးသည်။

ကျွန်ုပ်သည် ပိတောက်မြိုင်ကို စွဲချက်မျိုးစုံဖြင့် တိတ်တဆိတ် အမုန်းပွားနေမိသည်။

ပိတောက်မြိုင်သည် သူမ၏ မိဘများရှေ့တွင် ကျွန်ုပ်ကို ရုန်းမထွက်နိုင်အောင် ချည်နှောင်ခဲ့ပြီး သူမနှင့် လက်ထပ်စေခဲ့သည်။ ထို့ကြောင့် သူမကို ကျွန်ုပ် မုန်းတီးမိသည်။

ကျွန်ုပ်သည် မိဘမဲ့၊ အသိုင်းအဝိုင်းမဲ့ တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ပိတောက်မြိုင်၏ မိဘများသည် သူတို့၏ တစ်ဦးတည်းသော သမီးအပေါ် အလုံးစုံအလျှော့ပေးပြီး အလိုလိုက် အကြိုက်ဆောင်ပေးဖို့အတွက် ကျွန်ုပ်ထံမှ ကတိများကို အင်အားသုံး၍ တောင်းယူခဲ့ကြလေသည်။

သူမ၏ မိဘများကို အာမခံနိုင်ခဲ့သည့် ကျွန်ုပ်သည်

မုန်းတီးရင်းစွဲ ရှိနေသည့် ပိတောက်မြိုင်ကိုပဲ ပိုမို၍ မုန်းတီးခဲ့မိလေသည်။

ကျွန်ုပ်သည် အစပိုင်းက ပိတောက်မြိုင်အပေါ် မုန်းတီးမိသည့် စိတ်များကို ချိုးနှိမ်နိုင်လိမ့်မည်။ လျော့ပါးအောင်လုပ်နိုင်လိမ့်မည်ဟု တွေးထင်ထားခဲ့မိသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ပိတောက်မြိုင်၏ ချမ်းသာကြွယ်ဝမှုရယ်၊ ထင်ပေါ်ရေပန်းစားမှုရယ်၊ စင်သီယာ၏ဇိုက်တွန်းမှုရယ်ကြောင့် ပိတောက်မြိုင်ကို ကျွန်ုပ်လက်ထပ်ခဲ့တာဖြစ်သည်။

လက်ထပ်ပြီးမှ ကျွန်ုပ်၏ အမုန်းများသည် ကျွန်ုပ်ကိုယ်တိုင် နားမလည်နိုင်လောက်အောင် နက်ရှိုင်းနေကြောင်း သိခဲ့ရတာဖြစ်သည်။

ကျွန်ုပ်သည် ပိတောက်မြိုင်နှင့် အနီးကပ်ဆုံး နေရလျှင် စိတ်များ ,မှိုင်းမှုန်အုံ့ဆိုင်းနေလေ့ရှိပြီး ခပ်ဝေးဝေး နေရမှာပဲ နေသာထိုင်သာ ရှိနေမိတော့သည်။

ကျွန်ုပ်အပေါ် ပိတောက်မြိုင်က တယုတယနှင့် အလေးထားဆက်ဆံနေတာတွေကိုလည်း ကျွန်ုပ်အနေဖြင့် ခံစားလို့

မရနိုင်ဘဲ ဖြစ်နေမိတာ ဆိုးလွန်းလှသည်။

အဆိုးဆုံးကတော့ ကျွန်ုပ်သည် ရင်ဘတ်ထဲမှ ခံစားချက်များကို စိတ်ထင်တိုင်း ထုတ်ဖော်ခွင့်မရနိုင်တာပဲဖြစ်သည်။ ပိတောက်မြိုင်၏ နေအင်အား အသိုင်းအဝိုင်းအင်အားများသည် ကြီးမားတောင့်တင်းလှသည့်အတွက် အားလုံး၏ရှေ့တွင် ကျွန်ုပ်က ဟန်ဆောင်ပြုံးနေရပြန်သည်။

အများအပြင်တွင် ပိတောက်မြိုင်အပေါ် ကြင်နာအလေးထား အရာရာ အလိုလိုက် အကြိုက်ဆောင်ပေးနေဟန် အံရိပ်ကြည့် ချစ်ခင်မြတ်နိုးနေဟန် သရုပ်ဆောင်ရမှုအတွက် မကျေနပ်ချက်များသည် အမုန်းအဖြစ် တဖြည်းဖြည်း စုပုံလာခဲ့ပြီး ကျွန်ုပ်ဘက်မှ ခံစားမှုများသည် အဆိုးဆုံးသို့ ရောက်ရှိလာခဲ့တော့သည်။

ဘယ်လောက်အထိ ဆိုးရွားလာသလဲဆိုလျှင် ကျွန်ုပ်သည် ပိတောက်မြိုင်ထံ၌ အကျဉ်းကျနေရသူတစ်ယောက်၊ ပိတောက်မြိုင် ဝယ်ယူထားသည့် အိမ်မွေးတိရစ္ဆာန်တစ်ကောင် သဖွယ် ခံစားလာခဲ့ရသည်အထိ ဖြစ်လေသည်။

ပိတောက်မြိုင်နှင့် လက်ထပ်ပြီးကတည်းက စင်သီယာ

နှင့်လည်း တွေ့ခွင့်မသာခဲ့သည့်အတွက် ကျွန်ုပ်၏ ခံစားချက်များကို ရင်ဖွင့်စရာ လူမရှိဘဲ မွန်းကျပ်ခဲ့ရလေသည်။

စီးပွားရေးလုပ်ရန်၊ ငွေရှာရန် မလိုအပ်သည့် ကျွန်ုပ်၏ဘဝသည် နေ့ရှိသရွေ့ ပိတောက်မြိုင်အတွက်သာ အချိန်တွေကုန်ဆုံးလာခဲ့ရတော့သည်။

ပိတောက်မြိုင်သည် ကျွန်ုပ် မုန်းတီးသော ပါတီပွဲများကို အပျိုဘဝတုန်းကလိုပင် တစ်ပတ်တစ်ကြိမ် ပေးသည်။ ပါတီပွဲနေ့များတွင် အလှဆုံး ဝတ်စားပြင်ဆင်ပြီး ယောကျ်ားတကာတို့၏ ငေးမောကြည့်ရှုခြင်းကို ကျေနပ်စွာ ခံယူသည်။

ကျွန်ုပ်ကို အကျအနပွဲထုတ်ပြီး တခြားမိန်းမများ၏ အားကျငေးမောခြင်းကိုလည်း ခံယူသည်။

ကျွန်ုပ်၏ဘဝသည် သူမ ပိုင်ဆိုင်ထားသော အရုပ်တစ်ရုပ်လိုသာ ဖြစ်နေရတော့မည်ဆိုသည့် အသိကို သိလိုက်ရတာနှင့် ကျွန်ုပ်သည် သူမနှင့် အဝေးဆုံးသို့ ထွက်ခွာသွားချင်စိတ်များ ဖြစ်ပေါ်လာရလေတော့သည်။

သို့သော် တစ်ဖက်ကလည်း ဤအခွင့်အရေးမျိုးကို ကျွန်ုပ်အနေဖြင့် အလွယ်တကူ ရနိုင်လိမ့်မည်မဟုတ်ကြောင်း

ကျွန်ုပ်ကိုယ်တိုင် သိနေမိပြန်သည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ဘဝအာမခံချက် နည်းပါးသော ကျွန်ုပ်သည် ပိတောက်မြိုင်မိသားစု၏ ကြွယ်ဝချမ်းသာမှုများကို ကျော်ခိုင်းမသွားနိုင်ခဲ့တာ သေချာပါသည်။

ဒါပေမဲ့ ပိတောက်မြိုင်နှင့် နေထိုင်ရတာကိုလည်း အရှင်လတ်လတ် ငရဲကျနေသလိုမျိုး ခံစားလာရသည့်အခါတွင် ကျွန်ုပ်သည် ကြီးမားသောအကြံအစည်တစ်ခုကို ကြံစည်မိသွားတော့သည်။

ထိုအကြံအစည်ကြောင့်ပင် ကျွန်ုပ်သည် ပိတောက်မြိုင်အပေါ် ပိုမိုငြင်သာ နွေးထွေးစွာ ဆက်ဆံခဲ့ပြီး အချိုသပ်ခဲ့သည်။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းရှိ လူတွေအားလုံး ကျွန်ုပ်အပေါ် သံသယမဝင်စေရန် ပိတောက်မြိုင်ကို ချစ်ခင်ယုယပြခဲ့သည်။

တစ်ဖက်မှ ထိုသို့ပြုလုပ်နေရင်း တစ်ဖက်မှလည်း ကျွန်ုပ်၏ ကြီးမားသော အကြံအစည်ကြီး ထမြောက်အောင်မြင်စေရန်အတွက် အကွက်ချ စီမံရလေတော့သည်။

ကျွန်ုပ်၏ အကြံအစည်သည် ပိတောက်မြိုင်ကို အဆုံး

စီရင်ပစ်ဖို့ ဖြစ်သည်။ ကျွန်ုပ်အပေါ် ယုံကြည်စိတ်ချ မြတ်နိုး လွန်းလှသည့် မိန်းမတစ်ယောက်ကို သတ်ပစ်ဖို့ကိစ္စသည် သိပ်မခက်ခဲလှပါ။

သို့သော် သူမ သေဆုံးသွားခြင်းအတွက် ကျွန်ုပ်အပေါ် သံသယမဝင်အောင် ကျွန်ုပ်အပေါ် အမှုမပတ်အောင် ပြုလုပ်နိုင်ဖို့ကတော့ ခက်ခဲတာ သေချာသည်။

ထို့ကြောင့် ထိုကိစ္စကို ကပျက်ကချော် စိတ်လိုက်မာန်ပါ မလုပ်မိအောင် ကြိုးစားထိန်းချုပ်ရင်း ကျွန်ုပ်တစ်ယောက်တည်း ထောင့်စုံအောင် တွေးတောကာ စနစ်တကျ ကြံစည်ရလေတော့သည်။

ပီတောက်မြိုင်၏ မိဘနှစ်ပါးစလုံးသည် ကျွန်ုပ်တို့နှင့် အတူမနေဘဲ ရန်ကုန်မှာ နေကြသည့်အတွက် ကျွန်ုပ်အဖို့ ကံကောင်းထောက်မသော်လည်း ပီတောက်မြိုင်အတွက် ကျန်းမာရေးစောင့်ရှောက်ပေးသည့် ဆရာဝန်ကြီးသည် ကျွန်ုပ်တို့နှင့် တစ်မြို့တည်း၌ ရှိနေတာကတော့ ကံဆိုးလွန်းလှသည်။

ထိုဆရာကြီး ရှိနေသည့်အတွက် ပီတောက်မြိုင်ကို

လုပ်ကြဲဖို့ နည်းလမ်းများက ရှားပါးကုန်လေသည်။

အကယ်၍ ကျွန်ုပ်သည် ပီတောက်မြိုင်ကို အဆိပ်ဖြင့် လုပ်ကြံခဲ့လျှင် ဆရာဝန်ကြီးက မသိဘဲနေမည် မဟုတ်ပါ။ ဆရာဝန်ကြီး သိသွားတာနှင့် ကျွန်ုပ်လည်း စက်တိုင်ထက်ရ လိမ့်မည်။

တခြားရောဂါတစ်ခုခုကြောင့် ပီတောက်မြိုင် ရုတ်တရက် ရှုသေဆုံးသွားရပါမည်ဟုလည်း လုပ်ပစ်လို့ မရ နိုင်ပါ။

မတော်တဆမှု တစ်ခုခုကြောင့် သေဆုံးသွားသလို ပုံစံမျိုးလုပ်လျှင်လည်း ကျွန်ုပ်အပေါ် သံသယဝင်လာနိုင်သည်။

ပီတောက်မြိုင်ကို သေသည်၊ ရှင်သည် မသိသည့် ပုံစံ မျိုးဖြင့် ပျောက်ပစ်လိုက်ခြင်းကသာ အကောင်းဆုံးနည်းလမ်း ဖြစ်လိမ့်မည်ဟု တွက်ဆလိုက်မိပြီးသည့်နောက်မှာတော့ ကျွန်ုပ် သည် စေ့စပ်သေချာစွာ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရ တော့သည်။

ပထမဦးဆုံး ပီတောက်မြိုင်ကို ဘယ်မှာဝှက်ထားရ မလဲဟု အကောင်းဆုံးနေရာကို စဉ်းစားကြည့်လိုက်တော့

ကြောင်လိမ်လှေကားလေးဖြင့် ဆင်းသွားရပြီး မြေတိုက်ခန်းလေးသဖွယ် သီးသန့်ဖြစ်နေသည့် စတိုခန်းကို သွားတွေ့သည်။

ထိုနေရာသည် အလောင်းတစ်လောင်းကို ဘယ်သူမှ မမြင်အောင် ဝှက်ထားရန် အသင့်လျော်ဆုံး နေရာဟု ကျွန်ုပ်က တွေးမိသည်။

ထို့ကြောင့် စတိုခန်းကို နေရာရွှေ့ပြောင်းဖို့ ကျွန်ုပ်က ပိတောက်မြိုင်ကို နှစ်ယောက်ချင်းပြောခဲ့ပြီး ပိတောက်မြိုင်ကိုယ်တိုင် အလုပ်သမားများကို အမိန့်ပေးခိုင်းစေခြင်းဖြင့် စတိုခန်းပြောင်းရွှေ့သည့် ကိစ္စသည် ကျွန်ုပ်နှင့် မပတ်သက်သလို ကျွန်ုပ် လုံးဝ မသိသလိုပုံစံမျိုး လုပ်ထားလိုက်သည်။

စတိုခန်းအဟောင်းကို အသုံးမပြုတော့ဘဲ သော့ခတ်ထားထားပြီး မေ့လောက်သည့်အချိန်ကို ရောက်တော့မှ လူအများအပြား ရှိနေကြသည့် ပါတီပွဲညမှာပင် ကျွန်ုပ်သည် ဘယ်သူမှ မသိအောင် ပိတောက်မြိုင်ကို အဆိပ်ခတ်လိုက်သည်။

ကျွန်ုပ်သုံးသော အဆိပ်သည် ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး ဘုံးဘုံးလဲကျ သေဆုံးသွားစေသည့် အဆိပ်မျိုး မဟုတ်။

အာရုံကြောများကို အပြင်းအထန် ထိခိုက်စေပြီး လှုပ်ရှားမှု လုံးဝမပြုနိုင်တော့သည့် အဆိပ်မျိုးဖြစ်သည်။

အဆိပ်ခတ်ထားသည့် အချိုရည်နှင့် ဝိုင်ရောစပ်ထားသော ခွက်ကို တစ်ခွက်လုံးကုန်စင်အောင် သောက်ချလိုက်ပြီးတာနှင့် ပိတောက်မြိုင်က ပျော့ခွေကျသွားသည်။

ထိုအချိန်တွင် ပါတီပွဲရှိ ဧည့်သည်များသည် မီးရောင်မှိန်မှိန်အောက်၌ သောက်စားယစ်မူးသူက ယစ်မူးနှင့် အလုပ်များနေကြတာမို့ ကျွန်ုပ်နှင့် ပိတောက်မြိုင်ကို မျက်တောင်မခတ် စူးစမ်းနိုင်သူ တစ်ယောက်တလေမျှပင် ရှိမနေ။

ထို့ကြောင့် ကျွန်ုပ်သည် ပျော့ခွေကျနေသည့် ပိတောက်မြိုင်ကို ဆွဲ၍ ကောက်ပွေ့၍ အားလုံး၏ ရှေ့မှာပင် အပေါ်ထပ်တက်သည့် လှေကားဆီသို့ ခေါ်လာခဲ့လိုက်သည်။

လှေကားရင်း အမှောင်ရိပ်ကို ရောက်တော့မှ လှေကားပေါ် မတက်ဘဲ စကြံလမ်းဘက်ကို ချိုးကွေ့ပြီး စတိုခန်းရှိရာသို့ ပိတောက်မြိုင်ကို ခေါ်လာခဲ့လိုက်သည်။

ကံကောင်းထောက်မ၍ ကျွန်ုပ်၏ လှုပ်ရှားမှုကို မည်သူမျှ သတိမပြုမိခဲ့ကြပါ။

ကျွန်ုပ်သည် ကြိုတင်ကြံစည်ထားသည့်အတိုင်း စတိုခန်း၏ သော့ကို ဖွင့်လိုက်ပြီး ပိတောက်မြိုင်ကို အခန်းထဲသို့ သွင်းလိုက်သည်။

လှုပ်ရှားရုန်းကန်လို့ မရသလို အသံကျယ်ကျယ်လည်း မထွက်နိုင်ဘဲ အရုပ်ကြိုးပြတ်ပုံစံဖြင့် အဆိပ်မိနေသည်။

ပိတောက်မြိုင်က ကျွန်ုပ်ကို လေသံသဲ့သဲ့လေးဖြင့် တောင်းပန် အသနားခံနေသော်လည်း ကျွန်ုပ်ကတော့ မသနားမိခဲ့ပါ။

ကျွန်ုပ်သည် အေးစက်နေသော ကွန်ကရီအခင်းပေါ်တွင် သူမကို ပစ်ချလိုက်ပြီး သူမခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် စိန်ထည်ပစ္စည်းများကို ရက်စက်ကြမ်းတမ်းစွာ ချွတ်ယူပစ်လိုက်သည်။

ပြီးတော့ ထိုပစ္စည်းများကို ပိတောက်မြိုင်ခြုံထားသည့် ပဝါနှင့်ပင် ထုပ်လိုက်ပြီး အသနားခံနေသည့် ပိတောက်မြိုင်ကို အလုံပိတ်အခန်းထဲ၌ သော့ပိတ်ထားရစ်ခဲ့လိုက်သည်။

သော့နှင့် စိန်ထည်များကို ကျွန်ုပ်ကိုယ်တိုင် ကြိုတင်ပြုလုပ်ထားသည့် လှေကားထစ် အံဝှက်ထဲတွင် ထည့်ဝှက်

ထားခဲ့လိုက်သည်။

နောက် ပါတီပွဲခန်းမထဲသို့ ဟန်မပျက် ပြန်ဝင်ရင်း လူကြီးလူကောင်းတစ်ယောက်နှင့် စကားလက်ဆုံကျနေပေးလိုက်သည်။

ပါတီပြီးခါနီး ဧည့်သည်တွေကို နှုတ်ဆက်ခါနီးမှ အစေခံတစ်ယောက်ကို လွှတ်ပြီး ပိတောက်မြိုင်ကို သွားခေါ်ဖို့ ခိုင်းလိုက်သည်။

အစေခံမလေးက–

"မမလေး မရှိဘူး"

ဟု ပြန်လာပြောတော့မှ ကျွန်ုပ်က စိုးရိမ်ပူပန်ဟန် အပြည့်ဖြင့် တစ်အိမ်လုံး ခေါင်းတောက်အောင် ရှာဖွေကြသည်။

အလုပ်သမားတွေကလည်း ရှာသည်။

ဧည့်သည်တွေကလည်း ရှာသည်။

အရာရာသည် ကျွန်ုပ်ထင်ထားသည့် အကွက်ထဲသို့ တန်းမတ်စွာ တိုးဝင်လာတော့သည်။

အိမ်ကြီးအနှံ့ ရှာဖွေကြသော်လည်း စတိုခန်းအဟောင်းထဲတွင် ရှာဖွေဖို့အတွက်ကိုတော့ မည်သူမှ သတိရမရကြပါ။

ယနေ့ညမှာ ပိတောက်မြိုင် စိန်တွေဝတ်ထားသည့် အကြောင်း။

ထိုစိန်များ၏ ကာလတန်ဖိုး မနည်းကြောင်း ပါတီပွဲ လာတက်ကြသည့် ဧည့်သည်မိန်းမများက တစ်ယောက်တစ် ပေါက် ပြောဆိုဝေဖန်ကြသည်။

ကျွန်ုပ်က ရဲဌာနကို လှမ်းအကြောင်းကြားလိုက်သည်။

ပါတီပွဲ တက်လာသူများကို အိမ်မပြန်ခိုင်းသေးဘဲ စစ်ဆေး မေးမြန်းသည်။

အားလုံးက ပါတီပွဲတွင် ပိတောက်မြိုင် တစ်ချိန်လုံး ရှိနေသည့်အကြောင်း ဝိုင်သောက်တာ များသွားလို့ ကျွန်ုပ်က ပွေ့ချီသွားပြီး အိမ်ပေါ်ထပ်သို့ ပို့ပေးသည့်အကြောင်း။

ထို့နောက် ဧည့်သည်များကို ကျွန်ုပ်တစ်ယောက်တည်း ဧည့်ခံနေသည့်အကြောင်း၊ ပါတီပွဲပြီးသွားသည်အထိ ပိတောက် မြိုင် အပေါ်ထပ်မှ ဆင်းမလာသည့်အတွက် အစေခံတစ် ယောက်ကို သွားခေါ်ခိုင်းမှ မရှိတော့တာကို တွေ့ရကြောင်း တညီတညွတ်တည်း အဖြေပေးကြလေသည်။

ကျွန်ုပ်ကလည်း ပိတောက်မြိုင်ကို အားလုံးရှေ့မှာတင်ပွေ့ချီပြီး အပေါ်ထပ်အိပ်ခန်းထဲသို့ ပို့ပေးသည့်အကြောင်း ပြောပြသည်။

ပုလိပ်များ အပါအဝင် လူအားလုံးသည် ပိတောက်မြိုင် ဝတ်ဆင်ထားသည့် အဖိုးတန်စိန်ထည်များကြောင့် ပိတောက်မြိုင်ကို အိမ်ကြီး၏ပြင်ပမှာပဲ ရှာဖွေကြတော့သည်။

ဒီတော့မှ ပိတောက်မြိုင် ဝတ်ဆင်ထားသည့် စိန်များကို ဖြုတ်ယူထားမိခြင်းအတွက် ကျွန်ုပ်က နောင်တရမိသည်။ ကျွန်ုပ်ဝှက်ထားသည့် စိန်ထည်လက်ဝတ်လက်စားများကိုသာ တွေ့ရှိသွားပါက ကျွန်ုပ်ကျူးလွန်ထားသည့် ကိစ္စလည်း ဘူးပေါ်သလို ပေါ်သွားမှာ သေချာသည်။

သို့သော် လူအများသည် ကြောင်လိမ်လှေကားကိုရော အသုံးမပြုတော့သည့် စတိုခန်းကိုပါ လုံးဝ သတိမမူမိကြပါ။ ထို့အတွက် ကျွန်ုပ် ကံကောင်းနေသေးသည်။

ထိုအချိန်တွင် ပိတောက်မြိုင်သည် စတိုခန်းအဟောင်းထဲ၌ ထာဝရ အိပ်ပျော်နေပေပြီ။ ကျွန်ုပ်သည် မှန်းတီးသော မိန်းမတစ်ယောက်နှင့် ဘယ်တော့မှ တွေ့ရတော့မည်မဟုတ်ပါ။

သူမ၏ ချမ်းသာကြွယ်ဝမှုများကိုလည်း စွန့်လွှတ်ထား ခဲ့ရမည် မဟုတ်ပါ။ သူမ၏ မိဘများနှင့် အသိုင်းအဝိုင်းသည် သူမပျောက်ချင်းမလှ ပျောက်ဆုံးသွားသည့်ကိစ္စကို အပူတပြင်း တောနင်းရှာဖွေနေကြသလို၊ တစ်ဖက်မှလည်း ကျွန်းပ်ကို ဖေးမပေးကြပြန်သည်။

လူအားလုံးသည် ပိတောက်မြိုင် ပျောက်ဆုံးသွားခြင်း နှင့် ပတ်သက်ပြီး ကျွန်ုပ်အပေါ် သံသယ လုံးဝမဝင်ကြတာ သေချာသည်။

ကျွန်ုပ်နှင့် အရင်းနှီး အနီးကပ်ဆုံးဖြစ်သည့် စင်သီယာ သည်ပင် ကျွန်ုပ်အပေါ် သံသယမဝင်ခဲ့ပါ။

ပိတောက်မြိုင် ပျောက်ဆုံးသွားသည့် ကိစ္စသည် အားလုံး အတွက် ပဟေဠိဖြစ်ခဲ့ပြီး ထင်မြင်ချက်အမျိုးမျိုးကိုလည်း ဖြစ်ပေါ်ခဲ့ပေသည်။

တချို့က ပိတောက်မြိုင်ကို တစ်စုံတစ်ယောက်က အသက်အန္တရာယ်ပြုပြီး သူမ၏ လက်ဝတ်ရတနာများကို ယူဆောင်သွားသည်ဟု ထင်ကြသည်။

တချို့ကလည်း ပိတောက်မြိုင်လို မိန်းကလေးကို

ဘယ်လိုလူမျိုးကမှ မသတ်နိုင်၊ သူမကိုယ်တိုင် တစ်နေရာရာကို ထွက်ခွာသွားတာပဲ ဖြစ်လိမ့်မည်ဟု တွေးထင်ကြသည်။

ပိတောက်မြိုင်၏ နာမည်သတင်းကြီးမှုကို မနာလိုဖြစ်ကြသူများကတော့ ရရှိလာသည့် အချိန်တွင် အသရေဖျက်ကြသည်။ ပိတောက်မြိုင်ကပဲ နောက်ထပ်ချစ်သူတစ်ယောက်နောက်သို့ လိုက်သွားသလိုမျိုး ပြောကြသည်။

ထင်မြင်ချက်များ အားလုံးသည် ကျွန်ုပ်အတွက် အန္တရာယ် တစ်စုံတစ်ရာ မရှိခဲ့ပါ။ လူအားလုံးသည် ကျွန်ုပ်အပေါ် သံသယမဝင်သည့်အပြင် သနားကရုဏာပင် သက်နေကြသေးသည်။

အမှန်တကယ် ပျောက်ဆုံးသွားခြင်း မဟုတ်သည့်အတွက် ပိတောက်မြိုင်ကို ဘယ်သူမှ ရှာမတွေ့ဘဲ ပိတောက်မြိုင် ပျောက်ဆုံးမှုကို ပဟေဠိဆန်စွာပင် အဆုံးသတ်လိုက်ကြတော့သည်။

ပိတောက်မြိုင်၏ မိဘများသည် ကျွန်ုပ်ကို သားတစ်ယောက်သဖွယ် ကြင်နာခဲ့ကြပြီး ပိတောက်မြိုင်အိမ်ကြီးကို ဆက်ခံစေသည်။ တကယ်တော့ ကျွန်ုပ်ဖန်တီးခဲ့သော အခြေ

အနေသည် ကျွန်ုပ်မျှော်လင့်ထားသည်ထက်ပင် အဆပေါင်းများစွာ ကောင်းမွန်သေသပ်ခဲ့လေသည်။

သို့သော် ကျွန်ုပ်၏ စိတ်ခေတ်များသည် ကျွန်ုပ်ကိုယ်တိုင် အံ့အားသင့်စေလောက်အောင် ပြောင်းလဲသွားခဲ့ရတာကတော့ အလွန်တရာ ဆိုးဝါးလွန်းလှ၏။

ပိတောက်မြိုင်လည်း လူ့လောကတွင် မရှိတော့၊ ပိတောက်မြိုင် ပျောက်ဆုံးသွားသည့်အတွက်လည်း ကျွန်ုပ်အပေါ် တစ်စုံတစ်ရာ အမှုပတ်သက်လာခြင်း မရှိတော့ အကောင်းဆုံး အခြေအနေကို ရောက်ရှိသွားသည့်အချိန်ကျမှ ကျွန်ုပ်၏ စိတ်များက ချောက်ချားလာပြီး သွေးပျက်လာရတော့သည်။

ကျွန်ုပ်သည် ပိတောက်မြိုင်ကို တစ်စက္ကန့်စာလောက်ပင် မေ့လို့မရသည့် ဝေဒနာကို သူမသေဆုံးသွားပြီး တစ်လတင်းတင်းပြည့်သည့်နေ့တွင် ထူးဆန်းစွာ စတင်ခံစားခဲ့ရလေသည်။

ကျွန်ုပ်စိတ်ထင် ပိတောက်မြိုင်၏ ဝိညာဉ်သည် ကျွန်ုပ်အပေါ် ခြောက်လှန့်နှိပ်စက်နေခြင်း ဖြစ်မည်ထင်မိသည်။

နေ့အခါတွင်လည်း ကျွန်ုပ်သည် စိတ်အေးချမ်းသာစွာမနေရ။ ပိတောက်မြိုင်၏ အကြည့်များ၊ အပြုံးများ၊ စကားသံများ ကိုသာ မြင်နေ ကြားနေရပြီး ထိတ်လန့်တုန်လှုပ်စိတ်ဖြင့် ကျွန်ုပ်အစားအသောက် ပျက်ရတော့သည်။

ညဘက်ရောက်လျှင်လည်း ပိတောက်မြိုင်သည် ကျွန်ုပ်၏အနီးအနား အရိပ်တကြည့်ကြည့် ရှိနေသလိုမျိုး ခံစားရပြီး အိပ်ရေးပျက်ရပြန်သည်။

ပိတောက်မြိုင်နှင့်အတူ နေခဲ့စဉ်က အမှုမဲ့ အမှတ်မဲ့ ရှိခဲ့သည့် ကိစ္စအသေးအမွှားကလေးများကအစ ကျွန်ုပ်၏ မှတ်ဉာဏ်ထဲတွင် ထင်ရှားပြတ်သားစွာ ရှိလာသည့်အခါမှာ တော့ ကျွန်ုပ်သည် နေ့နေ့ညည စက္ကန့်နှင့်အမျှ ပိတောက်မြိုင်၏ခြောက်လှန့်ခြင်းကို ခံစားလာရလေတော့သည်။

ကျွန်ုပ်ခံစားနေရတာတွေအတွက် ရင်ဖွင့်စရာ လူမရှိသည့်အပြင် စိတ်ထင်တိုင်းလည်း ခံစားလို့မရပြန်ပါ။

ကျွန်ုပ်၏ အမူအရာများ ပျက်ယွင်းလွဲချော်သွားသည်နှင့် လူသတ်မှုဖြင့် စက်တိုင်တက်ရမည်မှာ သေချာနေတာမို့ ကျွန်ုပ်က တတ်နိုင်သမျှ ထိန်းချုပ်နေရပြန်သည်။

ထိန်းချုပ်နေသည့်ကြားထဲမှ လွတ်ထွက်သွားတော့မလို ဖြစ်လိုက်၊ ပြန်ထိန်းချုပ်လိုက်နှင့် သံသရာလည်နေရင်း ပိတောက်မြိုင်၏ ခြောက်လှန့်မှုကို စက္ကန့်မလပ် ခံစားရခြင်းဖြင့် ကျွန်ုပ်သည် ရူးသွပ်လုတဲတဲ လူတစ်ယောက်အဖြစ်သို့ ရောက်ရှိရလေတော့သည်။

ထိုအခြေအနေကို ရောက်ရတော့မှ ပိတောက်မြိုင်နှင့် ဝေးလျှင် ကျွန်ုပ်ဘဝ၌ ပိတောက်မြိုင် မရှိတော့ဘူးဆိုလျှင် လွတ်လပ်ပြီ၊ အင်မတန် စိတ်ချမ်းသာပျော်ရွှင်ရလိမ့်မည်ဟု ထင်မြင်ခဲ့မိတာများကို ကျွန်ုပ်ကိုယ်တိုင် စွန့်လွှတ်လိုက်ရလေတော့သည်။

လူ့စိတ်သည် ဆန်းကြယ်ပေစွ။ ရှိနေတုန်းက အလေးမထားခဲ့သော အရာများကို အမှန်တကယ် မရနိုင်တော့မှန်း သိသည့်အခါကျမှ ပြင်းပြစွာ တမ်းတမိပြီး ကျွန်ုပ်ကိုယ်တိုင်ပင် နောင်တများနှင့် ပူလောင်ရလေတော့သည်။

နေ့နေ့ညည စိတ်ဖိစီးမှုဒဏ်ကို အလူးအလဲခံစားရပြီး ပိတောက်မြိုင်ကို သတ်ပစ်ခဲ့ပါသည်ဟု ဖြောင့်ချက်ပေးဖို့ ကျွန်ုပ်က အကြိမ်ကြိမ် ကြံစည်မိသည်။

သို့သော် မအောင်မြင်ခဲ့ပါ။ ဖြောင့်ချက်မပေးရလျှင်လည်း ပိတောက်မြိုင်၏ အလောင်းကို ဝှက်ထားသည့်နေရာကနေ စွန့်ပစ်လိုက်ဖို့အတွက် ကြံစည်မိပြန်သည်။

ထိုကိစ္စကိုလည်း အောင်မြင်အထမြောက်အောင် ကျွန်ုပ်အနေဖြင့် မစွမ်းဆောင်နိုင်ပြန်ပါ။

နောက်ဆုံး တစ်ခုခုလုပ်လိုက်မှလျှင် ခံစားနေရတာတွေ သက်သာသွားလေမလားဆိုသော မျှော်လင့်ချက်ဖြင့် ကျွန်ုပ်သည် ပိတောက်မြိုင်ကိုယ်ပေါ်မှ ကျွန်ုပ်ကိုယ်တိုင် ရက်စက်ကြမ်းတမ်းစွာ ဆွဲဖြုတ်ယူငင်ပြီး သို့ဝှက်ထားသည့် စိန်ထည်လက်ဝတ်လက်စားများအား ပိတောက်မြိုင်ခြံကြီး၏ အနောက်ဘက်တွင်ရှိသော ချောက်ကြီးထဲသို့ ကြဲချပစ်ခဲ့ပြန်သည်။

ထိုသို့ ပြုလုပ်လိုက်သော်လည်း ကျွန်ုပ်ခံစားနေရသည့် ဝေဒနာများက သက်သာလျော့ပါးမသွားခဲ့ပါ။ တစ်နေ့ထက်တစ်နေ့ ပို၍ပင် ဆိုးရွားလာခဲ့ပြီး ကျွန်ုပ်သည် ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်းများ ကင်းမဲ့နေသည့် အသက်ရှူနေသော လူသေတစ်ယောက်အဖြစ်သို့ တဖြည်းဖြည်းနှင့် ရောက်မှန်းမသိ ရောက်သွားရလေတော့သည်။

ယခုမှတ်တမ်းကို ရေးသားနေသည့်အချိန်တွင် ကျွန်ုပ်သည် လူ့လောက၌ ခြောက်သွေ့အက်ကွဲစွာ ဆက်လက်အသက်ရှင်နေချင်စိတ်များ ကင်းမဲ့နေရသလို ကျွန်ုပ်၏ကျန်းမာရေးသည်လည်း များစွာဆုတ်ယုတ်နေရပြီဖြစ်လေသည်။

ကျွန်ုပ်အတွက် အချိန်များစွာ မရှိတော့ပါ။ မကြာခင်ကာလတွင် ကျွန်ုပ်သည် ပီတောက်မြိုင်၏နောက်သို့ မလွဲမသွေ လိုက်ပါသွားရပါတော့မည်။

ထို့အတွက် ကျွန်ုပ်သည် တုန်လှုပ်ချောက်ချားခြင်းတော့မဖြစ်မိပါ။ တမလွန်သို့ရောက်လျှင် ပီတောက်မြိုင်နှင့် တွေ့ဆုံခွင့်ရရှိဖို့အတွက်ကိုပဲ ဆန္ဒပြုမိသည်။

ပီတောက်မြိုင်နှင့် တွေ့ဆုံခွင့်ရလျှင် သူမကျေနပ်သည်အထိ ကျွန်ုပ် အနူးအညွတ် တောင်းပန်ပါမည်။ သူမက ကျွန်ုပ်ကို လက်တုံ့ပြန်မည်ဆိုလျှင်လည်း ကျေနပ်စွာခံယူပါမည်။

သူမကို ကျွန်ုပ်ချစ်သည့် အကြောင်းကိုလည်း သူမယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ကျွန်ုပ်ကတော့

ပြောပြရပါလိမ့်မည်။

ထိုကိစ္စများ အားလုံးကို လုပ်ကိုင်ပြီးမှသာလျှင် ကျွန်ုပ်အတွက် ဘဝကူးပြောင်းရပါလိမ့်မည်။ ထိုကိစ္စများကို လုပ်ကိုင်နိုင်ဖို့အတွက် ကျွန်ုပ်သည် တမလွန်၌ ပီတောက်မြိုင်ကို တွေ့အောင်ရှာဖွေရပါတော့မည်။

*

[ ဆယ့်ခြောက် ]

ဖတ်စရာ စာမျက်နှာမရှိတော့သည့် အချိန်မှာပင် 'မော့်'ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က ဆွဲထူလိုက်သည့် အတွက် မော်သည် အိပ်မက်မှ လန့်နိုးသွားရလေတော့သည်။

"မော် ထ,ထပါဦး၊ ငါတို့ ဘယ်နေရာကို ရောက်နေ တာလဲ"

မော့်ကို ဆွဲထူပြီး နှိုးလိုက်သူသည် ချောချောဖြစ်လေ သည်။

"ဟင် ဘာလဲ၊ ဘာဖြစ်လို့လဲ"

အလန့်တကြား လူးလဲထပြီး ပတ်ဝန်းကျင်ကို ကြည့် လိုက်တော့ ဖုန်အလိမ်းလိမ်း ထနေပြီး ပင့်ကူမျှင်များ မြင်

မကော်င်းအောင် တွယ်ငြိနေသည့် ပရိဘောဂအဟောင်းအဆွေး များကို တွေ့ရသည်။

"မြတ်စွာဘုရား"

မော်က တုန်လှုပ်စွာ ဘုရားတ,လိုက်မိ၏။

ဆိုဖာခုံ အဟောင်းအဆွေး တစ်လုံးပေါ်တွင် မိသံက အသက်မှန်မှန် ရှူပြီး အိပ်ပျော်နေတာကို တွေ့ရသည်။

စုတ်ပြတ်သပ်နေသည့် အိပ်ရာပေါ်တွင် သီဂီကလည်း အိပ်မောကျနေသည်။

တံခါးရွက်များ ပြုတ်ကျနေပြီဖြစ်သည့် ပြတင်းပေါက် များမှ နေရောင်နွေးနွေးသည် အခန်းထဲသို့ တိုးဝင်နေပြီး ဟောင်းနွမ်းဆွေးမြည့်နေသည့် အိမ်ကြီးကတော့ ကြက်သရေ မဲ့စွာ တိတ်ဆိတ်ခြောက်ကပ်နေလေသည်။

မော်က သူ့မခန္ဓာတွင် ပေကျံကပ်ငြိနေသည့် ဖုန်များ၊ ကြပ်ခိုးများကို ခါထုတ်ပြီး မိသံကို ပြေးနှိုးလိုက်မိသည်။ ကြည်သာစွာ ပြုံးရင်း အိပ်မောကျနေသည့် သီဂီကိုတော့ ချက်ချင်းမနှိုးမိ။ အိပ်ပျော်နေရာမှ နိုးလာသည့် မိသံက ရူးရူးဝါးဝါး ထအော်လိုက်တော့မှပဲ သီဂီပါ နိုးလာတော့

သည်။

"အောင်မယ်လေး၊ ဘယ်နေရာကို ရောက်နေတာလဲ"
ညတုန်းက– ညတုန်းက ဒီနေရာမဟုတ်ပါဘူး"

ဟု ထအော်ပြီး မိသံကို စုတ်ပြတ်သပ်နေသည့် အခန်းကျယ်ကြီးကို အထိတ်တလန့်လိုက်ကြည့်နေတာ တွေ့ရသည်။

အခန်းကြီး၏ ဟောင်းနွမ်းဆွေးမြည့်နေမှုကို ကြည့်လိုက်ရုံဖြင့် ဒီနေရာတွင် လူမနေသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်ကြောင်း သိသာနေသည်။

ဒီလောက်ဆိုးရွားစုတ်ပြတ်နေသည့် အခန်းကြီးကို ညတုန်းက သစ်လွင်တောက်ပြောင်နေသည့် အခန်းတစ်ခန်းအဖြစ် သူမတို့လေးယောက်စလုံး မျက်စိမှောက်မှားခဲ့ကြတာဖြစ်သည်။

ထူးဆန်းပေစွ။

မော်က သူမမက်သည့် အိပ်မက်ကို ပြောပြရန်ဟန်ပြင်ဆဲ၊ သီဂီက သူမလက်ဦးသွားလေသည်။

"ငါ၊ ငါ အိပ်မက် မက်နေတာမော်၊ သိပ်ထူးဆန်းတာပဲဟာ၊ အိပ်မက်ထဲမှာ ရစ်ချတ်ပ်က ငါ့ကို လာတောင်းပန်တယ်၊

သူ မှားခဲ့ပါတယ်၊ သူ့ကို ခွင့်လွှတ်ပါတဲ့၊ ခွင့်မလွှတ်နိုင်ရင်လဲ ကြိုက်တဲ့အပြစ်ကို ပေးပါတဲ့။ ပြီးတော့ ငါ့ကို ချစ်တယ်လို့လဲ ပြောတယ်၊ ငါကလဲ အိပ်မက်ထဲမှာ ခွင့်လွှတ်ပါတယ်လို့ ပြန်ပြောလိုက်တယ် မော်၊ အဲဒီတော့ ရစ်ချတ်ပ်က ငါ့နဖူးကို နမ်းပြီး အဝေးကြီးကို ထွက်သွားတယ်။ သူထွက်သွားတဲ့နောက်ကို ပြေးလိုက်ဖို့ ဟန်ပြင်နေတုန်း မိသံအော်လိုက်လို့ ငါ လန့်နိုးသွားတာ၊ သိပ်ဆန်းတာပဲ"

"ဟုတ်လား သီဂီ၊ ငါလဲ အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှာ မှတ်တမ်းစာအုပ် တစ်အုပ်ကို ငါ ဖတ်ရတယ်ဟာ"

မော်က သူမမြင်မက်သည့် အိပ်မက်အကြောင်းကို ပြောပြလိုက်တော့ သီဂီတို့ သုံးယောက်စလုံး အထိတ်တလန့်ပုံစံဖြင့် နှုတ်ဆိတ်သွားကြလေတော့သည်။

ပါးစမ်က ထုတ်ဖော်မပြောမိပေမဲ့ အိပ်မက်နှစ်ခုကိုဆက်စပ်ပြီး မော်က ညတုန်းက သူမတို့အားလုံးကို မမြင်ရသည့် အရာတစ်ခုက မျက်လှည့်ပြ ဖမ်းစားလိုက်တာပဲ ဖြစ်မည်ဟု တွေးလိုက်မိသည်။

အားလုံးကလည်း သူမ တွေးသလိုမျိုးပင် တွေးမိကြမှာ သေချာသည်။

"လာ...လာ ဟာ၊ ဒီအခန်းထဲက မြန်မြန်ထွက်ရအောင်"

"ဟုတ်တယ်၊ နေရတာ စိတ်ထဲမှာ မသတီဘူး"

"ကြည့်စမ်း၊ ဒီလောက်သွေးပျက်နေတဲ့ နေရာမှ ငါတို့လေးယောက်စလုံး အိပ်ပျော်သွားရတယ်လို့ ကြောက်စရာကောင်းလိုက်တာဟယ်"

"တော်ပါသေးရဲ့၊ စားစရာတွေ ရှာဖွေမစားမိတာ" ဟု ပြောပြီး ချောချောက ဝေ့ခနဲ ပျို့အန်သည်။

မော်ကတော့ မိုးစင်စင်လင်းသွားတာကိုပဲ ကျေးဇူးတင်နေမိသည်။ မိုးသာမလင်းသေးလျှင် ဘာတွေဆက်ဖြစ်ဦးမည်ဆိုတာကို မခန့်မှန်းတတ်ပါ။

သီဂီက တစ်ခုခုကို တွေးတောနေဟန်ဖြင့် ငြိမ်သက်နေပြီးမှ ကောက်ခါငင်ခါ ပြောသည်။

"ဒါဆိုရင် ငါသေသွားပြီး ဘယ်လောက်မှမကြာခင်

ရစ်ချတ်ပ်ပါ သေသွားခဲ့တာပေါ့။ နင့်အိပ်မက်အရဆိုရင် ရစ်ချတ်ပ်က နောင်တတွေရပြီးမှ သေသွားခဲ့တာဖြစ်မယ်၊ သနားပါတယ် မော်ရယ်"

မော်က ဘာမှ ပြန်မပြောနိုင်ပါ။ အိပ်မက်တစ်ခုကို သက်သေအထောက်အထားပြုပြီး ဆုံးဖြတ်ဖို့အတွက် မလုပ်သင့်ဟုတော့ သူမစိတ်ထဲမှ တွေးမိသည်။ ဘာဖြစ်လို့လဲဆိုတော့ အိပ်မက်ဆိုတာ စိတ်အစွဲအလမ်းကြောင့် မက်တတ်တာမျိုးရှိသလို ရာသီဥတုဒဏ်နှင့် သွေးလေချောက်ချားမှုကြောင့်လည်း မြင်မက်တတ်လို့ပဲဖြစ်သည်။

ထို့ကြောင့် သူမ မြင်မက်သည့် အိပ်မက်ကိုလည်း အမှန်ဟု ယူဆလို့ မရနိုင်ပါ။

"တော်ပါတော့ သီဂီရယ်၊ လာပါ၊ ဒီအိမ်ကြီးထဲက မြန်မြန်ထွက်ကြပါစို့၊ နင့်ပုံပြင်တွေ ဂရိပ်မှပြောပါနဲ့တော့ဟာ"

ဆိုသည့် စကားကို မိသံက ပြောလိုက်တာနှင့် သီဂီက ရှူးရှူးရှားရှား ဖြစ်သွားတော့သည်။

"ဘာလဲ မိသံ၊ ငါပြောတာတွေ အားလုံးကို လုပ်ဇာတ်

တွေလို့ နင်ကထင်နေတာလား၊ မဟုတ်ဘူးနော်၊ ငါ လုပ်ဇာတ်ခင်းထားတာ ဘာမှမရှိဘူး၊ လာ... အခုပဲ စတိုခန်းသော့ကို သွားဖွင့်မယ်၊ အဲဒီအထဲမှာ ပိတောက်မြိုင်ရှိနေတာ နင့်ကို သက်သေပြမယ်၊ လာ... လိုက်ခဲ့"

သီဂီက မိသံကို အတင်းဆွဲခေါ်ပြီး မိသံကလည်း ကြောက်လန့်တကြား ရုန်းကန်သည့် အချိန်မှာပင် လူသံများကို ကြားလိုက်ရတော့သည်။ ထိုလူသံများသည် သူမတို့၏ နာမည်များကို အော်ဟစ်ခေါ်နေသည့် အသံများ ဖြစ်လေသည်။

*

## [ ဆယ့်ခုနစ် ]

"သီဂီရွှေဝါ၊ သီဂီရွှေဝါ"

"မော်မော်ထက်၊ မော်မော်ထက်"

"ချောချော"

"သန္တာမိုး"

သူမတို့၏ နာမည်များကို အပြည့်အစုံခေါ်နေတာမို့ သူမတို့လေးယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည်။ ချက်ချင်းတော့ အသိပြန်မပေးရဲ။

ထိုအချိန်မှာပင် သူမတို့ သူငယ်ချင်း နန်း၏အသံကို ကြားလိုက်ရလေသည်။

"သီဂီမော်၊ ချောချော၊ မိသံ နင်တို့ ဘယ်ရောက်နေကြလဲ"

နန်း၏အသံကို ကြားလိုက်တော့မှ သူမတို့က အသံပြုမိသွားသည်။

"နန်းနန်းလား"

"အေး... နင်တို့ ဘယ်မှာလဲ"

"အပေါ်ထပ်မှာ နန်း၊ ငါတို့ အပေါ်ထပ်မှာ"

ပြောပြောဆိုဆို သူမတို့လေးယောက်က အခန်းဟောင်းကြီးထဲမှ ထွက်လိုက်ကြသည်။ အခန်းအပြင်ဘက်မှ မြင်ကွင်းသည်လည်း အခန်းထဲမှာလိုပင် ဟောင်းနွမ်းရိရွဲနေလေသည်။

ညတုန်းက ဖုန်မှုန့်စာတောင် မတင်အောင် သန့်ရှင်းပြောင်လက်နေသည့် အိမ်ကြီးသည် အခုတော့ ဖုန်အလိမ်းလိမ်းပင့်ကူအိမ်အထပ်ထပ်နှင့် ညစ်ထေးမှုန်စုန်နေတော့သည်။

အဆိုးဆုံးကတော့ ညက သူတို့တက်လာခဲ့သည့် ခမ်းနားထည်ဝါသော ကျွန်းလှေကားကြီးသည် အတက်အဆင်းပြုလုပ်လို့ မရလောက်အောင် ကျိုးပဲ့ပျက်စီးနေခြင်းပဲဖြစ်

သည်။ လှေကားထိပ်တွင် ညက တွေ့ခဲ့သည့် ပန်းချီကား ကြီး၏ နေရာမှာရတော့ ပန်းချီကားပေါင်ကြီးတစ်ခု ရှိနေ လေသည်။ မည်သည့်ပုံမှ ရှိမနေတော့ပါ။

လှေကားကြီးအောက်တွင်ကား ဆရာဦးလေးကြီးရယ်၊ နန်းရယ်၊ ယူနီဖောင်းဝတ် ရဲတပ်ဖွဲ့ဝင် အချို့ရယ်၊ အသက် ကြီးကြီး ယောကျ်ားကြီး နှစ်ယောက် သုံးယောက်ရယ်ကို တွေ့ရသည်။

သူမတို့ သုံးယောက်သည် ကျိုးပဲ့ ပျက်စီးနေသည့် လှေကားထစ်များမှ အောက်ထပ်သို့ ခက်ခက်ခဲခဲ ဆင်းခဲ့ ရပြီး အိမ်ကြီး၏ အောက်ထပ်သည်လည်း ညကလို သန့်ရှင်း ခမ်းနားသည့် မြင်ကွင်းမျိုး မဟုတ်တာကို တွေ့ရလေသည်။

နန်းက ပေတူးစုတ်ပြတ်နေသည့် သူမတို့လေးယောက် ကို ဖက်တွယ်ထားပြီး မျက်ရည်ဖြိုင်ဖြိုင် ကျနေတော့သည်။

"ငါ့ဆီကိုလာရင်း နင်တို့ အခုလိုဖြစ်ရတာ စိတ် မကောင်းဘူးဟယ်၊ နင်... နင်တို့ ဘာမှမဖြစ်ကြတာ တော်သေးတာပေါ့"

"နင် ဘယ်လိုလုပ်ပြီး ဒီနေရာကို လိုက်လာနိုင်တာလဲ

နန်းရဲ့"

ဟု မော်ကမေးတော့ နန်းက အစုံအလင် ပြောပြသည်။

"နင်တို့ရဲ့ကားဆရာ ဦးလေးကြီး ငါ့ဆီကို ရောက်လာလို့ပေါ့၊ ဦးလေးကြီးက ငါ့ဆီကို အရင်ရောက်လာတာတော့ မဟုတ်ဘူးဟ၊ ကြောက်ကြောက်လန့်လန့်နဲ့ ကားကို ကမူးရှူးထိုး မောင်းပြီး ရဲစခန်းကို အရင်ရောက်သွားတာ၊ အဲဒီကမှ ငါ့ဆီကို ရောက်လာတာ။ မြို့အပြင် တောထဲက အိမ်ကြီးထဲမှာ နင်တို့ရောက်နေတယ်ဆိုတာကြောင့် စိုးရိမ်ပြီး လိုက်လာခဲ့တာ၊ ဒီနေရာက လူစိမ်းတွေ လမ်းမှားတတ်တဲ့ နေရာပေါ့၊ ဒီအိမ်ကြီးထဲ ရောက်တာမှ တော်သေးတယ်၊ ရာသီဥတုဆိုးဆိုးမှာ မမြင်မစမ်းနဲ့ ကားဆက်မောင်းမိရင် ရှေ့မှာ ချောက်ကမ်းပါးကြီး ရှိတယ်ဟ။ အတော်နက်တာနော်၊ ပြုတ်ကျသွားလို့ကတော့ အရိုးတခြား အသားတခြားပဲ မှတ်။ နင်တို့ တကယ်ကံကောင်းတယ်"

"ဘုရားရေ၊ ဒီအိမ်ကြီးထဲရောက်တာကို ကံကောင်းတယ်လို့ မှတ်ရမယ် ဟုတ်လား၊ ဒီမှာ ငါတို့ကြုံလိုက်ရတာတွေ မရှုမလှ၊ အလဲလဲ အကွဲကွဲပဲ နန်းရေ၊ အဲဒီကိစ္စက

ခုထိတောင် မပြီးပြတ်သေးဘူး”

ဟု အစချီပြီး မော်က နန်းအပါအဝင် လူကြီးများကိုရော၊ ရဲတပ်ဖွဲ့ဝင်များကိုပါ ညက တွေ့ကြုံခဲ့ရသည့် ကိစ္စများကို ပြောပြလိုက်မိသည်။

သူမပြောပြတာတွေကို နယ်ခံလူကြီးများက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြသည်။ နန်းကတော့ တအံ့ တသြဖြစ်၍ ရဲတပ်ဖွဲ့ဝင်များကတော့ သိပ်ယုံကြည်ပုံမရဘဲ နားထောင်ပေးနေကြတာ သေချာသည်။

မော် စကားဆုံးတော့ ရဲအရာရှိက ဝင်ပြောသည်။

“ဒီလိုပါပဲ တစ်ခါတစ်ရံမှာ လူတွေဟာ အကြောက်လွန်ပြီး စိတ်ထင်ရာတွေကို တကယ်မြင်တွေ့ရသလိုမျိုး ခံစားရတတ်တာပဲ၊ ဒီကသမီးတို့ ဘာတစ်ခုမှ ထိခိုက်ဒဏ်ရာမရကြတာရော၊ ဟောဒီက နောင်ကြီးလဲ လမ်းမှားပြီး ချောက်ထဲကျမသွားတာရောဟာ ကံကောင်းထောက်မတာပဲပေါ့၊ ကဲ...သွားကြစို့”

ပြောပြောဆိုဆို သီဂီက အားလုံးကို တွန်းတိုက်ပြီး လေှကားနံဘေး စကြံလမ်းအတိုင်း ရဲဝံ့ပိုင်နိုင်စွာ လျှောက်

သွားလေသည်။ အားလုံးသည် တိုင်ပင်မထားရပါပဲ သီဂီ နောက်သို့ လိုက်သွားမိသည်။ ညတုန်းက သူမတို့ နင်းဖြတ် ခဲ့သည့် ကြောင်လိမ်လှေကားဆီသို့ရောက်ဖို့အတွက် အဟောင်း အမြင်းများ အမှိုက်သရိုက်များကို နင်းဖြတ်ကျော်သွားရပြီး တံခါးပေါက်များ အားလုံး ဟောင်းလောင်းဖြစ်နေသည့် အိမ်အိုကြီး၏ အထဲတွင် သစ်ရွက်ခြောက်များက ဟိုမှသည် လွင့်နေကြလေသည်။

ကြောင်လိမ်လှေကားကို ဆင်းလိုက်တာနှင့် ညတုန်းက သူမတို့လက်ထဲမှ ကျသွားသည့် မည်းညစ်ညစ် ဖယောင်းတိုင် ရယ်၊ ကြေးညှိများ တက်နေသည့် ခတ်ဆီမီးခွက်ကြီးရယ်၊ နောက် ကြီးမားသော သော့ချောင်းကြီးရယ်ကို တွေ့ရသည်။

သီဂီသည် သော့ချောင်းကြီးကိုကောက်ကိုင်ပြီး အားလုံး ကြားအောင် အော်ဟစ်ပြောသည်။

"ဟောဒီ သော့နဲ့ ဟောဒီအခန်းကို ဖွင့်လိုက်၊ အထဲ မှာ ပိတောက်မြိုင်ရဲ့အကောင်း ရှိတယ်"

ပြော့ပြီးရာနှင့် သီဂီက ပျော့ခွေလဲကျသွားကာ သတိ လစ်သွားလေတော့သည်။

"သီဂီ၊ သီဂီ"

မော်တို့က သီဂီကို စိုးရိမ်တကြီးဖေးမနေဆဲ ယောကျ်ားကြီးများက ပိတ်ထားသော တံခါးရွက်ကြီးများကို ဖွင့်ဖို့ ခက်ခက်ခဲခဲ ကြိုးစားနေကြလေသည်။

ထိုအချိန်တွင် နန်းက အသံတုန်တုန်လေးဖြင့် ပြောပြသည်။

"ထူးဆန်းလိုက်တာဟာ၊ ဒီအိမ်ပျက်ကြီးရဲ့ နာမည်က ပိတောက်မြိုင်တဲ့ဟာ၊ ဒီအိမ်ကြီးကို ပိုင်ခဲ့တဲ့ အမျိုးသမီးရဲ့ နာမည်ကလဲ ပိတောက်မြိုင်ပဲတဲ့။ အဲဒီအမျိုးသမီးက ဘယ်ထွက်သွားမှန်း မသိဘဲ ပျောက်သွားလို့ သူ့ယောကျ်ားခမျာ အဲဒီစိတ်နဲ့ပဲ သေသွားရတာတဲ့၊ ငါတို့မြို့လေးမှာ ပုံပြင်လိုပဲ ပြောနေခဲ့ကြတာ အခု ... အဲခု သီဂီက တိုက်တိုက်ဆိုင်ဆိုင် ... "

နန်းက ရှေ့ဆက်မပြောနိုင်ဘဲ ရပ်တန့်ပစ်လိုက်ဲဆဲ တံခါးပွင့်သွားသည့် အသံကို ကြားလိုက်ရသည်။

တံခါးပွင့်သွားသော်လည်း အလင်းရောင် နည်းပါးနေ

သည့်အတွက် အခန်းထဲကို မမြင်ရဘဲ ဖြစ်နေသည်။ မော်က သတိမေ့နေသည့် သီဂီကို ပွေ့ဖက်ထားရသဖြင့် အခန်းထဲသို့ သွားမကြည့်နိုင်ပါ။ ကျန်လူအားလုံးက ပွင့်သွားသည့် အခန်းထဲသို့ ဝင်သွားကြည့်ကြပြီး ပြန်ထွက်လာချိန်တွင် ရဲနှစ်ယောက်သည် ဖြူဖွေးသည့် အရိုးစုတစ်ခုကို မသယ်ထုတ်လာကြလေသည်။

ထိုအရိုးစုသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သေဆုံးထားသည့် ပိတောက်မြိုင်ဆိုသူ အမျိုးသမီး၏ အရိုးစုပါပဲဟု မော်က သံသယမရှိ ယုံကြည့်ပစ်လိုက်တော့သည်။

ဒါပေမဲ့ သီဂီသည် အတိတ်ဘဝတုန်းက ပိတောက်မြိုင် ဖြစ်ခဲ့ပါသည် ဆိုတာကိုတော့ ယုံဖို့ စိတ်ထဲတွင် လွန်ဆွဲနေမိသည်။

ဘာပဲဖြစ်ဖြစ် သူမတို့ ကြုံတွေ့လိုက်ရသောကိစ္စကြီးသည် အခိုင်အမာ ရှင်းပြရန် ခက်ခဲသော သဘာဝလွန်ကိစ္စကြီးတစ်ခု ဖြစ်နေတာတော့ သေချာလှပါသည်။

*

သိန်းမင်းစာပေ

[ ဆယ့်ရှစ် ]

အိမ်အိုအိပ်ပျက်ကြီးထဲမှ ပြန်လည်ထွက်ခွာလာချိန်တွင် နေရောင်ခြည်က တောက်ပရင့်သန်နေပြီဖြစ်သည်။

ညတုန်းက တွေ့ရသည့် အခိုင်အမာ ကာရံထားသည့် ခြံစည်းရိုးများကိုရော၊ ထည်ဝါခိုင်ခံ့သည့် တံခါးကြီးကိုပါ မတွေ့ရတော့ပါ။ ထို့အတူပင် "ပိတောက်မြိုင်"ဟု ရေးထိုးထားသည့် ကြေးဝါဆိုင်ဘုတ်ကြီးသည်လည်း ရှိမနေပါ။

ထိုနေရာများတွင် အားလုံး ဟာလာဟင်းလင်း ဖြစ်နေတာကို တွေ့ရသည်။

သူမတို့ လေးယောက်သည်လည်း ဖုန်အလိမ်းလိမ်း ချေးအထပ်ထပ်ဖြင့် လူရုပ်ပင် မပေါ်တော့ပါ။

ကြုံတွေ့လိုက်ရသည့် အဖြစ်အပျက်သည် ထိတ်လန့်ချောက်ချားဖွယ်ကောင်းလွန်းလှသော်လည်း လောလောဆယ်တွင် ထိုအခြေအနေမှ လွန်မြောက်လာခဲ့ရပြီမို့ သူမတို့လေးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိသည်။

ပြုံးရာမှ ရယ်မောမိပြန်သည်။

ရယ်မောရင်း အရှိန်ရလာပြီး အတောမသတ်နိုင်အောင် ရယ်မောမိသည်။ အားရပါးရ အော်ဟာစ်ရယ်မောမိကြသည်။

နန်းနှင့် လူကြီးများက စိုးရိမ်တကြီးဖြင့် သူမတို့ကို ကြည့်နေကြသည်။

သူမတို့ လေးယောက်ကတော့ ရယ်မောလို့မဆုံး။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် သူမတို့သည် ကြောက်လန့်စိတ်၊ မယုံနိုင်စိတ်များအား ရယ်မောခြင်းဖြင့် လျော့ပါးသွားအောင် ကုစားနေမိခြင်းပဲ ဖြစ်လေသည်။

သေချာတာကတော့ သူမတို့အားလုံးသည် တစ်ညတာ ကြုံတွေ့လိုက်ရသည့် အဖြစ်အပျက်ကြီးကို ဘယ်တော့မှ